# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလကွယ်နေ့ ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ ကြာသပတေးနေ့ အတွဲ [၅၄]၊ အမှတ် [၂၈၄]


လွတ်လပ်ရေးဆိုတဲ့အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာ ဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာ ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်း ရှိဖို့လိုတယ်။ ငါတို့တိုင်းပြည်ဟာ လွတ်လပ်ရေး ရအောင်လည်းပဲ စည်းကမ်းရှိရှိနဲ့လုပ်ရမယ်။ **(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ခု၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှကောက်နုတ်ချက်)**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်-အာဆီယံ ချစ်ကြည်ရေးဆိုင်ရာ ပါလီမန်အမတ်များအဖွဲ့ ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

## ‘ ၂၀၁၅ ပါတီစုံအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတစွာကျင်းပနိုင်ရေး ဆွေးနွေး ’


သတင်း၊ စာမျက်နှာ-၃


# အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့်တွေ့ဆုံမေးမြန်းခြင်း



ဗိုလ်ချုပ်အောင်ဆန်းရဲ့ အသက်နဲ့ ခန္ဓာကိုယ်ကို ဖျက်ဆီးနိုင်ကောင်းနိုင်လိမ့်မယ်။ သို့သော် သူ့ရဲ့ ဂုဏ်ကျေးဇူးနဲ့ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်ကိုတော့ ဖျက်ဆီးလို့မရနိုင်ပါဘူး။ ဒါတွေဟာ ဗိုလ်ချုပ်အောင်ဆန်းကိုချစ်တဲ့ နိုင်ငံသားတွေရဲ့စိတ်ထဲမှာ အမြဲတမ်းရှင်သန်နေပါတယ်။

# ထာဝရရှင်သန်နေမည့် အမျိုးသားခေါင်းဆောင်

နေပြည်တော် ဇူလိုင် ၁၅

**“ဗိုလ်ချုပ်အောင်ဆန်းရဲ့ အသက်နဲ့ခန္ဓာကိုယ်ကို ဖျက်ဆီးနိုင်ကောင်းနိုင်လိမ့်မယ်။ သို့သော် သူ့ရဲ့ ဂုဏ်ကျေးဇူးနဲ့ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်ကိုတော့ ဖျက်ဆီးလို့မရနိုင်ပါဘူး။ ဒါတွေဟာ ဗိုလ်ချုပ်အောင်ဆန်းကိုချစ်တဲ့ နိုင်ငံသားတွေရဲ့စိတ်ထဲမှာ အမြဲတမ်းရှင်သန်နေပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်ရဲ့ စိတ်ဓာတ်နဲ့ ကျေးဇူးကို သိတဲ့ပြည်သူတွေရဲ့စိတ်ထဲမှာ ဗိုလ်ချုပ်အောင်ဆန်း ဘယ်တော့မှ မသေပါဘူး” ဟု ဗိုလ်ချုပ်အောင်ဆန်း ရာပြည့်ပွဲကျင်းပသည့်အချိန်တွင် သီတဂူဆရာတော်က တက်ရောက်လာသည့် ပရိသတ်များအား မိန့်ကြားသည်။**

စစ်မှန်သော စေတနာကို အရင်းပြုသည့် နိုင်ငံရေးသမားများသည် စွန့်လွှတ်အနစ်နာခံရန် အမြဲအဆင်သင့်ရှိနေသကဲ့သို့ မိမိအကျိုးစီးပွားနှင့် အသက်ကိုမငဲ့ကွက်ဘဲ နိုင်ငံနှင့်လူမျိုး ကောင်းစားရေးအတွက်



သန့်စင်သောစေတနာဖြင့် ပေးဆပ်ခဲ့သူများသည် အာဇာနည်များဖြစ်ကြောင်း သီတဂူဆရာတော်က ဆက်လက်မိန့်ကြားသည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီခွဲ၌ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် နိုင်ငံခေါင်းဆောင်ကြီးများကို ရန်ကုန်မြို့ အတွင်းဝန်ရုံး (ယခုဝန်ကြီးများရုံး) တွင် အကြမ်းဖက်သူများက ဝင်ရောက်လုပ်ကြံမှုကို ခံခဲ့ရပြီး ထိုနေ့ကို ပြည်သူများ၏ စိတ်နှလုံး ကြေကွဲဖွယ် အာဇာနည်နေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ် အာဇာနည်နေ့ အခမ်းအနားများကို တစ်တိုင်းပြည်လုံး

■ **သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-ဘိုဘို**

တွင် ကျင်းပကာ အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ ဂုဏ်ကျေးဇူးကို ပြန်လည်ဖော်ထုတ်ခဲ့ကြခြင်းဖြစ်ရာ ယခုနှစ်သည် (၆၈)နှစ် တိုင်ခဲ့ပြီဖြစ်သည်။

ထိုနေ့က မိုးများတဖွဲဖွဲရွာသွန်းသဖြင့် ကယ်တင်ခြင်းတပ်မှ ယာဉ်မောင်းဖြစ်သူ ဦးအုန်းဖေမှာ တပ်အရာရှိတစ်ဦးအား အတွင်းဝန်ရုံးသို့ပို့ဆောင်ပြီး အတွင်းဝန်ရုံးအောက်ထပ်ရှိ ယာဉ်မောင်းများ ခေတ္တနားခိုရာနေရာတွင် ရောက်ရှိနေစဉ် သေနတ်သံများကို ကြားမိခဲ့ရကြောင်း ဦးအုန်းဖေက သူ့အဖြစ်အပျက်ကို ပြန်ပြောင်းပြောပြသည်။

“သေနတ်သံတွေကို အပေါ်ထပ်မှာကြားရတယ်။ အားလုံးမှင်တက်နေချိန်မှာပဲ သေနတ်သမားတွေ ဆင်းသွားကြတယ်လို့ ပြောပါတယ်။ ကျွန်တော်ကတော့ မမြင်လိုက်ပါဘူး။ ကျွန်တော်အာရုံထဲမှာ မှတ်မိနေတာက ဗိုလ်ချုပ်တို့ရဲ့ သွေးခြင်းခြင်းရဲနေတဲ့ ရုပ်အလောင်းတွေနဲ့ ဗိုလ်ချုပ်တို့ကို ဆေးရုံကားတွေပေါ်တင်ပြီး ခေါ်သွားတဲ့မြင်ကွင်းကို တစ်သက်မမေ့တော့ပါဘူး” ဟု ဦးအုန်းဖေက ပြောကြားသည်။

ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အာဇာနည် ခေါင်းဆောင်ကြီးများကို လုပ်ကြံခဲ့သည့်အချိန်သည် မြန်မာ့နိုင်ငံရေးအခြေအနေမှာ လွတ်လပ်ရေးရရှိရန်အတွက် တိုက်ပွဲဝင်နေချိန်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ်ခေါင်းဆောင်များမှာ တိုင်းပြည်


*စာမျက်နှာ ၆ ကော်လံ ၁* ❐





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဘုန်းတော်ကြီးသင်ပညာရေး တိုးတက်လာမည်

ဘုန်းတော်ကြီးသင်ပညာရေးသည် ရှေးကတည်းက ရှိခဲ့ပါသည်။ အစိုးရကျောင်းများ အများအပြား မဖွင့်လှစ်နိုင်မီက ဘုန်းတော်ကြီး ကျောင်းများကိုသာ ပညာသင်ကြားရန် အားထားခဲ့ရပါသည်။ ယနေ့ခေတ်တွင် အစိုးရကျောင်းများ ကျေးရွာတိုင်းနီးပါး ဖွင့်လှစ်လာနိုင်သည်နှင့်အမျှ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ ပညာသင်ကြားမှု နည်းပါးလာခဲ့ရပါသည်။ သို့သော်လည်း ဘုန်းတော်ကြီးသင်ပညာရေးသည် ဆက်လက်ရှင်သန်နေဆဲဖြစ်ပါသည်။

အများအားဖြင့် ကျေးလက်ဒေသများ၌ ဘုန်းတော်ကြီးသင်ပညာရေးမှာ ဆက်လက်ဖွံ့ဖြိုးနေဆဲဖြစ်ပါသည်။ ဘုန်းတော်ကြီးသင်ပညာရေးကို အများအားဖြင့်ကျေးလက်နေ တောင်သူလယ်သမားမိသားစုများမှ မွေးဖွားလာသော သားသမီးများ တက်ရောက်ပညာသင်ကြားလျက်ရှိပါသည်။ ယခုအခါ တောင်တန်းဒေသများတွင်လည်း ဘုန်းတော်ကြီးသင်ပညာရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့်လည်း လက်ရှိ နိုင်ငံတော်အစိုးရလက်ထက်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ပညာသင်ကြားပေးနေသော ဆရာ ဆရာမများကိုလည်း ထိုက်သင့်သော ထောက်ပံ့ပေးမှုများ ပြုလုပ်လာနိုင်ပြီဖြစ်ပါသည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် သင်ကြားပြသပေးနေသော ဆရာ ဆရာမများအတွက် သာသနာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေမှ မူလတန်းအဆင့်သင် ဆရာ ဆရာမတစ်ဦးလျှင် ငွေကျပ် ၃၆၀၀၀၊ အလယ်တန်းအဆင့်သင် ဆရာ ဆရာမတစ်ဦးလျှင် ငွေကျပ် ၄၁၀၀၀၊ အထက်တန်း အဆင့်သင် ဆရာ ဆရာမတစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ လစဉ်ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဆရာ ဆရာမ ၆၈၂၀ အတွက် ငွေကျပ် ၃ ဘီလီယံနှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ဆရာ ဆရာမ ၇၄၅၇ ဦးအတွက် ငွေကျပ် ၃ ဒသမ ၃၂၆ ဘီလီယံ ထောက်ပံ့ပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဆရာ ဆရာမ ၇၅၈၄ ဦးအတွက် ငွေကျပ် ၃ ဒသမ ၄၇၅ ဘီလီယံ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရပါသည်။

ဤအချက်ကိုထောက်ရှုခြင်းအားဖြင့် ဘုန်းတော်ကြီးသင်ပညာရေးမှာ ဆက်လက်ဖွံ့ဖြိုးနေဆဲဖြစ်ကြောင်းကို တွေ့ရမည်ဖြစ်ပါသည်။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် ဘာသာရေးအသိပညာကြွယ်ဝမှုနှင့် ဆက်စပ်လျက်ရှိပါသည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ အတန်းပညာရေးကို သင်ကြားပေးနေသည့်အပြင် ပရိတ်ကြီး ၁၁ သုတ်၊ ဘုရားရှိခိုးအမျိုးမျိုး၊ လောကနီတိ အစရှိသဖြင့် ဘာသာရေးအသိစာပေများကို သင်ကြားပေးနေခြင်းကြောင့် ကျောင်းသား ကျောင်းသူများအတွက် များစွာအကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဆက်လက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အပိုင်းက တတ်စွမ်းသရွေ့ ထောက်ပံ့ပေးနေသကဲ့သို့ ပြည်သူများကလည်း တတ်စွမ်းသရွေ့ ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်သင့်ပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

**သင့်မဲဖြင့် အနာဂတ်အား ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့။**

# ရန်ကုန်မြို့တော်ရေပေးဝေမှုစီမံကိန်းဆောင်ရွက်ရန် ထပ်ဆင့်ချေးငွေစာချုပ် လက်မှတ်ထိုး

**နေပြည်တော် ဇူလိုင် ၁၅**



နိုင်ငံတော်၏ ဒေသဖွံ့ဖြိုးရေး စီမံကိန်းများတွင် ပါဝင်သောရန်ကုန်မြို့တော်ရေပေးဝေမှုဖွံ့ဖြိုးရေး စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီတို့အကြား ထပ်ဆင့် ချေးငွေစာချုပ် ( On Lending Agreement) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန၌ ဇူလိုင် ဒုတိယပတ်က ကျင်းပသည်။

အဆိုပါချေးငွေအား ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ထံမှ ရယူခြင်းဖြစ်ပြီး JICA နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနတို့အကြား ချေးငွေစာချုပ်အား ၂၀၁၄ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ချေးငွေအတွက် အတိုးနှုန်း တစ်နှစ်လျှင် ၀ ဒသမ ၀၁ ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ ၁၀ နှစ်နှင့် ပြန်ဆပ်ကာလ နှစ် ၃၀ စုစုပေါင်းချေးငွေသက်တမ်းနှစ်(၄၀) ဖြစ်သည်။ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသို့ တစ်ဆင့်ပြန်လည်ထုတ်ချေးခြင်းဖြစ်သည်။ အဆိုပါစာချုပ်အားဘဏ္ဍာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ အတွင်းရေးမှူး ဦးကျော်စိုးတို့က လက်မှတ်ရေးထိုးကြသည်။

အခမ်းအနားသို့ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ချေးငွေရယူသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

# စလင်းမြို့နယ်၌ ကျေးလက်လူငယ် ကွန်ပျူတာ သင်တန်းဖွင့်

**စလင်း ဇူလိုင် ၁၅**

ကျေးလက်ဒေသနေလူငယ်များ နည်းပညာအသုံးပြုမှု အသိပညာ၊ အတတ်ပညာများတိုးပွားစေရေး ရည်ရွယ်ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူး၍ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တညောင်ကျေးရွာတွင် ကွန်ပျူတာ၊ အင်တာနက်အသုံးပြုမှု သင်တန်းဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၅ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး သင်တန်းမှာ တစ်လကြာမည်ဖြစ်ကာ ကျေးရွာတွင်းမှ လူငယ်သင်တန်းသား ၄၀ တက်ရောက်ကြကြောင်း သိရသည်။

စစ်ကြည်(စလင်း)




# ရွေးကောက်ပွဲကိစ္စရပ်များ ရှင်းလင်းဆွေးနွေး

**ကန်ပက်လက် ဇူလိုင် ၁၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့်ကန်ပက်လက်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၏တွေ့ဆုံပွဲကို ဇူလိုင် ၁၃ ရက်က ကန်ပက်လက်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ပထမဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဟာကီးက အမှာစကားပြောကြားပြီး ချင်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ ဦးလင်းကျော်နှင့် မင်းတပ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဆွေတို့က ရွေးကောက်ပွဲအတွက် ဆောင်ရွက်ရမည့်နည်းစနစ်များကို ဆွေးနွေးကြသည်။ ဆက်လက်၍တက်ရောက်လာသူများက သိရှိလိုသည့်အချက်များကိုဆွေးနွေးမေးမြန်းကြရာသက်ဆိုင်ရာက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၅-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၉၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၁၀-၇၂၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၀ |
| ဥရောပ | တစ်ယူရို | ၁၃၃၀.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၈.၇၆ |
| ထိုင်း | တစ်ဘတ် | ၃၅.၅၂၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၁၀၀ |
| တရုတ် | တစ်ယွမ် | ၁၉၄.၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈.၀၄ |

ခင်ရတနာ-စုစည်းသည်။

# ၂၀၁၅ ပါတီစုံအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတစွာကျင်းပနိုင်ရေး ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျာမန်-အာဆီယံ ချစ်ကြည်ရေးဆိုင်ရာ ပါလီမန်အမတ်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသောမတ်စ်ဂမ်ကေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရချင်း၊ လွှတ်တော်ချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ဂျာမနီနိုင်ငံမှ ဆက်လက်ကူညီပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံတွင် ဂျာမန်စီးပွားရေးလုပ်ငန်းများမှ ပိုမိုရင်းနှီးမြှုပ်နှံရေး၊ ၂၀၁၅ ပါတီစုံအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပနိုင်ရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးခင်ရီ၊ ဒေါက်တာကိုကိုဦး၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျာမန်-အာဆီယံ ချစ်ကြည်ရေးဆိုင်ရာ ပါလီမန်အမတ်များအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုဂျာမနီနိုင်ငံ သံအမတ်ကြီး မစ္စတာ ခရစ်စတီယန်းလူးဗစ်ခ်ဝယ်ဘာလော့ချ်လည်း တက်ရောက်သည်။

ဂျာမန်-အာဆီယံ ချစ်ကြည်ရေးဆိုင်ရာ ပါလီမန်အမတ်များအဖွဲ့ ဥက္ကဋ္ဌသည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအတွင်းက မြန်မာနိုင်ငံသို့ရောက်ရှိစဉ် နိုင်ငံတော်သမ္မတနှင့်တွေ့ဆုံခဲ့ပြီး ယခုတွေ့ဆုံခြင်းသည် ဒုတိယအကြိမ်ဖြစ်သည်။

မြန်မာ-ဂျာမနီ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၅၄ ခုနှစ်မှ စတင်ခဲ့ပြီး ယခုဆိုလျှင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ၆၁ နှစ်သို့ ရောက်ရှိလာပြီဖြစ်သည်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီအတွင်းက ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်းဂေါက်ခ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အနေဖြင့်လည်း မြန်မာ-ဂျာမနီသံတမန်ဆက်ဆံရေး နှစ် ၆၀ ပြည့်ကာလဖြစ်သည့် ၂၀၁၄ ခုနှစ် စက်တင်ဘာလက ဂျာမနီနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ဂျာမန်သမ္မတ မစ္စတာ ဂျိုဝါချင်းဂေါက်ခ်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ဂျာမန်ဂိုသေး အင်စတီကျူ့နှင့် မြန်မာ-ဂျာမနီ စီးပွားရေးဖိုရမ်တို့ကို ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဂျာမနီနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ဂျာမနီသမ္မတ၊ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဒွိုက်ဘဏ်၊ အိုအေဗီ၊ ကိုဘာဖောင်ဒေးရှင်း၊ ဟမ်ဆိုက်ဒယ် ဖောင်ဒေးရှင်း၊ ဂျာမနီစီးပွားရေးလုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံခဲ့သည်။

**(သတင်းစဉ်)**

# တတိယအကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (CLMV)နှင့် ဒုတိယအကြိမ်မြောက် အက်မက်(စ်) (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် ခရီးသွားလုပ်ငန်းအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁၅**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် တတိယအကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (CLMV)နှင့် ဒုတိယအကြိမ်မြောက် အက်မက်(စ်) (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးနှင့် ခရီးသွားလုပ်ငန်းအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို ဇူလိုင် ၂၈ နှင့် ၂၉ ရက်တို့တွင် နေပြည်တော်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

အစည်းအဝေးများကို CLMV နှင့် ACMECS အဖွဲ့ဝင်နိုင်ငံများကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုတိုးမြှင့် ဆောင်ရွက်နိုင်ရန်၊ CLMV နှင့် ACMECS ခရီးစဉ်ဒေသအား စိတ်ဝင်စားဖွယ်ကောင်းသော ခရီးစဉ်တစ်ခုအဖြစ် မြှင့်တင်ရန်၊ ဒေသတွင်းခရီးသွားလုပ်ငန်းမြှင့်တင်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်းဆိုင်ရာ အခက်အခဲများ ပူးပေါင်းဖြေရှင်းသွားရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

တတိယအကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (3rd CLMV)နှင့် ဒုတိယအကြိမ်မြောက် အက်မက်(စ်) (2nd ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။

**(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

ကွာဟချက်များစွာရှိလာပြီး တစ်ခုထက်ပိုသော နိုင်ငံခြားငွေလဲလှယ်နှုန်း (Multiple exchange rates) များ ဖြစ်ပေါ်လာခြင်း၊ ယင်းကွာဟချက်ကြောင့် ဘဏ်များကတစ်ဆင့်ဆောင်ရွက်သည့် နိုင်ငံခြားငွေ အရောင်းအဝယ်နည်းပါးသွားပြီး တရားမဝင်စျေးကွက်သို့ရောက်ရှိကာ တရားမဝင်စျေးကွက်ပိုမိုကြီးထွားလာခြင်း၊ ပြင်ပစျေးကွက်တွင် ဖြစ်ပေါ်နေသည့်နှုန်းထက် များစွာနိမ့်ကျပြီး ပြင်ပစျေးကွက်တွင် အရောင်းအဝယ်မဖြစ်သည့်နှုန်းကို ဗဟိုဘဏ်က ကာလကြာရှည် သတ်မှတ်ထားပါက ယင်းသတ်မှတ်နှုန်းအပေါ် အယုံအကြည် ပိုမိုကင်းမဲ့လာနိုင်ခြင်း စသည့်အခြေအနေများကို ကာကွယ်ရန် ပြင်ပစျေးကွက်နှုန်းထားနှင့် လိုက်လျောညီထွေဖြစ်အောင် ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းကို ပြင်ဆင်သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ကလည်း ပြင်ပစျေးကွက်နှင့် လိုက်လျောညီထွေရှိသည့် ရည်ညွှန်းငွေလဲလှယ်နှုန်းကို ဗဟိုဘဏ်က ပြင်ဆင်သတ်မှတ်ခြင်းသည် မှန်ကန်သည့်လုပ်ရပ်ဖြစ်ကြောင်း ထောက်ခံကြိုဆိုခဲ့သည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ရည်ညွှန်းငွေလဲလှယ်နှုန်းကို ပြင်ပစျေးကွက်နှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ခြင်း တစ်ခုတည်းမဟုတ်ဘဲ တင်းကျပ်သော ငွေကြေးမူဝါဒကို ကျင့်သုံး၍ ချေးငွေအလွန်အကျွံမြင့်တက်မှုနှုန်းကို ထိန်းချုပ်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ကြေညာထားရှိသည်။

ဗဟိုဘဏ်၏ ဆောင်ရွက်ချက်များသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဝန်ကြီးဌာနများဖြစ်သည့် သမ္မတရုံးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ ပါဝင်သည့်အဖွဲ့၏ အကြံဉာဏ်များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းလည်း ဖြစ်သည်။

ထိုသို့ ဆောင်ရွက်မှုကို ပြည်တွင်းပုဂ္ဂလိက စီးပွားရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာစီးပွားရေးအသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပဘဏ်များနှင့်ဆွေးနွေးတိုင်ပင်၍ အကြံဉာဏ်ရယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မစ္စတာဘီရာ မိုဟာမက်အား အယ်လ်ဂျီးရီးယားသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဇူလိုင် ၁၆**

အယ်လ်ဂျီးရီးယားသံအမတ်ကြီး မစ္စတာ ဘီရာမိုဟာမက်အား ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင်အခြေစိုက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အယ်လ်ဂျီးရီးယားနိုင်ငံ၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ သဘောတူပြီးဖြစ်ပါသည်။

မစ္စတာ ဘီရာမိုဟာမက်ကို ၁၆-၁၀-၁၉၅၆ ရက်နေ့တွင် မွေးဖွားပါသည်။ ၁၉၈၀ ပြည့်နှစ်တွင် ဥပဒေဘွဲ့ကိုလည်းကောင်း၊ ၁၉၈၂ ခုနှစ်တွင် ဘွဲ့လွန်ဥပဒေဘွဲ့ကို လည်းကောင်း ရရှိခဲ့ပါသည်။ ၁၉၈၂ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာပါရဂူဘွဲ့အတွက် ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၇ ခုနှစ်တွင် နိုင်ငံခြားရေး ဝန်ကြီးဌာန တတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် ဘရပ်တန်ဝုဒ်အဖွဲ့အစည်းများတာဝန်ခံ ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၀ ပြည့်နှစ်တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ အယ်လ်ဂျီးရီးယားအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် ပဉ္စမကော်မတီ၌ ယာယီတာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ဘရပ်ဆဲလ်မြို့ရှိ အယ်လ်ဂျီးရီးယားသံရုံးတွင် သံမှူးအဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် ဂျီနီဗာမြို့ရှိ အယ်လ်ဂျီးရီးယားအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး သံမှူးကြီးအဖြစ်လည်းကောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ပဲရစ်မြို့ရှိ အယ်လ်ဂျီးရီးယားသံရုံးတွင် သံမှူးကြီးအဖြစ်လည်းကောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ဥဇဘက်ကစ္စတန်၊ တာဂျစ်ကစ္စတန်နှင့် ကာဂီဇီယာ(ကာဂျီစတန်)နိုင်ငံများဆိုင်ရာ သံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်မှ ယနေ့အထိ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှဒေသတာဝန်ခံ သံမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး သုံးဦးရှိပါသည်။

အယ်လ်ဂျီးရီးယားသံအမတ်ကြီးမစ္စတာ ဘီရာမိုဟာမက်သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် အခြေစိုက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အယ်လ်ဂျီးရီးယားသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

# နီပေါပြန်လည်တည်ဆောက်ရေးတွင် အလုပ်သမား ၅၀၀၀၀ ခန့်ကို လေ့ကျင့်ပေး

**ခတ္တမန္ဒူ ဇူလိုင် ၁၅**

ငလျင်ဒဏ်ခံစားခဲ့ရသော နီပေါနိုင်ငံတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရန် အလုပ်သမား ၅၀၀၀၀ ကို လေ့ကျင့်ပေးမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့သည်။ နိုင်ငံ၏သမိုင်းတွင် အကောင်းဆုံးသော ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကြောင့် ရှစ်နှစ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန်လည်း မျှော်လင့်ထားကြောင်း ၄င်းကပြောသည်။

လူပေါင်း ၉၀၀၀ နီးပါး အသက်ဆုံးရှုံးခဲ့ရသော နိုင်ငံ၏အဆိုးရွားဆုံးသော သဘာဝဘေးအန္တရာယ်ဖြစ်သည့် မေလနှင့်ဧပြီလတွင် လှုပ်ခတ်ခဲ့သော ငလျင်နှစ်ခုကြောင့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်တည်ဆောက်ရန် ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံလိုအပ်သည်ဟု နီပေါနိုင်ငံက ပြောခဲ့သည်။ ဘဏ္ဍာရေးဝန်ကြီးကအစိုးရသည် အလုပ်သမားထောင်ပေါင်းများစွာကို လက်သမား၊ ရေပိုက်ပြင်သမား၊ လျှပ်စစ်ကျွမ်းကျင်သူ၊ ပန်းရန်ဆရာအစရှိသဖြင့် လေ့ကျင့်ပေးမည်ဖြစ်သည်။

ဤကဲ့သို့ပြုလုပ်ခြင်းဖြင့် နီပေါနိုင်ငံ၏ အလုပ်သမားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ နီပေါနိုင်ငံတွင် လူငယ်သန်းပေါင်းများစွာတို့မှာ အရှေ့အလယ်ပိုင်းနှင့် အခြားသော အာရှနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်သည့်အတွက် နိုင်ငံအတွင်း အလုပ်သမားရှားပါးမှုနှင့် ရင်ဆိုင်နေရသည်။

ယခုဘဏ္ဍာနှစ်အတွင်း နိုင်ငံ၏စီးပွားရေးမှာ သုံးရာခိုင်နှုန်းဖွံ့ဖြိုးတိုးတက်လာပြီး ယင်းမှာ ၂၀၀၇ ခုနှစ်ကတည်းက အနိမ့်ဆုံးတိုးတက်မှုနှုန်းဖြစ်သည်ဟု ဘဏ္ဍာရေးဝန်ကြီးက ပြောသည်။ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများသည် နိုင်ငံ၏စီးပွားရေးကို လာမည့်နှစ်တွင် ခြောက်ရာခိုင်နှုန်းထိ တိုးမြှင့်လာအောင် ဆောင်ရွက်ပေးနိုင်မည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာနမှ အရာရှိများက ပြောသည်။



အစိုးရသည် ယခုနှစ်အတွင်း ငလျင်ကြောင့် ပျက်စီးသွားသော လူနေအိမ်များ၊ အထိမ်းအမှတ်အဆောက်အအုံများ၊ လူထုနှင့်ဆိုင်သော အဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးအတွက် ဒေါ်လာသန်း ၉၀၀ အသုံးပြုမည် ဖြစ်သည်။

လူဦးရေ ၂ ဒသမ ၈ သန်းမှာ အဝတ်အထည်၊ အစားအသောက်နှင့် ကျန်းမာရေးစောင့်ရှောက်မှု အပါအဝင် လူသားချင်းစာနာထောက်ထားမှုများ လိုအပ်လျက်ရှိသည်ဟု ကုလသမဂ္ဂက ပြောခဲ့သည်။ **(ရိုက်တာ)**

# လုံခြုံရေးဆိုင်ရာဥပဒေကြမ်းကိုထောက်ခံရန် ဂျပန်ဝန်ကြီးချုပ်ကြိုးစား



**တိုကျို ဇူလိုင် ၁၅**

ဒုတိယကမ္ဘာ စစ်ကတည်းကစ၍ စစ်သားများကို ပထမဆုံးပြည်ပနိုင်ငံများတွင် တိုက်ခိုက်ရန် ဂျပန်ကာကွယ်ရေးမူဝါဒ၏ အကြီးမားဆုံးပြောင်းလဲမှုဥပဒေပြုခြင်းကို အောက်လွှတ်တော်တရားစီရင်ရေးအဖွဲ့များက ဇူလိုင် ၁၅ ရက်က အတိုက်အခံများရှိသည့်ကြားတွင် သဘောတူခဲ့သည်။

လုံခြုံရေးဆိုင်ရာ ရှုထောင့်က ကြည့်လျှင် ဂျပန်နိုင်ငံ၏အဓိက မဟာမိတ်ဖြစ်သော အမေရိကန်ကို ကြိုဆိုကြောင်း၊ ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ကျော်လွှားရမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောခဲ့သည်။

ပြောင်းလဲမှု ဥပဒေပြုခြင်းသည် စစ်ဆန့်ကျင်ရေး အဖွဲ့အစည်းများကို ကျူးလွန်ချိုးဖောက်ကာ ကမ္ဘာ့ဇာတ်ခုံတွင် အမေရိကန်ဦးဆောင်သော ပဋိပက္ခအရှုပ်တော်ပုံများတွင် ဂျပန်နိုင်ငံကို ဆွဲထည့်သလို ဖြစ်နေကြောင်း အတိုက်အခံအုပ်စုများက ပြောကြသည်။

အာဏာရ ဥပဒေပြုရေးအဖွဲ့များက ကြမ်းတမ်းသော စကားစစ်ထိုးပွဲပြီးနောက် ယင်းဥပဒေကို အတည်ပြုခဲ့သည်။

အောက်လွှတ်တော်က ယင်းဥပဒေကြမ်းကို ယခုသီတင်းပတ်တွင် အတည်ပြုမည်ဟု ခန့်မှန်းထားသည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလက ၄င်းတာဝန်ယူသည့် အချိန်ကတည်းကစပြီး ယခုအခါတွင် အကြီးမားဆုံးစိန်ခေါ်မှုကြီးနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်သည်။

အာဘေး၏ ယခုနိုင်ငံရေးမူဝါဒဆိုင်ရာ ကိစ္စရပ်များကြောင့် ၄င်းကို သဘောမကျသည့်နှုန်းမှာ မြင့်တက်နေကြောင်း 'အဆာဟိ' သတင်းစာ၌ ဇူလိုင် ၁၃ ရက်က ဖော်ပြခဲ့သည်။ ၅၆ ရာခိုင်နှုန်းသည် ယခုဝန်ကြီးချုပ်၏ ဥပဒေကြမ်းကို ကန့်ကွက်ကြသည်။

နိုင်ငံရေးအငြိမ်းစားများက ရှင်ဇိုအာဘေးကို ၄င်း၏အဘိုးနှင့်တူကြောင်း၊ ၄င်း၏အဘိုးသည် ရည်ရွယ်ချက်ကို ပေါက်ရောက်အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း အစိုးရအဖွဲ့မှ နုတ်ထွက်ပေးခဲ့ရကြောင်း ပြောခဲ့သည်။

**(ရိုက်တာ)**

# အကြမ်းဖက်ဗီဒီယိုကြည့်ရှုသူ ခရီးသွားအုပ်စုကို တရုတ်ဖမ်းဆီး

**ပေကျင်း ဇူလိုင် ၁၅**

ဗြိတိသျှများ၊ တောင်အာဖရိကများနှင့် အိန္ဒိယတစ်ဦးပါဝင်သော နိုင်ငံခြားသားခရီးသွား ၂၀ ပါ အဖွဲ့တစ်ဖွဲ့ကို တရုတ်နိုင်ငံမြောက်ပိုင်းတွင် ဖမ်းဆီးလိုက်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဌာနနှင့် တောင်အာဖရိက ပရဟိတလုပ်ငန်းတစ်ခုမှ သိရသည်။ ဖမ်းဆီးခံရခြင်းအကြောင်းအရင်းမှာ အကြမ်းဖက်အုပ်စုအဖြစ် သံသယရှိခြင်းကြောင့်ဖြစ်သည်။

တရုတ်ဘက်မှ ခရီးသွား ၁၁ ဦးကို လွှတ်ပေးမည်ဖြစ်ပြီး ကျန်ရှိနေသူများကို ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်ကြောင်း အဆိုပါ ပရဟိတဖောင်ဒေးရှင်းမှ သိရသည်။ ဖမ်းဆီးခံရသူအချို့မှာ ဟိုတယ်ခန်းအတွင်း၌ တားမြစ်အုပ်စု၏ ဝါဒဖြန့်ဗီဒီယိုများ ကြည့်ရှုခြင်းကြောင့်ဖြစ်ကြောင်း တရုတ်အာဏာပိုင်များက ဆိုသည်။

ယင်းအဖွဲ့ကို တောင်အာဖရိက ငါးဦး၊ ဗြိတိန်လူမျိုးသုံးဦးနှင့် အိန္ဒိယတစ်ဦးပါ ကိုးဦးဖြင့်ဖွဲ့စည်းထားကြောင်း သိရသည်။ အဆိုပါအဖွဲ့ကို ကူညီဖြေရှင်းပေးရန် ကောင်စီဝန်ထမ်းများရောက်ရှိပြီး တရုတ်အာဏာပိုင်များနှင့် ဆက်သွယ်ပြောဆိုလျက်ရှိကြောင်း ဗြိတိန်နိုင်ငံခြားရေးဌာန ပြောခွင့်ရသူတစ်ဦးက ရိုက်တာသို့ ပြောသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် တောင်အာဖရိက သံအမတ်တို့ကမူ တောင်းဆိုမှုအတွက် မှတ်ချက်တစ်စုံတစ်ရာပေးခြင်းမရှိပေ။ အိန္ဒိယသံအမတ်တစ်ဦးကလည်း ယင်းကိစ္စအပေါ် တစ်စုံတစ်ရာပြောဆိုခြင်းမရှိပေ။

အဆိုပါအဖွဲ့သည် နိုင်ငံတွင်း ၄၇ ရက်တာ လည်ပတ်ခဲ့ကြပြီး မွန်ဂိုလီးယားမြို့တော် လေဆိပ်၌ ထိန်းသိမ်းခံရခြင်းဖြစ်သည်။

**(ရိုက်တာ)**

# အမေရိကန်မြို့ကြီးများတွင် အကြမ်းဖက်မှုကျပြီး လူသတ်မှုမြင့်လာ

**ဝါရှင်တန် ဇူလိုင် ၁၅**

အကြမ်းဖက်ရာဇဝတ်မှုများ ကျဆင်းပြီးနောက် အမေရိကန်နိုင်ငံရှိ မြို့ကြီးများတွင် ယခုနှစ်အစောပိုင်းကတည်းက လူသတ်မှုကျူးလွန်ခြင်းများနှင့် ရင်ဆိုင်နေရကြောင်း နိုင်ငံတစ်ဝန်းရှိ မြို့တော်ရဲဌာနများ၏ အချက်အလက်မှတ်တမ်းများတွင် ဖော်ပြထားသည်။

မီဝေါ့ကီနှင့် ဝှစ်ကွန်ဆင်မြို့များတွင် လူသတ်မှုကျူးလွန်သည့်ရာခိုင်နှုန်းမှာ ၁၀၅ ရာခိုင်နှုန်းရှိပြီး စိန့်လူးဝစ်နှင့်မစ်ဆောရီမြို့များတွင်မူ ဇူလိုင်လအစောပိုင်းတွင် ၆၀ ရာခိုင်နှုန်းထိရှိကြောင်း အချက်အလက်များက ဖော်ပြလျက်ရှိသည်။

မစ်ဆောရီမြို့တွင် အာဖရိကန်-အမေရိကန်လူငယ်တစ်ဦး လွန်ခဲ့သော နွေရာသီက ပစ်သတ်ခံရပြီးနောက် နိုင်ငံတစ်ဝန်းတွင် ရဲတပ်ဖွဲ့၏ ကြမ်းတမ်းရက်စက်စွာ ကိုင်တွယ်ဖြေရှင်းမှုကို ဆန့်ကျင်မှုများ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်လာခဲ့သည်။

အမေရိကန်ပြည်ထောင်စုတစ်ဝန်းရှိ အခြားသော မြို့ကြီးများတွင် ပထမနှစ်ဝက်အတွင်း သေနတ်ပစ်ခတ်မှုနှင့် ဆိုးရွားသောရာဇဝတ်မှုကျူးလွန်မှုအရေအတွက်မှာ မြင့်တက်လာခဲ့သည်။ တက္ကဆက်နှင့် ဒါးလတ်စ်တို့တွင် လူသတ်မှုဖြစ်ပွားနှုန်းမှာ ဇွန် ၃၀ ထိ ၂၈ ရာခိုင်နှုန်းဖြစ်ပွားခဲ့သည်။ နယူးအော်လင်းနှင့် လူဝီစီယားနားတို့တွင် ၃၆ ရာခိုင်နှုန်း၊ နယူးယောက်တွင် ၁၁ ရာခိုင်နှုန်း၊ ဝါရှင်တန်ဒီစီတွင် ၁၈ ရာခိုင်နှုန်း အသီးသီးဖြစ်ပွားခဲ့သည်။

လူတစ်ဦးတစ်ယောက်ချင်းတွင် သေနတ်ပိုင်ဆိုင်မှုမြင့်တက်ခြင်းသည်လည်း လူသတ်မှုကျူးလွန်မှုမြင့်တက်လာခြင်းတွင် အဓိကကျကြောင်း ယူဆကြသည်။ သေနတ်ဖြင့် လူသတ်မှုကျူးလွန်ခြင်းသည် နိုင်ငံအတွင်း အများဆုံးဖြစ်ပွားလေ့ရှိသည်။ **(ဆင်ဟွာ)**

# အိုဘားမားနှင့်ဆော်ဒီဘုရင် ယီမင်တိုက်ပွဲများအကြောင်းဆွေးနွေး

**ဝါရှင်တန် ဇူလိုင် ၁၅**

အမေရိကန်သမ္မတ အိုဘားမားနှင့် ဆော်ဒီဘုရင် ဆယ်လ်မန်တို့သည် ယီမင်တိုက်ပွဲများကို အဆုံးသတ်ရန် အရေးတကြီး လိုအပ်နေပြီဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ယမန်နေ့က အီရန်နျူကလီးယားအရေး ဆွေးနွေးပြီးနောက် ခေါင်းဆောင်နှစ်ဦးသည် ပဋိပက္ခဖြစ်ပွားရာနေရာရှိ ယီမင်များအတွက် အကူအညီများရရှိရန် အရေးကြီးကြောင်း၊ တိုက်ခိုက်မှုများ ပြီးဆုံးသွားရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်ဟု အိမ်ဖြူတော်ဘက်မှ ပြောသည်။

နယ်စပ်တစ်လျှောက် ဆော်ဒီဦးဆောင်ပြီး လေကြောင်းတိုက်ခိုက်မှုများပြုလုပ်သည့် ပဋိပက္ခများကို အဆုံးသတ်ရန် ထပ်ကာထပ်ကာဖိအားပေးပြောဆိုခဲ့သည်။ ပဋိပက္ခကို အပြီးသတ်စေမည့်ဆွေးနွေးပွဲများ ပြုလုပ်ရန်ကိုလည်း တိုက်တွန်းခဲ့သည်။

ဆွန်နီအင်အားကြီး ဆော်ဒီအာရေဗျအနေဖြင့် တောင်ဘက်ပိုင်းအိမ်နီးချင်းနိုင်ငံများအတွင်း အီရန်လွှမ်းမိုးလာမည်ကို စိုးရိမ်လျက်ရှိသည်။ ရီးယာ့ဒ်ဘက်က မတ်လမှစတင်၍ သူပုန်များကို ဆန့်ကျင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ **(ပီတီအိုင်)**

## အမျိုးသမီးပါတီ(မွန်)အား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၃၅/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

**အမျိုးသမီးပါတီ(မွန်)အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၇) တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **အမျိုးသမီးပါတီ (မွန်)**အား ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**အမျိုးသမီးပါတီ(မွန်)၏** မှတ်ပုံတင်အမှတ်မှာ(၉၆)ဖြစ်ပါသည်။

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရခိုင်မျိုးချစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၃၆/၂၀၁၅)

၁၃၇၇ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

**ရခိုင်မျိုးချစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ဈေးလမ်းနှင့်သာဇံလှလမ်းထောင့်၊ အမှတ်(၃၂) တွင်ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **ရခိုင်မျိုးချစ်ပါတီ**အား ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ရခိုင်မျိုးချစ်ပါတီ၏** မှတ်ပုံတင်အမှတ်မှာ (၉၇)ဖြစ်ပါသည်။

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တိုင်းဒေသကြီး ပြည်နယ်အချို့ နေရာကွက်၍မိုးကြီးနိုင်

**ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင်** နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်း မြို့တွင် ၅ ဒသမ ၅၂ လက်မ၊ လပွတ္တာမြို့တွင် ၅ ဒသမ ၀၀ လက်မ၊ ချောင်းဆုံမြို့တွင် ၄ ဒသမ ၇၂ လက်မ၊ ပူတာအိုမြို့တွင် ၄ ဒသမ ၄၁ လက်မ၊ ဘီးလင်းမြို့တွင် ၄ ဒသမ ၀၉ လက်မ၊ ပေါင်မြို့တွင် ၃ ဒသမ ၉၈ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၈၅ လက်မနှင့် ကျိုက္ခမီမြို့တွင် ၃ ဒသမ ၃၉ လက်မတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

## ဗဟန်းမြို့နယ်၌ ကိုယ်ပိုင်ယာဉ်တစ်စီးကို လေးခွကုန်းသီးဖြင့် ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူများအားဖမ်းဆီးရမိ ပြစ်မှုကျူးလွန်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၌ ဇူလိုင် ၁၄ ရက် ညနေပိုင်းက ကိုယ်ပိုင်ယာဉ်တစ်စီးကို လေးခွကုန်းသီးဖြင့် ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူများအား ဖမ်းဆီးရမိကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၄ ရက် ညနေ ၅ နာရီ မိနစ် ၅၀ ခန့်တွင် အမျိုးသားတစ်ဦး မောင်းလာသည့် ယာဉ်အမှတ် 5G/---- Lexus အနက်ရောင် ကိုယ်ပိုင်ယာဉ်သည် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းအတိုင်း တာမွေအဝိုင်းထိပ်မှ ပြည်ထဲရေး မီးပွိုင့်ဘက်သို့ မောင်းနှင်လာစဉ် ဦးချစ်မောင်လမ်းနှင့် မင်းလမ်းထိပ်အရောက် လမ်းတစ်ဖက်မှ အမျိုးသားနှစ်ဦးက ယာဉ်အနီးသို့ ရောက်ရှိလာပြီး လေးခွကုန်းသီးဖြင့် ခြောက်ချက်ဆင့်ပစ်၍ တစ်ဖက်ယာဉ်ကြော၌ အသင့်ရပ်ထားသော 5D/---- Caldina တက္ကစီမီးခိုးရောင်ယာဉ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ ယင်းသို့ လေးခွကုန်းသီးဖြင့် ပစ်ခတ်မှုကြောင့် Lexus အနက်ရောင်ယာဉ်၏ ယာဉ်မောင်းဘက်အခြမ်းရှေ့ဝဲဘက်တံခါးမှန်လေးချက် ထိမှန်အက်ကွဲပြီး တန်ဖိုးငွေကျပ် သိန်း ၂၀ ခန့် ပျက်စီးဆုံးရှုံးသွားခဲ့သဖြင့် အဆိုပါ ပြစ်မှုကျူးလွန်သူများအား အရေးယူပေးပါရန် ဗဟန်းမြို့မရဲစခန်းသို့ လာရောက် အမှုဖွင့်ခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးဦးစီး၍ မီးခိုးရောင်တက္ကစီယာဉ်ကို စုံစမ်းရှာဖွေခဲ့ရာ ပိုင်ရှင်ဖြစ်သူမှတစ်ဆင့် အငှားယာဉ်မောင်း ရဲနိုင်(ခ) တီကောင်ဆိုသူအား ဇူလိုင် ၁၄ ရက် ည ၉ နာရီ မိနစ် ၂၀ ခန့်က ခေါ်ယူစစ်ဆေးနိုင်ခဲ့သည်။

တက္ကစီယာဉ်မောင်း ရဲနိုင်(ခ) တီကောင်၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ခဲ့သူ သာကေတမြို့နယ် ၃/မာန်ပြေ ရပ်ကွက် မာန်ပြေ(၁၉)လမ်း အနောက်နေ မျိုးမြင့်အောင်(ခ) အငယ်လေး(ခ) စပိုက်တာ (၂၇ နှစ်)ကို ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် သုဇာတာလမ်းရှိ တည်းခိုခန်းတစ်ခုရှေ့၌ ဖမ်းဆီးရမိခဲ့သည်။

မျိုးမြင့်အောင်(ခ) အငယ်လေး(ခ) စပိုက်တာသည် ၂၀၁၅ ခုနှစ် မေ ၁၀ ရက် နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ပတ်လမ်းတွင် ဓားကိုင်ဆောင်မှုဖြင့် ဖမ်းဆီးခံရပြီး မင်္ဂလာတောင်ညွန့် မြို့မရဲစခန်းက အမှုဖွင့်အရေးယူ၍ မေ ၁၁ ရက်က တရားရုံး အာမခံဖြင့် ပြန်လွှတ်ပေးထားသူဖြစ်ကြောင်း သိရသည်။

မျိုးမြင့်အောင်နှင့်အတူ ပါရှိသည့် ပြစ်မှုကျူးလွန်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## သထုံမြို့နယ်၌ ကျောင်းကျန်းမာရေးလိုက်လံစစ်ဆေး

**သထုံ ဇူလိုင် ၁၅**

သထုံမြို့နယ် ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းကာ ဇူလိုင် ၁၄ ရက်က သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများကို ကျောင်းကျန်းမာရေး စစ်ဆေးပေးပြီး အထွေထွေကျန်းမာရေးအကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။

ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို အထက (ကျိုက္ကော်) ရွှေရတုခန်းမ၌ကျင်းပရာ သထုံမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် ကျောင်းကျန်းမာရေးအဖွဲ့မှ ဒေါက်တာ နိုင်နိုင်ထွန်း၊ ဒေါက်တာ စိုးသီဟရွှေနှင့် မြို့နယ်သူနာပြု ဆရာမကြီး ဒေါ်ချိုချိုတို့က သွေးလွန်တုပ်ကွေးရောဂါ၊ သွားနှင့်ခံတွင်းကျန်းမာရေးနှင့်သွေးအားနည်းရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

မြို့နယ်ကျောင်းကျန်းမာရေးအဖွဲ့မှ ကျန်းမာရေး ဝန်ထမ်းများက အထက(ကျိုက္ကော်) ကျောင်းမှ ကျောင်းသား ကျောင်းသူများအား အထွေထွေကျန်းမာရေးဆိုင်ရာများ စစ်ဆေးပေးခဲ့ရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးနွယ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ကျောင်းကျန်းမာရေးစစ်ဆေးပေးခြင်းကို သထုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း အားလုံးတို့၌ ဇူလိုင် ၇ ရက်က စတင်ကာ လိုက်လံဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဌာနမှ သိရသည်။

**သက်ဦး(သထုံ)**

## ခရီးသည်စီးနင်းမှုနည်းပါးလာခြင်းကြောင့် ခေါက်တိုပြေးဆွဲသည့်ခရီးသည်တင်ယာဉ်များအခက်ကြုံနေ

**ရေတာရှည် ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ရေတာရှည်မြို့နယ်ကို ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်လိုင်းများစီးနင်းသည့် ခရီးသည်အရေအတွက် ကျဆင်းလာ၍ နေ့စဉ်အခက်ကြုံတွေ့နေရကြောင်း သိရသည်။

ရေနီကျေးရွာအုပ်စုမှတောင်ငူမြို့အထိ မြို့စဉ်ဂိတ်ထိုးကာ တင်ဆောင်ကြသော်လည်း ပြေးဆွဲသည့်ယာဉ်စီးရေများပြားလာခြင်း၊ နေပြည်တော်-တောင်ငူပြေးဆွဲနေသည့် ယာဉ်များနှင့် ယှဉ်ပြိုင်ပြေးဆွဲနေရသည့်အတွက် ခရီးသည်ထက် ကုန်ကိုသာ ပိုအားထား တင်ဆောင်နေရကြောင်း ယာဉ်မောင်းတစ်ဦးက ပြောသည်။



"အဝေးပြေးယာဉ်တွေကလည်း ကောက်သင်းကောက် တင်နေတော့ ကျွန်တော်တို့အတွက် ခရီးသည်က ရှားသွားတာပါ။ တစ်ခါတလေ ဆွာကနေရေတာရှည်ရောက်တဲ့အထိကို တစ်ယောက်မှမပါတာလည်းကြုံခဲ့ရတယ်။ ဈေးသည်တွေရဲ့ ကုန်အမှာတွေကိုအဓိကအားထားရတာတောင်ငူကနေ ဈေးကုန်တွေမှာရင် ကျွန်တော်တို့အတွက် ဆီဖိုးနဲ့အသုံးစရိတ်ကာမိရုံပါပဲ"ဟု အထက်ပါ ယာဉ်မောင်းကပင် ဆက်လက်၍ ပြောသည်။

မြို့ပြနှင့် ကျေးလက်ဒေသများတွင် ကိုယ်ပိုင်ယာဉ်သုံးစွဲနိုင်မှုနှင့် ဆိုင်ကယ်စီးနင်းကြသူအရေအတွက် ပိုမိုများပြားလာခြင်းကလည်း လိုင်းကားစောင့်ကာ စီးနင်းသူအရေအတွက် ကျဆင်းရခြင်း အဓိကအချက်ဖြစ်ကြောင်း အခြားယာဉ်မောင်းတစ်ဦးက သုံးသပ်ပြောပြသည်။

**ကိုလွင်(ဆွာ)**

## MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၅**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ် (၁၂) ကို ဇူလိုင် ၁၇ရက်နှင့် ၁၈ ရက်တို့တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်သည်။ ဒုတိယအကျော့ အဖွင့်ပွဲတွင် ကမ္ဘောဇနှင့် ဇေယျာရွှေမြေအသင်းတို့ထိပ်တိုက်တွေ့ဆုံနေပြီး ရန်ကုန်၊ ရတနာပုံနှင့် ဧရာဝတီအသင်းတို့မှာလည်း ပွဲကျပ်များ ကစားရမည်ဖြစ်သည်။

ပွဲစဉ်(၁၂)အဖြစ် ဇူလိုင် ၁၇ ရက်တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် ရန်ကုန်အသင်း၊ ဇူလိုင် ၁၈ ရက်တွင် တောင်ကြီးကွင်း၌ ကမ္ဘောဇအသင်းနှင့် ဇေယျာရွှေမြေအသင်း၊ ကျောက်တိုင်ကွင်း၌ ဧရာဝတီအသင်းနှင့်ဇွဲကပင်အသင်း၊ ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် နေပြည်တော်အသင်း၊ အောင်ဆန်းကွင်း၌ မကွေးအသင်းနှင့် ရခိုင်အသင်း၊ သုဝဏ္ဏကွင်း၌ မနောမြေအသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပထမအကျော့အပြီးတွင် ရန်ကုန်အသင်းက ၃၃မှတ်ဖြင့် ပထမ၊ ဧရာဝတီအသင်းက ၂၅မှတ်ဖြင့် ဒုတိယ၊ မကွေးအသင်းက ၂၂မှတ်ဖြင့် တတိယ၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက အမှတ် ၂၀ဖြင့် အဆင့်(၄)၊ ကမ္ဘောဇအသင်းက ၁၆မှတ်ဖြင့် အဆင့်(၅)၊ ချင်းယူနိုက်တက်အသင်းက ၁၅မှတ်ဖြင့် အဆင့်(၆)၊ နေပြည်တော် အသင်းက ၁၂မှတ်ဖြင့် အဆင့်(၇)၊ ဇေယျာရွှေမြေအသင်းက ၁၁မှတ်ဖြင့် အဆင့် (၈) နေရာတို့တွင် ရပ်တည်လျက်ရှိသည်။ ဇွဲကပင်အသင်းနှင့်ရခိုင်အသင်းတို့က ရှစ်မှတ်စီ၊ ဟံသာဝတီအသင်းက ခုနစ်မှတ်၊ မနောမြေအသင်းက ငါးမှတ်တို့ရရှိထားသည်။

ရန်ကုန်အသင်းသည် ပထမအကျော့တွင် ၁၁ ပွဲစလုံး အနိုင်ရရှိထားသော်လည်း ရှုံး/ထွက်ပြိုင်ပွဲတွင် ပထမဆုံးအရှုံးနှင့်ရင်ဆိုင်ခဲ့ရပြီဖြစ်သည်။ အမှတ်ပေးပြိုင်ပွဲတွင် နိုင်ပွဲဆက်စံချိန်ကို ဆက်ထိန်းနိုင်ရန်အတွက် ရန်ကုန်အသင်းမှာ ဟံသာဝတီနှင့်ပွဲတွင် ကြိုးပမ်းရမည်ဖြစ်သည်။ ဧရာဝတီ၊ မကွေးနှင့် ရတနာပုံအသင်းတို့သည် ထိပ်ဆုံးမှ ရန်ကုန်ကို အမီလိုက်ရန် အမှတ်ဆုံးရှုံး၍မရပေ။

**သတင်း-ညီမြတ်သော်တာ**

# ဖေဖေချမှတ်ခဲ့တဲ့ လမ်းစဉ်ပေါ်ကိုရောက်အောင် ကြိုးစားလျှောက်လှမ်းကြရမယ်

❒ ***ရှေ့ဖုံးမှ***

ပြန်လည်ထူထောင်နိုင်ရန် အားသွန်ဆောင်ရွက်ချိန်လည်းဖြစ်သည်။

ထိုနေ့နှင့်ပတ်သက်၍ "ကျွန်မက အာဇာနည်နေ့ကို အလွန်ငယ်သေးတော့ အကုန်မမှတ်မိတော့ပါဘူး။ ကျွန်မသိတတ်စကနေ ကျင်းပလာခဲ့တဲ့ အာဇာနည်နေ့ အခမ်းအနားတွေကိုတော့ မှတ်မိပါတယ်။ မကြာသေးခင်ကစပြီး အာဇာနည်နေ့အခမ်းအနားကို လွတ်လွတ်လပ်လပ် ကျင်းပခွင့် ပြန်ပေးလာတာကြောင့် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားတွေက ပိုပြီးစည်ကားသိုက်မြိုက်လာတာကို တွေ့ရပါတယ်။ ကျင်းပခွင့်ရရှိသည်ဖြစ်စေ မရရှိသည်ဖြစ်စေ ကျွန်မအနေနဲ့ ဖေဖေနဲ့ အာဇာနည်ခေါင်းဆောင်တွေအားလုံးကို ချစ်ခင်လေးစားနေမှာပါ" ဟု ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ထိုစဉ်ကာလ နိုင်ငံရေးလှုပ်ရှားသူများ၏ နိုင်ငံရေးခံယူချက်နှင့် သဘောထားအမျိုးမျိုးတို့မှ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ကာ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ခေါင်းဆောင်များအား လုပ်ကြံဖြစ်ခဲ့သည့် အခြေအနေ တွန်းအားတစ်ခု ဖြစ်လာခဲ့ရကြောင်း နိုင်ငံရေး ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

ကွဲပြားခြားနားသော အယူအဆများကြားမှ နိုင်ငံရေးအရ အဖြေရှာခြင်းနှင့်ပတ်သက်ပြီး "အာဇာနည်နေ့ကနေ ထာဝရအတွက် သင်ခန်းစာတစ်ခုကို ရရှိခဲ့တယ်လို့ ကျွန်မထင်မြင်မိပါတယ်။ အဲဒါက နိုင်ငံရေးပြဿနာကို အကြမ်းနည်းနဲ့ ဖြေရှင်းဖို့ဆိုတာ ဘယ်တော့မှ မဖြစ်နိုင်ပါဘူး။ ဘယ်တော့မှ မကြိုးစားသင့်ပါဘူး။ အကြမ်းနည်းသုံး ဖြေရှင်းသူတွေဟာ သူတို့ရဲ့ လုပ်ရပ်ကြောင့် ဆိုးရွားတဲ့ အကျိုးကို သူတို့ကိုယ်တိုင် ခံစားရမှာဖြစ်ပါတယ်။ ရေတိုမှာ အကျိုးအမြတ်ရှိသလို ထင်ရကောင်း ထင်ရနိုင်ပါတယ်။ ဒါပေမယ့် တကယ်တမ်းမှာ အောင်မြင်တဲ့ပန်းတိုင်ကို ရရှိမှာ မဟုတ်ဘူးဆိုတဲ့ သင်ခန်းစာပါပဲ။ ဖေဖေတို့နဲ့ ပတ်သက်လို့ကတော့ ဖေဖေတို့ကို ကြမ္မာဆိုးဖန်တီးပေးသူတွေဟာ ချက်ချင်း နာရီအနည်းငယ်အတွင်းမှာ ဖမ်းဆီးမိခဲ့ပြီး ဆိုးကျိုးတွေ ရရှိခဲ့ရပါတယ်။ **ဒါကြောင့် နိုင်ငံရေးပြဿနာဟာ ညှိနှိုင်းအဖြေရှာခြင်းနဲ့ ငြိမ်းချမ်းစွာဆောင်ရွက်ခြင်းတွေနဲ့သာ ကောင်းမွန်တဲ့ အဖြေတစ်ခုကို ပေးနိုင်လိမ့်မယ်လို့ထင်ပါတယ်**" ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

လာမည့် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် အာဇာနည်နေ့တွင် လွတ်လပ်ရေး ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်မှာ နိုင်ငံ



တော် အခမ်းအနားအဖြစ် ကျင်းပသည့် အာဇာနည်နေ့ အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ကုန်းတွင် တက်ရောက်ကာ ဖခင်နှင့်တကွ အာဇာနည်ခေါင်းဆောင်များအား ဂါရဝပြုကန်တော့မည်ဖြစ်ပြီး နေအိမ်တွင် ဖခင်ဖြစ်သူအတွက် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် အာဇာနည်နေ့ အခမ်းအနားကျင်းပခြင်း၊ ညနေပိုင်းတွင် ဘာသာပေါင်းစုံတို့မှ ကျင်းပပြုလုပ်သည့် အာဇာနည်နေ့ ဝတ်ပြုဆုတောင်းပွဲသို့ တက်ရောက်ခြင်းများကို နှစ်စဉ်ပြုလုပ်နေကျအတိုင်း ပြုလုပ်ရန်ရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဆိုသည်။

"အမျိုးသားခေါင်းဆောင်ကြီးများကို အောက်မေ့နေရုံနဲ့ မပြီးပါဘူး။ ဆက်လက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ဒီမိုကရေစီနိုင်ငံ ဖော်ဆောင်နိုင်ရေးအတွက် သတိရလွမ်းဆွတ်တာတွေကို နိုင်ငံသားတိုင်း ကိုယ်တတ်စွမ်းသလောက် အလုပ်နဲ့သက်သေပြကြဖို့ လိုအပ်ပါတယ်"ဟု သီတဂူဆရာတော်က အာဇာနည်ခေါင်းဆောင်ကြီးများနှင့်ပတ်သက်၍ မိန့်ကြားသည်။

ရှေ့အနာဂတ်နှင့် ပတ်သက်၍မူ ဒေါ်အောင်ဆန်းစုကြည်က "အခုအချိန်မှာ နိုင်ငံက ဒီမိုကရေစီလမ်းကြောင်းကို ရှေးရှုသွားနေတယ်လို့ ယူဆရပါတယ်။ သို့သော် ဖေဖေချမှတ်ခဲ့တဲ့ ဒီမိုကရေစီလမ်းကြောင်းတော့ မဟုတ်သေးပါဘူး။ ဖေဖေချမှတ်ခဲ့တဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို လျှောက်လှမ်းနေတဲ့အချိန်သာဖြစ်ပါတယ်။ ဖေဖေချမှတ်ခဲ့တဲ့ လမ်းစဉ်ပေါ်ကို ရောက်အောင် ကြိုးစားလျှောက်လှမ်းကြရမှာဖြစ်ပါတယ်။ ဒါမှသာ ဖေဖေနဲ့ အမျိုးသားအာဇာနည် ခေါင်းဆောင်ကြီးတွေရဲ့ အသက်ပေးမှုအပေါ် ဂုဏ်ပြုရာရောက်မှာပါ"ဟု သုံးသပ်ပြောကြားသွားခဲ့သည်။

**နိုင်ငံရေးပြဿနာဟာ ညှိနှိုင်းအဖြေရှာခြင်းနဲ့ ငြိမ်းချမ်းစွာ ဆောင်ရွက်ခြင်းတွေနဲ့သာ ကောင်းမွန်တဲ့ အဖြေတစ်ခုကို ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်**

# ၂၀၁၅ ခုနှစ် ဇူလိုင် ၁၉ ရက်(၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှုနှင့် အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့်လမ်းကြောင်းသတ်မှတ်

**ရန်ကုန် ဇူလိုင် ၁၅**

၁။ (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၈ နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၈ ရက် ညနေ ၆ နာရီ အချိန်မှ ဇူလိုင် ၁၉ ရက် ညနေ ၆ နာရီအထိ အောက်ဖော်ပြပါလမ်းကြောင်းများကို ဖြတ်သန်း သွားလာမှု ယာယီပိတ်ဆို့ထားမည်ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက် ရွှေဂုံတိုင်လမ်းအတိုင်း အနောက်ရွှေဂုံတိုင် (၁)လမ်းထိပ်ထိ၊

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ်စောင်းတန်းအထိ၊

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်ခမ္မာရုံဘေးလမ်းကြောင်းများ။

၂။ အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ရန်ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန် ဝင်ပေါက်ဂိတ်(၂)မှဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

၃။ ဇူလိုင်လ ၁၉ ရက်နေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ အာဇာနည်ဗိမာန်သို့ အများပြည်သူလာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက် ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှဝင်ရောက်၍ ဂိတ်(၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ် စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ပြတိုက်သို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် လက်ကိုင်အိတ်၊ လက်ဆွဲအိတ်၊ ကင်မရာ၊ လက်ကိုင်ဖုန်းနှင့် ကြိုတင်စစ်ဆေးခံယူမှုမရှိသော ပန်းခွေ၊ ပန်းခြင်းစသည့် လုံခြုံရေးကို ထိခိုက်စေနိုင်မည့်ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်နှင့်ဗိုလ်ချုပ်ပြတိုက်သို့ ဝင်/ထွက်ရာ လမ်းကြောင်းနှင့်ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျဝင်ရောက်ထွက်ခွာကြပါရန် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မေတ္တာရပ်ခံထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၁၅ စတုတ္ထပွဲစဉ်(မန္တလေး)တွင် ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁၅**

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထ ပွဲစဉ်ကို ဇူလိုင် ၂၃ ရက်မှ ၂၆ ရက်အထိ မန္တလေးမြို့ရှိ ရေတံခွန်တောင် ဂေါက်ကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကို ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော် တမ်းအမျိုးသား (Handicap 0-12) အဆင့်ရှိသူများနှင့် အမျိုးသမီး (Handicap 0-24) ပြိုင်ပွဲများဟူ၍ ပါဝင်ပြီး R&A (Rules Limited St.Andrew) ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကစားသမားများသည် ပြိုင်ပွဲတွင် အသုံးပြုခွင့် (Conforming) ရရှိထားသော ဂေါက်တုတ်များဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပရော်ဖက်ရှင်နယ် အဆင့်နှင့် အပျော်တမ်း အမျိုးသမီးဂေါက်သီးအားကစား မောင်မယ်များသည် ဇူလိုင် ၂၁ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး အပျော်တမ်းအဆင့် အမျိုးသားများအတွက် လူဦးရေ ကန့်သတ်ထားသောကြောင့် လက်ရည်စစ်ပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်တွင် ပြုလုပ်မည်ဖြစ်ကာ ဇူလိုင် ၁၈ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ဖုန်း၀၉-၂၀၃၇၆၇၁၊ ၀၉-၂၆၂၅၅၂၄၅၂၊ ၀၉-၂၅၄၇၂၅၀၈၁ နှင့် ပြိုင်ပွဲကျင်းပမည့် ရေတံခွန်တောင် ဂေါက်ကွင်းတို့၌ အမည်စာရင်း ပေးသွင်းရမည်ဖြစ်သည်။ (ရန်ကုန်မြို့တွင် ကျင်းပပြီးဖြစ်သော ပြိုင်ပွဲတွင် အဆင့်(၁)မှ(၂၅)အထိ ဆုရရှိသူများမှာ လက်ရည်စစ်ပွဲကို ယှဉ်ပြိုင်ရန် မလိုပါ။)

ပြိုင်ပွဲဝင်များ သွားလာရေး အဆင်ပြေစေရန် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ဇွန် ၁၉ ရက်တွင် ကား စီစဉ်ထားရှိပေးမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးအနေဖြင့် ပရော်ဖက်ရှင်နယ်ကစားသမားများအတွက် ငွေကျပ် ၃၀၀၀၀၊ အပျော်တမ်းအဆင့် အမျိုးသားနှင့် အမျိုးသမီးများအတွက် ငွေကျပ် ၁၀၀၀၀ ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေး ပေးသွင်းရန် နောက်ကျသော ကစားသမားများအား ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# တောင်ငူ ဆိတ်ဖူးတောင်ကျေးရွာတွင်ချေးငွေများထုတ်ပေး

**တောင်ငူ ဇူလိုင် ၁၅**

ကျေးလက်နေပြည်သူများ၏ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရန်ရည်ရွယ်၍ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆိတ်ဖူးတောင်ကျေးရွာ၌ ဆောင်ရွက်လျက်ရှိရာ အရင်းမပျောက် မတည် ငွေကျပ်သိန်း ၃၀၀ ကို ကျေးရွာနေပြည်သူ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦး၊ မီးလင်းရေးလုပ်ငန်း ၂၉ ဦး၊ အသက်မွေး ဝမ်းကျောင်းပြုသူ ၃၅ ဦး စုစုပေါင်း ၁၄၇ ဦးတို့ကို ဇူလိုင် ၇ ရက်က တောင်ငူမြို့နယ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာနခန်းမ၌ စတင်ချေးငှားထုတ်ပေးခဲ့သည်။

အဆိုပါချေးငွေကို အတိုးတစ်ကျပ်နှုန်းဖြင့် အရစ်ကျ သုံးလ တစ်ကြိမ်ဆပ်ရန် သတ်မှတ်ထားရှိရာ ဇွန် ၇ ရက်က ပထမအကြိမ် အတိုးနှင့်အရင်းပြန်ဆပ်ပြီးဖြစ်ကြောင်း သိရသည်။

ယင်းဆပ်ငွေများမှ အတိုးများကို မြန်မာ့စီးပွားရေး ဘဏ်တွင် အပ်နှံထားရှိ၍ ငွေရင်းများကို ဇွန် ၃၀ ရက်က မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၀ ကို ဒုတိယအကြိမ်အဖြစ် ချေးငှားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အမျိုးသားလွှတ်တော်မှ သဘောမတူကြောင်းဖြင့် ပြန်လည်ပေးပို့သည့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးရန်ဆုံးဖြတ်

**နေပြည်တော် ဇူလိုင် ၁၅**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာ မေးခွန်းသုံးခုမေးမြန်းဖြေကြားခြင်း၊ ဥပဒေ ကြမ်း ကိုးခု၊ နည်းဥပဒေနှစ်ခုတို့ကို လွှတ်တော်သို့ အသိပေးခြင်း၊ အတည်ပြုခြင်းနှင့်ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးရန် ဆုံးဖြတ်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

အစည်းအဝေး၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြန်လည်ဖြေကြားသည်။

ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်၏ **ရခိုင်ပြည်နယ်(မြောက်ပိုင်း) ချင်းပြည်နယ်နှင့် ဆက်စပ်တည်ရှိသော ကျောက်တော်မြို့ ပင်မကမ်းနားလမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုးချဲ့ပြုပြင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျောက်တော်မြို့နယ်အတွင်း မြို့ပြလမ်းတံတား၊ ရေပေးဝေရေးလုပ်ငန်းများကို ဦးစားပေးအလိုက် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီများ၏ ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကျောက်တော်မြို့ ပင်မကမ်းနားလမ်းတိုးချဲ့ပြုပြင်ခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေတွင် လျာထားပါဝင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း၏ **မလိခမြစ်ရိုးတစ်လျှောက် မုန်လန်ချောင်းဆုံမှ မြစ်ဖျားပိုင်းထုံဒမ်းရွာအထိ တင်ဒါကိုဖျက်သိမ်း၍ အခွန်လွတ်ဘုံငါးဖမ်းဧရိယာအဖြစ် သတ်မှတ်ပေးရန်နှင့် ပူတာအိုဒေသ မြစ်ချောင်းအင်းအိုင်များ၌ ရေခဲတောင်ငါး(ခေါ်) ရှားပါးငါးမျိုးမသုဉ်းရအောင် မည်သည့်အစီအစဉ်ရှိသည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေကို ၂၀၁၃ ခုနှစ် မေလ ၁၀ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ပြည်နယ်အတွင်း တင်ဒါငါးဖမ်းကွက်များကို ဖျက်သိမ်း၍ အခွန်လွတ်ဘုံငါးဖမ်းကွက်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် ပူတာအိုဒေသရှိ မြစ်၊ ချောင်း၊ အင်းအိုင်များမှ ရေခဲငါးမျိုးများကို မျိုးသုဉ်းပျောက်ကွယ်မှု မဖြစ်ပေါ်စေရေးအတွက် ၎င်းဒေသ ရေခဲတောင်မှစီးဆင်းလာသော မူလာချောင်းရှိ ရေခဲငါးမျိုးငါးသားပေါက်များကို ဖေဖော်ဝါရီလနှင့် မတ်လများတွင် ဖမ်းဆီးပြီး သုတေသနပြုခြင်း၊ မျိုးငါးအဖြစ် ပူတာအိုငါးလုပ်ငန်းစခန်းတွင် ပြုစုမွေးမြူပြီး သားဖောက်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ သဘာဝသားပေါက်သည့် Spawing Ground များကို စူးစမ်းရှာဖွေထိန်းသိမ်းခြင်းနှင့် ကန့်သတ်ဧရိယာသတ်မှတ်ခြင်းများကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီမှ တင်သွင်းသည့် **၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကတင်သွင်းသည့် **ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို အတည်ပြုခြင်း၊ သတ္တုတွင်းဝန်ကြီးဌာနမှ **မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ**နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ **အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ**တို့ကို အဆိုတင်သွင်းခြင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့အတူအမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သည့် **ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့အသိပေးခြင်း၊ အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သည့် **ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာသည်။

ထို့ပြင် အမျိုးသားလွှတ်တော်မှ သဘောမတူကြောင်းဖြင့် ပြန်လည်ပေးပို့သည့် **ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၊ နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၌ဆွေးနွေးရန် အတည်ပြုဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**



ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြေကြားစဉ်။



ကျောက်တော် မဲဆန္ဒနယ်မှ ဦးသာစိန် မေးမြန်းစဉ်။

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပင်လုံမြို့ကို မြို့နယ်အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်မရှိ

**နေပြည်တော် ဇူလိုင် ၁၅**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်းခုနစ်ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခု အခြေအနေအသိပေးခြင်း၊ အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေး၌ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံမြို့ကို ပင်လုံမြို့နယ်အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ရှမ်းပြည်နယ် လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ် ပင်လုံမြို့သည် ယခင်မြို့နယ်ခွဲမှ မြို့အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ခြင်း၊ ခရိုင်ရုံးစိုက်ရာ မြို့နယ်ဖြစ်သည့် လွိုင်လင်မြို့နယ်နှင့် ခြောက်မိုင်သာကွာဝေးသဖြင့် အုပ်ချုပ်ရေးလက်လှမ်းမီခြင်း၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များအား မြို့နယ်နှင့် အလွယ်တကူ ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း၊ ပင်လုံမြို့အား မြို့နယ်အဖြစ်ဖွဲ့စည်းရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ ထောက်ခံတင်ပြထားမှုမရှိခြင်းတို့ကြောင့် ပင်လုံမြို့အဖြစ်သာ ဆက်လက်ထားရှိသင့်ပါကြောင်းနှင့် မြို့နယ်အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြေကြားစဉ်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး၏ **ပခုက္ကူမြို့ပေါ် (၁၅)ရပ်ကွက်တွင် နေထိုင်ကြသည့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် လျှပ်စစ်ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်ပေးရန်နှင့် လျှပ်စစ်ဓာတ်အားခွဲရုံများကို ဝန်အားမြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ပခုက္ကူမြို့ပေါ်ရပ်ကွက်များ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် လျှပ်စစ်ထရန်စဖော်မာများတပ်ဆင်ခြင်းနှင့် ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဇံမြင့်က အကျဉ်းထောင်များ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

အဆိုပါ အကျဉ်းထောင်များ ဥပဒေကြမ်းကို လွှတ်တော်ကလက်ခံဆွေးနွေးသွားမည်ဖြစ်ပြီး ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။



ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း မေးမြန်းစဉ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညွန့်တင်၏ **နိုင်ငံတော်အစိုးရ အနေဖြင့် ပို့ဆောင်ရေးဆိုင်ရာ ယာဉ်မတော်တဆထိခိုက်မှု တားဆီးကာကွယ်ရေးအတွက် အမျိုးသားအဆင့် ကော်မရှင်တစ်ရပ် သို့မဟုတ် ဘုတ်အဖွဲ့ NTSB (NATIONAL TRANSPORTATION SAFETY BOARD) ကဲ့သို့အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစောထွန်းမြအောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေနှင့် ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးထွန်းကျော်တို့က ထောက်ခံဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ဖွံ့ဖြိုးပြီးနိုင်ငံများတွင် NTSBအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုသည် ယာဉ်မတော်တဆထိခိုက်မှုဖြစ်စဉ်များ လျော့နည်းရေးအတွက် များစွာ အထောက်အကူပြုသော်လည်း မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် ၎င်းအဖွဲ့မျိုးဖွဲ့စည်းရန် နည်းပညာ၊ ကျွမ်းကျင်ပညာရှင်၊ ဥပဒေလုပ်ထုံးလုပ်နည်း၊ ငွေကြေးသုံးစွဲမှု စသည့်အုပ်ချုပ်မှုကိစ္စများအတွက် အဆင်သင့်မဖြစ်သေးပါသဖြင့် အချိန်အတိုင်းအတာတစ်ခု စောင့်ဆိုင်းရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင်ယာဉ်မတော်တဆထိခိုက်မှုဖြစ်စဉ်များနှင့် ပတ်သက်၍ ကုန်းလမ်းခရီးပို့ဆောင်ရေးအတွက် အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီကို ဒုတိယသမ္မတ ဦးဆောင်၍လည်းကောင်း၊ ရေလမ်းခရီး ပို့ဆောင်ရေးအတွက် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်း ကြီးကြပ်ရေးအဖွဲ့(ဗဟို)ကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့များကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးဆောင်၍ လည်းကောင်း၊ လေကြောင်းခရီးပို့ဆောင်ရေးအတွက် မြို့ပြလေကြောင်းဆိုင်ရာ လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးရုံးအဖွဲ့အား လည်းကောင်း ဖွဲ့စည်းကာ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးကတာဝန်ယူ၍ ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ အဆိုကိုအတည်မပြုကြောင်း ဆုံးဖြတ်သည်။

**(သတင်းစဉ်)**

# သွေးလွန်တုပ်ကွေးရောဂါကျဆင်းရေး ပိုးလောက်လမ်းစား ဒေါင်းငါးမျိုးများစိုက်ထည့်

**တောင်ငူ ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများ၊ ရပ်ကွက်ရှိ ရေကန်၊ မြောင်းရိုးများနှင့် ကျောင်းသုံးရေကန်များ၌ ခြင်ပေါက်ပွားကာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းစေရန် တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ပိုးလောက်လမ်းစား ဒေါင်းငါးမျိုးကောင်ရေ ၅၀၀၀ စိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးသက်အေးနှင့်ဝန်ထမ်းများ၊ တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ပိုးလောက်လမ်းစား ဒေါင်းငါးမျိုးအကောင်ရေ ၅၀၀၀ကို မြို့ပေါ်ရပ်ကွက်များရှိ စာသင်ကျောင်းများရှိ အုတ်ရေကန်များ၊ မြောင်းရိုးများ၊ ဆေးရုံနှင့်ပတ်ဝန်းကျင်ရှိ အုတ်ရေကန်၊ မြောင်းများ၊ စည်ပင်သာယာဈေးကြီးအနီးရှိ အုတ်ရေကန်၊ ရေမြောင်းနှင့်ရေအိုင်ငယ်များအတွင်းသို့ ထည့်သွင်းလွှတ်ပေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အမျိုးသားပြတိုက်(နေပြည်တော်) ပထမအဆင့်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး



**နေပြည်တော် ဇူလိုင် ၁၅**

ဇာတိဂုဏ် မြင့်မားသည့် ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ဒြပ်နှင့်ကိုက်ညီသည့် နိုင်ငံတော်အဆင့် အမျိုးသားပြတိုက်ကြီးအဖြစ် ခင်းကျင်းပြသနိုင်ရန် ရည်ရွယ်ချက်ဖြင့် အမျိုးသားပြတိုက်(နေပြည်တော်) ပထမအဆင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါပြတိုက်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ဦးသန်းဆွေတို့က အမျိုးသားပြတိုက် (နေပြည်တော်) ပထမအဆင့်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတက မြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် ၁၉၅၂ ခုနှစ်မှစပြီး အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်များကို ဖွဲ့စည်း တည်ထောင်ခဲ့ပါကြောင်း၊ ထို့အတူ ၁၉၆၃ ခုနှစ်မှစပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ယဉ်ကျေးမှုပြတိုက်များကို တည်ဆောက်ခင်းကျင်းပြသခဲ့ပါကြောင်း၊ ထို့ကြောင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် အမျိုးသားပြတိုက်များ၊ ရှေးဟောင်းသုတေသနပြတိုက်များ၊ ယဉ်ကျေးမှုပြတိုက်များ၊ အထိမ်းအမှတ်ပြတိုက်များနှင့် ဗုဒ္ဓပြတိုက်များ စသည်ဖြင့် ပြသရာပစ္စည်း အမျိုးအစားအလိုက် အကြောင်းအရာအလိုက် ခွဲခြားထားပြီး ယနေ့ထိ ပြတိုက်ပေါင်း ၃၀ ခင်းကျင်း ပြသထားလျက်ရှိပါကြောင်း။

အမျိုးသားပြတိုက်များတွင် နိုင်ငံ၏ ရှေးဦးသမိုင်းမတင်မီကာလမှစတင်၍ ခိုင်မာသည့် သမိုင်းကြောင်းအဆင့်ဆင့်၊ တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ၊ တိုင်းရင်းသားတို့၏ ရိုးရာလက်မှုပစ္စည်းများ၊ အနုသုခုမပညာများ၊ စာပေအထောက်အထားဆိုင်ရာများနှင့် ခေတ်အဆက်ဆက် ယဉ်ကျေးမှု ဗိသုကာလက်ရာများကို ပြသထားပါကြောင်း။

ပြတိုက်များသည် နိုင်ငံတစ်နိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကို ဆက်စပ်ပေးရာ နေရာတစ်ခုဖြစ်သည်နှင့်အညီ မိမိတို့လူမျိုး၏ သမိုင်းအစဉ်အလာများ၊ စွမ်းဆောင်ချက်များကို ဖော်ထုတ်ပြသပေးရာ နေရာဖြစ်သောကြောင့် အမျိုးသားရေးအတွက် အလွန်အရေးပါကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် ပြတိုက်များကို မဖြစ်မနေ သွားရောက်လေ့လာခြင်းအားဖြင့် နိုင်ငံ့သမိုင်း၊ နိုင်ငံနှင့် မျိုးချစ်စိတ်များကို ဖော်ဆောင်ပေးရာ ရောက်မည်ဖြစ်ပါကြောင်း။

ယခု ဖွင့်လှစ်လိုက်သည့် အမျိုးသားပြတိုက်ကြီးတွင် ခေတ်အဆက်ဆက် ထွန်းကားခဲ့သည့် မြန်မာ့ယဉ်ကျေးမှုများကို ဖော်ထုတ်ပြသထားပြီး ယဉ်ကျေးမှုအနုသုခုမများကို ပြသထားသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယနေ့အချိန်တွင် ပြတိုက်များသည် ပညာပေးရေးလုပ်ငန်းသက်သက် မဟုတ်တော့ဘဲ အပန်းဖြေနိုင်သည့် နေရာတစ်ခုအဖြစ်လည်း တီထွင်ကြံဆ ပြသသွားရန်နှင့် အမျိုးသားပြတိုက်(နေပြည်တော်)၌ ခင်းကျင်းပြသရာတွင် သမိုင်းအမြင်၊ ရှေးဟောင်းသုတေသနအမြင်၊ အနုပညာအမြင်နှင့် ယဉ်ကျေးမှုအမြင်များဖြင့် ပြသရန်လိုအပ်သကဲ့သို့ ပြည်သူလူထု လွယ်လင့်တကူ လေ့လာမှတ်သားနိုင်စေရန်အတွက်လည်း ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ထို့အတူ ပြတိုက်ဝန်ထမ်းများအနေဖြင့်လည်း ပြည်သူလူထုအား မိမိတို့၏ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းကို မြတ်နိုးတန်ဖိုးထားတတ်သည့် စိတ်ဓာတ်များ ကိန်းအောင်းလာစေရန် အသိပညာပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ရှေ့လာမည့်ကာလများတွင် တည်ဆောက်ဖွင့်လှစ်ရန် စီစဉ်ထားသည့် အဆောက်အအုံနှင့် အဆောင်များကိုလည်း အပိုင်းအလိုက် ဆက်လက်ဖွင့်လှစ်နိုင်ရန် ကြိုးစား ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ကျန်ရှိနေသည့် အင်းဝခေတ်၊ တောင်ငူခေတ်၊ ဟံသာဝတီခေတ်၊ ကုန်းဘောင်ခေတ်များအပြင် သမိုင်းအစဉ်အလာရှိသည့် မွန်ရှေးဟောင်းယဉ်ကျေးမှု၊ ရခိုင်ရှေးဟောင်းယဉ်ကျေးမှု၊ တစ်တိုင်းပြည်လုံးတွင်ရှိသည့် တိုင်းရင်းသားများ၏ ရှေးဟောင်းဆိုင်ရာ၊ သမိုင်းနှင့်အနုပညာဆိုင်ရာ ယဉ်ကျေးမှု၊ သမိုင်းဆိုင်ရာ ပုဂ္ဂိုလ်များ၏ သမိုင်းဝင်ပစ္စည်းများကိုလည်း ပြည့်ပြည့်စုံစုံ ခင်းကျင်းနိုင်ရန်လိုအပ်ပါကြောင်း။

ထို့ပြင် ခင်းကျင်းမှုစနစ်၊ ထိန်းသိမ်းမှုစနစ်မှန်ကန်သော ပြတိုက်တစ်ခုဖြစ်စေရန် သမိုင်းဝင်ပစ္စည်းများ ပြသရာတွင် အသံထုတ်လွှင့်ပေးမှုစနစ်၊ မီးအလင်းရောင်ပေးမှုစနစ်နှင့် ခင်းကျင်းပြသ ထိန်းသိမ်းမှုစနစ်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ လျာထား စီမံသွားရန် လိုအပ်ပါကြောင်း၊ မကြာမီအတည်ပြုထွက်ပေါ်လာမည့် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေများနှင့်အညီ၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အမျိုးသားပြတိုက်(နေပြည်တော်)ဆိုင်ရာ အချက်အလက်များ၊ ရည်ရွယ်ချက်နှင့် ပြတိုက် တည်ဆောက်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြတိုက်အတွင်း အလင်းအမှောင်စနစ်၊ အရုပ်၊ အသံစနစ်တို့ဖြစ် စနစ်တကျ ခင်းကျင်းပြသထားမှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပြတိုက်အတွင်းရှိ နိုင်ငံတော်သမ္မတ၏ လက်ဆောင်ပစ္စည်းများပြခန်း၊ ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ်(အေဒီ ၁၁ မှ ၁၄ ရာစု) ပြခန်းများ၌ ခင်းကျင်းပြသထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။ **(ဝဲပုံ)**

အမျိုးသားပြတိုက် (နေပြည်တော်)သည် ဥတ္တရသီရိမြို့နယ် ကုမုဒြာကြာပန်းဝိုင်းအနီး ရာဇသင်္ဂဟလမ်းမကြီးအပေါ်တွင် တည်ရှိပြီး ၃၄ ဒသမ ၇၉ ဧက ကျယ်ဝန်းသည်။ အဆိုပါပြတိုက်တွင် အဆောင်ငါးဆောင်ပါဝင်ပြီး ယနေ့တွင် အဆောင်နှစ်ဆောင် ဖြစ်သည့် အဆောင် Aနှင့် B ကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ အဆောင် A တွင် နိုင်ငံတော်သမ္မတ၏ လက်ဆောင်ပစ္စည်းများ ပြခန်း၊ အဆောင် B တွင် ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ်(အေဒီ ၁၁ မှ ၁၄ ရာစု) ပြခန်းများပါဝင်ပြီး ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၅ ရက်အထိ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်ကြသည်။

ပြတိုက်များ၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ၁၅ ရာစုခန့်က ပြတိုက်များသည် ရှေးဟောင်းပစ္စည်းများ၊ အလှအပပစ္စည်း၊ အဖိုးတန်ရတနာများအား စုဆောင်းပြသရာ နေရာတစ်ခုသာဖြစ်ခဲ့ပြီး ၁၇ ရာစုတွင်မူ ပြတိုက်များသည် လူတိုင်းအတွက် ပညာပေးရေးဗဟိုဌာနတစ်ခု ဖြစ်လာခဲ့သည်။ အယူအဆအသစ်နှင့်အတူ နိုင်ငံအသီးသီးတွင် မိမိနိုင်ငံ၏ အခြေအနေအလိုက် ဒေသဆိုင်ရာ၊ အထိမ်းအမှတ်ဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ ပြတိုက်များကို တည်ထောင်လာကြသည်ကို တွေ့ရသည်။ အမျိုးသားပြတိုက်၊ ယဉ်ကျေးမှုပြတိုက်၊ တပ်မတော်စစ်သမိုင်း ပြတိုက်၊ သမိုင်းပြတိုက်၊ သဘာဝသမိုင်းပြတိုက်၊ သိပ္ပံပညာရပ်ဆိုင်ရာပြတိုက် စသည့် ပြတိုက်ကြီးများ ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။

**(သတင်းစဉ်)**

---

# ပြည်ထဲရေးဝန်ကြီးဌာန Media Team အဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ Media Team အဖွဲ့နှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၅**

ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ Media Team အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး(ဖိုးသောကြာ)တို့ဦးစီး၍ တက်ရောက်ဆွေးနွေးကြသည်။ **(ယာပုံ)**



ဆွေးနွေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ Media Team အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ တာဝန်ရှိသူများက သတင်းမီဒီယာဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ပူးပေါင်းမှုများ မြှင့်တင်ရေး၊ သင်တန်းပို့ချမှုများတွင် အပြန်အလှန်အကူအညီပေးရေး၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

*✻ ကျောဖုံးမှ*

အတွင်း ဝင်ရောက်ခဲ့သည်။

အဆိုပါ နယ်မြေရှင်းလင်းမှုများ ဆောင်ရွက်သည့် ဇူလိုင် ၂ ရက်မှ ယနေ့အထိ ၎င်းတို့အဖွဲ့ထံမှ ဖမ်းဆီးရမိ ခုနစ်ဦး၊ အလောင်း လေးလောင်း၊ လက်နက်မျိုးစုံ ၃၉ လက်၊ ကျည်မျိုးစုံ ၄၀၃၃ တောင့်၊ ပုံးသီးမျိုးစုံ ၁၉၅ လုံး၊ မိုင်းမျိုးစုံ ၁၀၈ လုံး၊ ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့် မော်တော်ယာဉ် ၁၀ စီးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF)တို့က ဆက်လက်နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

---

# ကင်းထောက်လူငယ်အကြောင်း ဟောပြောပွဲနှင့် အတွေ့အကြုံရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၅**

ကင်းထောက်လူငယ်အကြောင်း သိကောင်းစရာဟောပြောပွဲနှင့် အတွေ့အကြုံရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ယာယီကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့် မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့ ယာယီကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်လှကြည်တို့က မြန်မာနိုင်ငံကင်းထောက်အဖွဲ့ အမျိုးသား၊ အမျိုးသမီးလှုပ်ရှားမှုများ၊ မြန်မာနိုင်ငံနှင့် နိုင်ငံတကာကင်းထောက်အဖွဲ့များ ဆက်သွယ်လှုပ်ရှားမှုများကို ဟောပြောကြသည်။

ထို့နောက် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ကင်းထောက်လူငယ်များ၏ သင်တန်းအတွေ့အကြုံ၊ စခန်းချလှုပ်ရှားမှုလေ့လာရေးခရီးစဉ်များနှင့် ကင်းထောက်အကြောင်းသိကောင်းစရာများကို ကင်းထောက်လူငယ် ကိုရီးယားဘာသာဌာန တတိယနှစ်ကျောင်းသူ မမေပွင့်ရှင်နှင့် ကင်းထောက်လူငယ်မောင်မယ်များက သရုပ်ပြရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေ**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၂။)**

**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း(၁)**
**အမည်**

၁။ ဤဥပဒေကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

**အခန်း(၂)**
**နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို စိစစ်ခြင်း**

၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ် ဇန်နဝါရီလ ၁၅ ရက်နေ့မတိုင်မီ တင်သွင်းရမည်။

၃။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာကော်မတီများသည် မိမိတို့၏ စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ် ဇန်နဝါရီလ ၃၀ ရက်နေ့မတိုင်မီ တင်ပြရမည်။

၄။ (က) ပြည်ထောင်စုလွှတ်တော်၏ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ကတင်ပြသော နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို စိစစ်ပြီး ငွေကြေးဆိုင်ရာ သုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ်၏ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်၏ ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြသော နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို စိစစ်ပြီး ဥပဒေဆိုင်ရာ သုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏ တင်ပြချက်များနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုအပ်သလို ဆောင်ရွက်ရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ် အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ တင်သွင်းရမည်။

၆။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာကော်မတီများသည် မိမိတို့၏ စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ် နိုဝင်ဘာလ ၇ ရက်နေ့မတိုင်မီ တင်ပြရမည်။

၇။ (က) ပြည်ထောင်စုလွှတ်တော်၏ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြသော နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို စိစစ်ပြီး ငွေကြေးဆိုင်ရာ သုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ်၏ နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်၏ ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြသော နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို စိစစ်ပြီး ဥပဒေဆိုင်ရာသုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏ တင်ပြချက်များနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုအပ်သလိုဆောင်ရွက်ရမည်။

**အခန်း(၃)**
**နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်အတူ ပူးတွဲပါရှိရမည့်အချက်များ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ**

၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းရာတွင် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အကျဉ်းချုပ်ဇယားများ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံတင်ပြချက်၊

(ခ) ဘဏ္ဍာရေးဝန်ကြီး၏ ရှင်းလင်းတင်ပြချက်တွင် အောက်ပါအချက်များပါဝင်ရမည်-

(၁) နှစ်လတ်ဘဏ္ဍာရေး လျာထားချက်၊
(၂) ဘဏ္ဍာရေးမဟာဗျူဟာမူဝါဒ၊
(၃) မက်ခရိုစီးပွားရေးအခြေအနေဖော်ပြချက်၊
(၄) နှစ်စဉ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်းသည့် ပြည့်စုံသော ရှင်းလင်းဖော်ပြချက်များ၊
(၅) ဘဏ္ဍာရေးဝန်ကြီး၏ ယခင်နှစ် ရှင်းလင်းတင်ပြချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊
(၆) ဝန်ကြီးဌာနအလိုက် ယခင်နှစ် ရည်မှန်းလျာထားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေ၊
(၇) နိုင်ငံတော်၏ ကြွေးမြီအရပ်ရပ် အခြေအနေတင်ပြချက်၊

(ဂ) ပြည်သူများ လွယ်ကူရှင်းလင်းစွာ သိရှိစေနိုင်သည့် ဘတ်ဂျက်ဆိုင်ရာ အနှစ်ချုပ် ဖော်ပြချက်၊

(ဃ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ကုန်သွယ်မှုအရှုံးအမြတ်စာရင်းများနှင့် ဘဏ္ဍာရေးအခြေအနေ ဖော်ပြချက်။

**နှစ်လတ်ဘဏ္ဍာရေးလျာထားချက်**

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နှစ်လတ်ဘဏ္ဍာရေးလျာထားချက်တင်ပြရာတွင် ယမန်နှစ်၏ ရှေ့ပြေးအမှန်၊ လက်ရှိနှစ်၏ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်း၊ တင်ပြသည့် ဘဏ္ဍာရေးနှစ်၏ ခန့်မှန်းခြေစာရင်း၊ ရှေ့လာမည့် နှစ်နှစ်အတွက် မျှော်မှန်းချက်စာရင်းများကို လက်ရှိနှစ်၏ ဈေးကွက်ဈေးနှုန်းများဖြင့် အောက်ပါအချက်များ ပါဝင်စေလျက် ဖော်ပြရမည်-

(က) ရငွေ၊
(ခ) သုံးငွေ၊
(ဂ) ဘတ်ဂျက်လိုငွေ၊
(ဃ) လိုငွေကိုဖြည့်ဆည်းခြင်း၊
(င) ကြွေးမြီလျာထားချက်။

၁၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နှစ်လတ်ဘဏ္ဍာရေး လျာထားချက်ကို ရှင်းလင်းတင်ပြရာတွင် ဝင်ငွေခန့်မှန်းချက်၊ အခြေခံလျာထား အသုံးစာရင်းရရှိသည့် ဘဏ္ဍာရေးအခြေအနေ၊ လုပ်ငန်းအစီအစဉ်သစ်များအတွက် လိုအပ်သော အသုံးစရိတ်နှင့် ထပ်မံလိုအပ်ငွေကို ဖြည့်ဆည်းခြင်းတို့ကို ဖော်ပြရမည်။

**ဘဏ္ဍာရေးမဟာဗျူဟာမူဝါဒ**

၁၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးမဟာဗျူဟာမူဝါဒနှင့်စပ်လျဉ်း၍ တင်ပြရာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည်-

(က) ဘဏ္ဍာရေးမူဝါဒနှင့်စပ်လျဉ်း၍ ခြုံငုံသုံးသပ်ခြင်း၊

(ခ) တင်ပြသည့် ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးမူဝါဒနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အသေးစိတ်ဖော်ပြရမည်-

(၁) အခွန်ဆိုင်ရာမူဝါဒ၊
(၂) အသုံးစရိတ်မူဝါဒ၊
(၃) ချေးယူခြင်း၊ ထုတ်ချေးခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းနှင့် သက်ဆိုင်သော မူဝါဒ။

(ဂ) တင်ပြသည့် ဘဏ္ဍာရေးနှစ်အတွက် ဦးစားပေးမှုအစီအစဉ်များ၊
(ဃ) တင်ပြသည့် ဘဏ္ဍာရေးနှစ်အတွက် လျာထားချက်များ၊
(င) မူဝါဒနှင့်စပ်လျဉ်း၍ သုံးသပ်ချက်၊
(စ) အခြားလိုအပ်ချက်များ။

**မက်ခရို စီးပွားရေးအခြေအနေဖော်ပြချက်**

၁၂။ နိုင်ငံတော်၏ မက်ခရိုစီးပွားရေးအခြေအနေဖော်ပြချက်နှင့် စပ်လျဉ်း၍ တင်ပြရာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည် -

(က) စီးပွားရေးအခြေအနေနှင့်စပ်လျဉ်း၍ ခြုံငုံသုံးသပ်ခြင်း၊
(ခ) ဂျီဒီပီ(GDP)တိုးတက်မှုနှုန်း၊
(ဂ) ပို့ကုန်၊ သွင်းကုန်၊ အရန်ငွေကြေး၊ ကုန်သွယ်မှု လိုငွေ ပိုငွေ၊
(ဃ) ငွေကြေး၊ ဘဏ်စနစ်နှင့် အရင်းအနှီးဈေးကွက်၊
(င) ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေ၊
(စ) မက်ခရိုစီးပွားရေးအခြေအနေ အလားအလာများ။

**အခန်း(၄)**
**နှစ်စဉ်ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်း ပြုစုခြင်း**

၁၃။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်သောကိစ္စများနှင့် စပ်လျဉ်း၍ ဥပဒေရေးဆွဲပြဋ္ဌာန်းပြီးမှ သုံးစွဲဆောင်ရွက်ရမည်။

၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ဖြည့်စွက်ရန်ပုံငွေ လိုအပ်ချက်ရှိပါက နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ဖော်ပြထားသည့် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၁၅။ ပြည်ပချေးငွေနှင့် ပြည်ပထောက်ပံ့ငွေများကို ဝန်ကြီးဌာနအလိုက် ဖော်ပြရမည်။

၁၆။ နှစ်လတ်ဘဏ္ဍာရေးလျာထားချက်ကို ရေးဆွဲဖော်ပြရာတွင် လာမည့်နှစ်နှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လျာထားသည့် ထောက်ပံ့ငွေနှင့်ချေးငွေများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကြိုတင်သိရှိနိုင်ရန် ဖော်ပြထည့်သွင်းလျာထားရမည်။

၁၇။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက ပြည်ပမှ ငွေချေးယူခြင်းအတွက် နိုင်ငံတော်ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာနက အာမခံခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည့်အပြင် ထိုကဲ့သို့ အာမခံထားငွေ စုစုပေါင်းကို နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတင်ပြရာတွင် ထည့်သွင်းဖော်ပြရမည်။

**အခန်း(၅)**
**အစီရင်ခံစာ တင်သွင်းခြင်း**

၁၈။ ဘဏ္ဍာရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ နှစ်ဝက်အစီရင်ခံစာကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ အောက်တိုဘာလအတွင်းတွင် ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့၏ ကိုယ်စားဘဏ္ဍာရေးဝန်ကြီးက တင်ပြရမည်။

၁၉။ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ နှစ်ပတ်လည်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့၏ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးက တင်ပြရမည်။

**အခန်း(၆)**
**အထွေထွေ**

၂၀။ ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဘဏ္ဍာရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပုဒ်မ ၁၀၆ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၁၀၇ တို့အရ ဤဥပဒေကို ထုတ်ပြန်သည်။**

## ဟဂ်ျဘုရားဖူးစေလွှတ်နိုင်ရေး အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

၂၀၁၅ ခုနှစ် ဟဂ်ျဘုရားဖူးစေလွှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၈ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန(ရုံးခွဲ) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး ငါးဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်သာသနာရေးဝန်ကြီးဌာနအတွက် သတ်မှတ်ရရှိသော အစ္စလာမ်ဘာသာဝင်များ၏ ဟဂ်ျဗီဇာခွဲတမ်း ၂၈၀ ဦး ကိစ္စနှင့်ပတ်သက်၍ ယခင့် ယခင်နှစ်များနည်းတူ ဟဂ်ျဗီဇာခွဲတမ်း ၃၅၀ ဦး ပြန်လည်ရရှိရေး အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးမှ အဆိုပြုဆောင်ရွက်ကြရန်နှင့် ယခုနှစ်ရရှိသော ခွဲတမ်းကိုလည်း ၂၀၁၄ ခုနှစ်နည်းတူ အစ္စလာမ်ဘာသာရေးအဖွဲ့ငါးဖွဲ့က ကြီးကြပ်၍ ဆောင်ရွက်ရန်နှင့် ဟဂ်ျဘုရားဖူးမသွားရသေးသူ၊ ငွေကြေးအခက်အခဲရှိသူများကို ဦးစားပေးရွေးချယ်စေလွှတ်ကြရန် ဆုံးဖြတ်ကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

## ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဇူလိုင် ၁၅**

နိုင်ငံ့ဂုဏ်ဆောင်မျိုးဆက်သစ်ဘောလုံးသမားများ ပေါ်ထွန်းရေးအတွက် ရည်ရွယ်ကျင်းပသော မော်လမြိုင်ကျွန်းမြို့နယ် ပညာရေးမှူးဖလား အသက် ၁၅ နှစ်အောက် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇူလိုင် ၁၃ ရက်က မော်လမြိုင်ကျွန်းမြို့ ပြည်သူ့ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

ယင်းပြိုင်ပွဲ၌ ဆုချီးမြှင့်ပွဲကျင်းပရာ မြို့နယ်ပညာရေးမှူးဖလား ပူးတွဲပထမဆုရရှိကြသော အထက(၁)ဘောလုံးအသင်းနှင့် အောက် မအူတုံးဘောလုံးအသင်းတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် တာဝန်ရှိသူများက ပူးတွဲပထမဆုဖလားနှင့် ဆုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲသို့ အသက် ၁၅ နှစ်အောက် ဘောလုံးအသင်း ရှစ်သင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဇူလိုင် ၅ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**မြင့်အောင်(မော်ကျွန်း)**




နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း ပန်းပုကွင်းကျေးရွာ ငါးသိုင်းချောင်းမြို့နယ် ဧရာဝတီတိုင်းဒေသကြီး၌ သီတင်းသုံးလျက်ရှိသော နဂါးရစ်တောင်ဆရာတော် ဦးဝိသုဒ္ဓနှင့် တပည့်သားသမီးများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံယူစဉ်။
(သတင်းစဉ်)

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌဖလား အမျိုးသား အမျိုးသမီး မီနီမာရသွန် ပြိုင်ပွဲဖွင့်

**နေပြည်တော် ဇူလိုင် ၁၅**

၂၀၁၅ ခုနှစ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌဖလား အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင် ၁၄ ရက်က ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် နံနက် ၆ နာရီက ပင်းတယမြို့နယ် အားကစားကွင်းရှေ့၌ကျင်းပသော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဖလား၊ အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးထူးကိုကိုနှင့်အတူ မီနီမာရသွန်ပြိုင်ပွဲကို သေနတ်ပစ်ဖောက်၍ ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနား ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးနှင့် ဦးစီးဥက္ကဋ္ဌတို့သည် ဆုရရှိသူများကို ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



ဒုတိယဝန်ကြီး ဦးဇော်ဝင်း အမျိုးသားမာရသွန်ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။

## ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း မုတ်သုံလေ အားအလွန်ကောင်းနေ

နေပြည်တော် ဇူလိုင် ၁၅

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မိုး/ဇလ

# နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ဆက်စပ်သော သကြား၊ ကြက်သွန်ဖြူ၊ မန်ကျည်း ပြည်တွင်းဈေးနှုန်းမပြောင်းလဲ၊ စားသုံးဆီ၊ စက်သုံးဆီ ဈေးနှုန်းများမြင့်

**ရန်ကုန် ဇူလိုင် ၁၅**

ဗဟိုဘဏ်၏ နိုင်ငံခြားငွေသတ်မှတ်ရည်ညွှန်းကိန်းကို ပြင်ပဈေးကွက်နှင့်လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်လိုက်ရာ ဇူလိုင် ၁၃ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ငွေကျပ် ၁၂၀၀ နှုန်းဖြစ်လာသည်။ ဇူလိုင် ၁၀ ရက် သောကြာနေ့တွင် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းကိန်းမှာ ငွေကျပ် ၁၁၂၅ ကျပ်ဖြစ်သော်လည်း ပြင်ပငွေလဲနှုန်းမှာ ၁၂၁၀-၁၂၁၂ ကျပ်နှုန်းရှိခဲ့သည်ဟု ဆီအသင်း၏နေ့စဉ် စားအုန်းဆီဈေးနှုန်းထုတ်ပြန်မှုမှ သိရသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုရှိနေသော ယခုလအတွင်း ပြည်ပမှ ဝယ်ယူခြင်း၊ ရောင်းချခြင်းရှိသော ကုန်ပစ္စည်းများအနက် သကြား၊ ကြူကုတ်ကြက်သွန်ဖြူ၊ မန်ကျည်းဈေးနှုန်းများ မြင့်တက်လာမှုမရှိဘဲ ယခင်ဈေးနှုန်းထက်ကျဆင်းနေသည်ဟု ဈေးကွက်အဝယ်တော်တစ်ဦးက ဆိုသည်။

ဇူလိုင် ၁၀ ရက် ပြည်ပ FOB စားအုန်းဆီတစ်တန် ဈေးနှုန်း ၆၄၀ ဒေါ်လာ၊ ဗဟိုဘဏ်ငွေလဲနှုန်း ၁၁၂၅ ကျပ်၊ ဆိပ်ကမ်းရောက်စားအုန်းဆီတစ်ပိဿာ အရင်းဈေးငွေကျပ် ၁၃၆၀ ရှိသည်။ ရန်ကုန်ဈေးကွက်အလှယ် တစ်ပိဿာရောင်းဈေးမှာ ငွေကျပ် ၁၄၄၀ ရှိသည်။

ဇူလိုင် ၁၄ ရက်တွင် FOB ပြည်ပဈေး ဒေါ်လာ ၆၅၀ ၊ ဗဟိုဘဏ် ငွေလဲနှုန်း ၁၂၀၅ ကျပ်၊ ဆိပ်ကမ်းရောက်အရင်းဈေး ငွေကျပ် ၁၄၇၄ ကျပ်၊ ရန်ကုန်ဈေးကွက်အလှယ် တစ်ပိဿာရောင်းဈေး ၁၄၈၅ ကျပ်သို့ မြင့်တက်လာသည်ဟု သိရသည်။

ဇူလိုင် ၆ ရက်မှ ၁၀ ရက်အတွင်း ဆိပ်ကမ်းရောက်အောက်တိန်း ၉၂ တစ်လီတာပျမ်းမျှအရင်းဈေးမှာ ငွေကျပ် ၆၅၀ ၊ ဒီဇယ်တစ်လီတာ ငွေကျပ် ၅၇၂ ကျပ်နှုန်းသို့ ထပ်မံကျဆင်းလာသည်ဟု သက်ဆိုင်ရာ ထုတ်ပြန်ချက်အရ သိရသည်။ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများမှာ ဇူလိုင် ၄ ရက်တွင် ၅၆ ဒေါ်လာနှုန်းမှ ဇူလိုင် ၉ ရက်တွင် ၅၁ ဒေါ်လာဝန်းကျင်သို့ ကျဆင်းသည်ဟု သိရသည်။

သို့သော် ဇူလိုင် ၁၄ ရက်တွင် ရန်ကုန်မြို့တွင်း စက်သုံးဆီအရောင်းဆိုင်များရှေ့ရှိ ဈေးနှုန်းဖော်ပြချက်အရ အောက်တိန်း ၉၂ တစ်လီတာ ငွေကျပ် ၇၂၀-၇၃၀၊ ဒီဇယ်တစ်လီတာ ငွေကျပ် ၆၉၀ နှုန်းဖြင့် ရောင်းချမှုရှိသည်ဟုသိရသည်။ ဆိုင်အချို့တွင် ယင်းဈေးနှုန်းထက် တစ်လီတာလျှင် ငွေကျပ် ၁၀ လျော့နည်းရောင်းချသည်။ ဆိပ်ကမ်းရောက်အရင်းဈေးထက် အောက်တိန်း ၉၂ တစ်လီတာ ဝယ်ယူရာတွင် ယခုရက်ပိုင်းတွင် ငွေကျပ် ၆၀ ဝန်းကျင်၊ ဒီဇယ်တစ်လီတာလျှင် ငွေကျပ် ၁၀၀ ကျော်ဈေးမြင့်နေသည်ဟု စက်သုံးဆီဝယ်ယူသူ ကုန်တင်ယာဉ်ပိုင်ရှင် ဦးစန်းအောင်က ပြောသည်။ **ခင်ဆိုင်**







# ကျေးလက်ဖွံ့ဖြိုးရေးလမ်းများ ကြာအင်းဆိပ်ကြီးမြို့နယ်၌ ဖောက်လုပ်

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၁၅**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျေးလက်လမ်းများ ဖောက်လုပ်ပေးလျက်ရှိသည်။

ထိုသို့ဖောက်လုပ်ပေးရာတွင် သံပုရာ-ရေကျော်ကြီးလမ်း ကျောက်ချောခင်းခြင်း ၁/၄ မိုင်၊ အင်းခွ-တောင်ဒီးလမ်း ကျောက် ချောခင်းခြင်း သုံးမိုင်၊ ကြာအင်းဆိပ်ကြီး-ကြခတ်ချောင်း-တုလေကုန်းလမ်း ကတ္တရာခင်းခြင်း ၁ မိုင် ၄ ဖာလုံ၊ ဝဲကလွန်-လှာကဒါ-ထိမ်ထိုလမ်း မြေသားခင်းခြင်း သုံးမိုင်၊ ဝါးဘိုးကုန်း-အုန်းတပင်-ဂူမှီလမ်းမြေသားခင်းခြင်း ၁ မိုင် ၆ ဖာလုံ၊ ကြိတ်-ကွင်းကလေး-မော်ခဲခီးလမ်းမြေသားခင်းခြင်း နှစ်မိုင်၊ ဘုရားသုံးဆူမြို့ ကျုံဆန်-ဝင်းထောင်- နန်းခိုလမ်းမြေသားခင်းခြင်း သုံးမိုင်၊ ဖားပြ-နန်းခွိ-လွတ်ရှမ်းလမ်းကျောက်ချောခင်းခြင်း တစ်မိုင်၊ သံပုရာ-တောင်ပေါက်လမ်း ကျောက်ချောခင်းခြင်း ၁ မိုင် ၁ ဖာလုံ၊ တောင်ပေါက်-ဝေသာလီကမ်းနားလမ်း မြေသားခင်းခြင်း ငါးမိုင်၊ စုစုပေါင်း လမ်းမိုင်ပေါင်း ၂၄ မိုင် ၃ ဖာလုံကို ရန်ပုံငွေကျပ် ၇၈၈ ဒသမ ၉၃၈ သန်းဖြင့် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေ ချောမွေ့စေရန် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက် နေပြီဖြစ်ကြောင်း သိရသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

# အခြေခံပညာမူလတန်းကျောင်း(ခွဲ)မှ မူလတန်းကျောင်းသို့ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်

**မြဝတီ ဇူလိုင် ၁၅**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း(ခွဲ)မှ အခြေခံပညာမူလတန်းကျောင်းသို့ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၁၄ ရက်က အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မြဝတီခရိုင်အနေဖြင့် ကိုယ့်အားကိုယ်ကိုးကျောင်းမှ မူလတန်းကျောင်း(ခွဲ)သို့ နှစ်ကျောင်း၊ မူလတန်းကျောင်းသို့ လေးကျောင်း၊ မူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်းသို့ နှစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲမှ အလယ်တန်းကျောင်းသို့ တစ်ကျောင်း စုစုပေါင်း ကျောင်း ကိုးကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# အဖျောက်မြို့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းပြီးစီး



ထို့နောက် မိုင်တိုင်အမှတ်(၃/၇) နှင့် (၄/၀)အကြား အရှည်ပေ ၂၆၀၊ အကျယ် ၃၄ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၈ ပေ၊ ယာဉ်တစ်စီးချင်း ခံနိုင်ဝန်တန် ၆၀ ရှိ ဒုံဗျိုက် တံတား တည်ဆောက်ရေးလုပ်ငန်း ခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၄ ရက် နံနက် ၇ နာရီက တိုက်ကြီးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ် အဖျောက်မြို့ အမှတ်(၂)ရပ်ကွက်ရှိ ကမ်းပြိုကာကွယ်ရေး လုပ်ငန်း သံမဏိကျောက်ဖြည့်ရေကာ အလျား ပေ ၃၀၀ တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကျော်မှူးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

အဆိုပါ အဖျောက်မြို့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းသည် ဘိုးပိုင်အခြေပြု ကျောက်စီတမံအမျိုးအစား၊ အလျားပေ ၃၀၀ ရှိပြီး သဲအိတ်စီ၊ သဲမွေ့ရာအုပ်၊ သံခြင်းကျောက်ဖြည့် ရေကာဖြစ်သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၂၅၀ ဖြင့် တည်ဆောက်ခဲ့ရာ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

ယင်းနောက် အမှတ်(၂)ရပ်ကွက်ရှိ အဖျောက်တာ (စွန့်ပစ်တာ)သို့ ရောက်ရှိပြီး နိမ့်ကျနေသောအပိုင်းကို လုပ်ငန်းဆောင်ရွက်ရန်အတွက် တိုင်းတာတွက်ချက်၍ တင်ပြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုက်ကြီး-ဥတို-ချောင်းသုံးခွ-အဖျောက်လမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ မိုင်တိုင်အမှတ် (၁၁/၀) နှင့် (၁၁/၁)အကြား အရှည် ပေ ၂၂၀၊ အကျယ် ၃၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ယာဉ်တစ်စီးချင်း ခံနိုင်ဝန်တန် ၆၀ ရှိ အင်းလန်တံတားသို့ ရောက်ရှိပြီး တံတားတည်ဆောက်ရေး တာဝန်ခံများက ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးချုပ်က လုပ်ငန်းများအချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စနစ်တကျတည်ဆောက်ရန် မှာကြားသည်။



နေပြည်တော်မြို့နယ် ကျုံတနီးကျေးရွာအုပ်စု ကျုံတနီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၁၄ ရက်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ကျောင်းသား ကျောင်းသူများက အရိပ်ရသစ်ပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

**မုတ်သုံလေ အားကောင်းနေ**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းနေမည်။

# အင်းတော်မြို့နယ် စက်တောတွင် ၂၄ နာရီ မီးလင်းတော့မည်

**အင်းတော် ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် စက်တောတွင် ၂၄ နာရီ မီးလင်းတော့မည်ဖြစ်ကြောင်း သိရသည်။ စက်တောရွာရပ်မိရပ်ဖ ဦးခင်မောင်က“ကျွန်တော်တို့ရွာမှာ မီးလင်းဖို့ တစ်ရွာလုံး တက်ညီလက်ညီနဲ့ အခုလို ကြိုးစားနေကြတာက အင်မတန်မှ ဂုဏ်ယူစရာပါ။ ဒီနှစ်အတွင်းမှာ မီးလင်းအောင် စီစဉ်ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်” ဟု ပြောကြားခဲ့သည်။

စက်တောကျေးရွာသည် အင်းတော်မြို့နှင့် ၁၀ မိုင်အကွာအဝေးရှိပြီး ရွှေဘို-မြစ်ကြီးနားသွားသည့် ကားလမ်းဘေး၌တည်ရှိကာ အိမ်ခြေ ၁၀၀ ကျော်ရှိသော ကျေးရွာဖြစ်သည်။ အဆိုပါကျေးရွာသည် ယခင်နှစ်ကာလများက မီးလင်းခြင်းမရှိခဲ့သော်လည်း ယခု ဇူလိုင် ၁၃ ရက်က စတင်ကာ စက်တောကျေးရွာသူ ကျေးရွာသားများ စုပေါင်း၍ မီးလင်းရေးအတွက် အားသွန်ခွန်စိုက် လုပ်ဆောင်နေကြပြီဖြစ်ကြောင်း သိရသည်။



**သန်းမောင်လေး**

# ဇူလိုင် ၁၅ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | |
|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၄၅၀၀ **မှတ်ချက် - ဆန်ဈေးငြိမ်နေပါသည်** |
| ၂ | ဇီရာ/ညှော်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးတို(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၇၆၀၀၀ |
| ၈ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၄၀၀၀ မှ ၈၅၀၀၀ |
| ၉ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၅၀၀၀ မှ ၁၀၀၀၀၀ |
| ၁၀ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၁၀၀၀၀ မှ ၁၅၀၀၀၀ |
| ၁၁ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၀၀ မှ ၈၂၅ |
| ၁၂ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၆၀ မှ ၂၀၀၀ |
| ၁၃ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၀၀ မှ ၂၅၅၀ |
| ၁၄ | အာလူး | ဟဲဟိုး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀ မှ ၈၇၅ |
| ၁၅ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀ မှ ၂၈၀၀ |
| ၁၆ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၈၀၀၀ |
| ၁၇ | သရက်သီး (စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၉၀၀၀ |
| ၁၈ | နဂါးမောက်သီး | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၆၀၀၀ |
| **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။** | | | | | |

# ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းအဆင့်မှ အမက(ခွဲ)ကျောင်းအဆင့်တိုးမြှင့်

**မိုးကောင်း ဇူလိုင် ၁၅**

အခြေခံပညာမူလတန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီက မိုးကောင်းမြို့ (၈)မိုင်လမ်းဆုံ အမကကျောင်း၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနွယ်၊ ဦးကျော်မြင့်နှင့် မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်နှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားပြီး စေတနာအလှူရှင်များက ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သည့် ကျောင်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းလွင်ဦး**

# စက်ရုံတည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၅**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ စက်မှုကုန်ကြမ်းများ ($Na_2Co_3$, $NH_4CL$ နှင့် HCL ) ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော မြောင်းတကာသံမဏိစက်မှုဇုန်၊ မှော်ဘီမြို့နယ် ရန်ကုန်တိုင်းဒေသကြီးရှိ ဟန်ဒွေးအောင်ကုမ္ပဏီလီမိတက်၏ စက်ရုံတည်ဆောက်ရေးလုပ်ငန်းများကို ဇွန် ၃၀ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၇)ပါ လျှပ်စစ်စက်ကွင်းနှင့် ခုတ်လိုက်မှုအန္တရာယ်ဆောင်းပါးဇယားတွင် ပါရှိသော အန္တရာယ်ရှိနိုင်သော လျှပ်စစ်စက်ကွင်းအကွာအဝေးများအား ၂/၁ ပေ၊ ၂/၁ ပေ၊ ၂/၄ ပေ၊ ၂ /၆ ပေ၊ ၃ /၆ ပေနှင့် ၅/၂ ပေ (အစား) **၂ ဒသမ ၁ ပေ၊ ၂ ဒသမ ၁ ပေ၊ ၂ ဒသမ ၄ ပေ၊ ၂ ဒသမ ၆ ပေ၊ ၃ ဒသမ ၆ ပေနှင့် ၅ ဒသမ ၂ ပေ**ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်းအဖွဲ့)**

# ကျိုင်းတုံမြို့၌ ငွေဒင်္ဂါးအတု လိမ်လည်ရောင်းချသူများဖမ်းဆီးရမိ

**ကျိုင်းတုံ ဇူလိုင် ၁၅**

ကျိုင်းတုံမြို့၌ ငွေဒင်္ဂါးအတုများ လိမ်လည်ရောင်းချနေသည့်အမျိုးသမီးလေးဦးကို ဇူလိုင် ၁၄ ရက် ညပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဇွန် ၂ ရက် ညနေ ၅ နာရီခန့်က ကျိုင်းတုံမြို့ရပ်ကွက်(၃)၌ နေထိုင်သူ ဒေါ်နန်းနွန်းနေအိမ်သို့ အမျိုးသားငါးဦးနှင့် အမျိုးသမီးတစ်ဦးရောက်ရှိလာပြီး ၎င်းတို့နေအိမ်ဟောင်းဖျက်ရာမှ ရရှိလာသည့်ငွေဒင်္ဂါးများကို ရောင်းချလိုကြောင်း ညှိနှိုင်းရာ ဒေါ်နန်းနွန်းက ငွေဒင်္ဂါးပြားအကြီး ၇၉၄ ပြားကို တစ်ပြားလျှင် ငွေကျပ် ၈၂၀၀ ဖြင့် လည်းကောင်း၊ ငွေဒင်္ဂါးပြားအလတ် ၁၇၂ ပြားကို တစ်ပြားလျှင် ငွေကျပ် ၆၈၀၀ ဖြင့်လည်းကောင်း၊ ငွေဒင်္ဂါးပြားအသေး ၄၉၇ ပြားကို တစ်ပြားလျှင် ငွေကျပ် ၄၀၀၀ ဖြင့်လည်းကောင်း၊ ၃၃၀ ဂရမ်ခန့်ရှိ ငွေတုံးအကြီးနှစ်တုံးကို တစ်တုံးလျှင် ငွေကျပ် ၄၀၀၀၀၀ ဖြင့်လည်းကောင်း၊ ၁၄၀ ဂရမ်ခန့်ရှိ ငွေတုံးအလတ်ခုနစ်တုံးကို တစ်တုံးလျှင် ငွေကျပ် ၂၂၀၀၀၀ ဖြင့်လည်းကောင်း၊ ၂၄ ဂရမ်ခန့်ရှိ ငွေတုံးအသေး ခြောက်တုံးကို တစ်တုံးလျှင် ငွေကျပ် ၃၀၀၀၀ ဖြင့်လည်းကောင်း ဝယ်ယူခဲ့သည်။



ဒေါ်နန်းနွန်းက ဝယ်ယူပြီး ငွေဒင်္ဂါးပြားနှင့် ငွေတုံးများကို ဇွန် ၃ ရက်တွင် မြို့မဈေးအတွင်းရှိ ငွေဟောင်းနှင့်ပတ်သက်၍ ကျွမ်းကျင်သူထံ သွားရောက်ပြသခဲ့ရာ အတုများဖြစ်ကြောင်းသိရှိရသည်။ အဆိုပါရောင်းချသူများအား လိုက်လံစုံစမ်းခဲ့ပြီး ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီတွင် ၎င်းနှင့်ဆွေမျိုးတော်စပ်သူ ကျိုင်းတုံမြို့ ရပ်ကွက် (၅) ၌ နေထိုင်သော ဦးစိုင်းဆမ်ထံသို့ အမျိုးသမီးလေးဦး ငွေဒင်္ဂါးပြားများ လာရောက်ရောင်းချနေကြောင်း သိရှိရသဖြင့် တာဝန်ရှိသူများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ငွေဟောင်းပြားအတုများနှင့်အတူ ရောင်းချသူ ဒေါ်ယေ့ပလုတ်၊ ဒေါ်အုတ်နွဲ့၊ ဒေါ်အီသောင်း၊ ဒေါ်အမ်တိုင်း၊ ဝမ်ဟုန်ရပ်၊ မိုင်းဆတ်မြို့နေသူတို့ကို ဖမ်းဆီးရမိခဲ့ပြီး ကျိုင်းတုံမြို့မရဲစခန်းက ဆက်စပ်ပြစ်မှုကျူးလွန်သူများဖမ်းဆီးရမိရေးနှင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**
**ဓာတ်ပုံ-လော်ဂူး**

# စိတ်ဖောက်သည့် ညီက ဓားဖြင့်ခုတ်၍ အစ်ကိုသေဆုံး

**အုတ်တွင်း ဇူလိုင် ၁၅**

ဇူလိုင် ၁၃ ရက် နံနက် ၃ နာရီခန့်က တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စု တော်ဝင်ကုန်းကျေးရွာရှိ နာရေးနေအိမ်ကိုရောက်ရှိလာသော အစ်ကိုဖြစ်သူသည် အိပ်ပျော်နေခိုက် အရက်ကြောင်ကြောင်နေသည့်ညီဖြစ်သူက ဓားဖြင့်ခုတ်၍ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၃ နာရီက စိုးလှိုင်၏ ညီတော်သူ မင်းလတ်၏ နာရေးကိစ္စကို ကူညီဆောင်ရွက်ရန် အစ်ကိုကြီးဖြစ်သူ တင်စိုး(၄၉နှစ်) ရေကျော်ကျေးရွာ ထန်းတပင်မြို့နယ်၌ နေထိုင်သူက ရောက်ရှိလာပြီး နေအိမ်ပေါ်ရှိ အလောင်းစင်နား၌ အိပ်ပျော်နေခဲ့သည်။ ထိုအချိန် ညီတော်သူ စိုးလှိုင်မှာ စိတ်ဖောက်ပြီး ‌အော်ကာ ဦးချွန်ပါဓားဖြင့် တင်စိုးအားခုတ်ခဲ့သဖြင့် ဒဏ်ရာများရရှိပြီး သေဆုံးသွားခဲ့၍ အုတ်တွင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဗန္ဓုလတံတားထိပ်ယာဉ်တိုက်မှု အနည်းဆုံး ၁၅ ဦးဒဏ်ရာရ

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်မြို့ မဟာဗန္ဓုလတံတားထိပ်ဒေါပုံဘက်ခြမ်း၌ ဇူလိုင် ၁၄ ရက် ညနေပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားရာ အနည်းဆုံး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

“ဒဏ်ရာရတဲ့သူတွေက ၃၅ မီနီဘတ်စ်ကားပေါ်က များပါတယ်။ နဖူးကွဲ၊ ခေါင်းကွဲပွန်းပဲ့သူတွေများပါတယ်။ ဒဏ်ရာအပြင်းဆုံးက လက်ကျိုးတဲ့သူလည်း ပါနိုင်ပါတယ်” ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောသည်။

အဆိုပါယာဉ်တိုက်မှုသည် ညနေ ၅ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ရွှေခင်းသာလမ်းမကြီးပေါ်၌ ကိုကျော်ရှင်းအောင် မောင်းနှင်လာသော ကုန်တင်လိုက်ထရပ်ယာဉ် 8E/----နှင့် ကိုသက်အောင်နိုင် မောင်းနှင်လာသော ၃၅ မီနီဘတ်စ်တို့ တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုကျော်ရှင်းအောင် မောင်းနှင်လာသော ကုန်တင်လိုက်ထရပ်ယာဉ်သည် ရွှေခင်းသာလမ်းမကြီးအတိုင်း မောင်းနှင်လာကာ မီးပွိုင့်၌ ရပ်တန့်နေစဉ် ဗန္ဓုလတံတားပေါ်မှ ဆင်းလာသော အဆိုပါ ၃၅ မီနစ်ဘတ်စ်သည် ယာဘက်ယာဉ်ကြောမှ ဆင်းရမည့်အစား အလယ်လမ်းကြောအတိုင်း ဆင်းလာရာ အရှိန်မထိန်းနိုင်ဘဲ လိုက်ထရပ်ယာဉ် ဦးခေါင်းပိုင်းနှင့် တိုက်မိပြီး မော်တော်ယာဉ်နှစ်စီးစလုံး လဲကျသွားခဲ့ကြောင်း သိရသည်။

ယင်းယာဉ်မတော်တဆမှုကြောင့် ၃၅ မီနီဘတ်စ်ကားပေါ်မှ ခရီးသည်များဒဏ်ရာရရှိပြီး လိုက်ထရပ်ယာဉ်မောင်းမှာလည်း ဒဏ်ရာများ ရရှိသွားကြောင်း၊ ယင်းမတော်တဆဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များက အသေးစိတ် စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။



**သတင်းနှင့် ဓာတ်ပုံ**
**ကြံတိုင်းအောင်**

# မူဆယ်(၁၀၅)မိုင်တိုးဂိတ်၌ အကောက်အခွန်မဲ့ ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ

**မူဆယ် ဇူလိုင် ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၊ အေးရှားဝေါလ်တိုးဂိတ်တွင် လိုင်စင်ပါ မာဇဒါအမျိုးအစား BT-50 FIT (YGN 4H/----) ယာဉ်တွင် အကောက်အခွန်မဲ့ ကျောက်စိမ်းတုံး အရွယ်စုံ/အရောင်စုံတို့ကို ဇူလိုင် ၁၅ ရက်က ဖမ်းဆီးရမိသည်။

အဆိုပါ အကောက်အခွန်မဲ့ပစ္စည်းများနှင့် ပိုင်ရှင်မဲ့ယာဉ်ကို မူဆယ်မြို့ ဌာနဆိုင်ရာပေါင်းစုံ (Mobile Team) လှုပ်ရှားအဖွဲ့တို့မှ ဇူလိုင် ၁၅ ရက် နံနက်ပိုင်း ၉ နာရီခွဲတွင် ၁၀၅ မိုင် အေးရှားဝေါလ်တိုးဂိတ်၌ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အကောက်အခွန်မဲ့ ပစ္စည်းများမှာ ကျောက်စိမ်းတုံး အရွယ်စုံ/ရောင်စုံခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၈ သိန်း၊ လိုင်စင်ပါ ပိုင်ရှင်မဲ့ယာဉ် ကာလတန်ဖိုး ငွေကျပ်သိန်း ၁၂၀ ဖမ်းဆီးရမိခဲ့သည်။

ကျောက်စိမ်းများကို မြန်မာ့ကျောက်မျက်ရတနာကုန်စည်ဒိုင်သို့ လည်းကောင်း၊ ယာဉ်အား အကောက်အခွန်ဦးစီးဌာနသို့ လည်းကောင်း ယနေ့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

တစ်မျိုးသားလုံး မူးယစ်အန္တရာယ်
ဝိုင်းဝန်းစုပေါင်းကာကွယ်


### ပြန်ကြားရေးဝန်ကြီးဌာန
### သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း
### ကန်ရိပ်သာလမ်းသိုလှောင်ရုံပြင်ဆင်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းပိုင် ကန်ရိပ်သာလမ်းရှိ စက္ကူသိုလှောင်ရုံများ အသေးစားပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသော လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဈေးနှုန်းလွှာများတင်သွင်းကြပါရန် ဖိတ်ကြားအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို ၁၃-၇-၂၀၁၅ရက်မှ ၂၄-၇-၂၀၁၅ရက် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၅-၇-၂၀၁၅ရက် နံနက် ၉နာရီမှ ညနေ ၃နာရီအတွင်း အောက်ပါလိပ်စာသို့ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါအတိုင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်နှင့် တင်ဒါတင်သွင်းရန်လိပ်စာ**
**ကန်ရိပ်သာလမ်း ဂိုဒေါင်ပြင်ဆင်ရေးကော်မတီ**
**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (ရန်ကုန်ရုံး)**
**အမှတ် ၂၁၂၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ဖုန်း-၀၁-၂၀၀၈၁၂၊ ၀၁-၂၀၁၁၉၂**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ မင်းလှမြို့နယ်နှင့် ကြို့ပင်ကောက်မြို့နယ်တို့တွင် ပေ(၃၀×၂၀) အုတ်ညှပ်နံရံကာကွန်ကရစ်ခင်း၊ သွပ်မိုးဝန်ထမ်းအိမ်ရာတစ်လုံးစီနှင့် မင်းလှမြို့နယ်တွင် သန့်စင်ခန်း၊ ရေချိုးခန်း တစ်လုံးဆောက်လုပ်မည်ဖြစ်ရာ ဆောင်ရွက်လိုသောကုမ္ပဏီလုပ်ငန်းရှင်များအား အဆိုပြုလွှာတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပြုလွှာပုံစံများကို သစ်တောဦးစီးဌာန သာယာဝတီခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ရယူနိုင်ပြီး ကြော်ငြာပါသည့်ရက်မှစ၍ ၄-၈-၂၀၁၅ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ တင်သွင်းရန်နှင့် ၅-၈-၂၀၁၅ရက် နံနက် ၁၀နာရီ၌ အဆိုပြုလွှာများကို ရွေးချယ်သွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သစ်တောဦးစီးဌာန၊ သာယာဝတီခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၅၅-၃၀၂၄၇၊ ၃၀၃၂၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



## ကွန်ဒိုတိုက်ခန်းငှားရန်ရှိသည်

- ပြည်လမ်းမကြီးပေါ် အင်းလျားကန်မျက်နှာချင်းဆိုင်(ရှုခင်းကောင်း)
- ကုမ္ပဏီရုံးခန်းဖွင့်လှစ်ရန်အထူးကောင်းမွန်သည်
- အခန်းနံပါတ်၊ 3C ဓာတ်လှေကားနှစ်စင်း၊ ကားပါကင်ပါရေမီးအစုံ
- အကျယ် 1500 sqft, Master တစ်ခန်း၊ single နှစ်ခန်း
- ကြိုးဖုန်း နှစ်လုံး၊ အဲယားကွန်း ငါးလုံး
- တစ်လကျပ် ၁၈ သိန်းနှစ်ချုပ်ဖြင့်ငှားမည်
- **ဖုန်း-၀၉-၅၁၀၁၀၂၄၊ ၀၉-၅၆၇၀၅၁၁၊ ၀၉-၅၆၇၀၇၁၁၊ ၀၉-၂၆၂၆၈၄၃၀၄**



**အမည်မှန်**

ဦးရွှေမင်းညို၏ သမီး မောင်တောမြို့၊ မြို့မအရှေ့ရပ်နေ မခင်မေ ၁၁/မတန(နိုင်)၀၀၅၁၀၈၏ အမည်မှန်မှာ ခင်မေကျော့ဖြစ်ပါကြောင်း။

**မခင်မေကျော့**



## အများသိစေရန်အသိပေးကြေညာခြင်း

Glory Heyday Co.,Ltd. သည် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကုမ္ပဏီများမှတ်ပုံတင်ရုံးမှ ၂၁-၉-၂၀၁၁ ရက် ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၉၈၂/၂၀၁၁-၂၀၁၂)ဖြင့် တရားဝင်မှတ်ပုံတင်ပြုလုပ်ကာဝန်ဆောင်မှုလုပ်ငန်း၊ ဥပဒေအကြံပေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ လမ်းတံတားနှင့်သက်ဆိုင်သော ဆောက်လုပ်ရေးလုပ်ငန်းများကို ကိုယ်တိုင်တာဝန်ခံဆောင်ရွက်လုပ်ကိုင်လျက်ရှိပြီး မည်သည့်ကုမ္ပဏီအဖွဲ့အစည်းပုဂ္ဂိုလ်တစ်ဦးနှင့်မျှ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ ကိုယ်စားလှယ်လွှဲပေးခြင်း၊ တစ်ဆင့်ခံလုပ်ငန်းတာဝန်ပေးလုပ်ကိုင်ခြင်းများမရှိပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ကုမ္ပဏီ၏တရားဝင်ခွင့်ပြုချက်မရရှိဘဲ လုပ်ကိုင်ဆောင်ရွက်ထားသော လုပ်ငန်းများနှင့်ပတ်သက်၍ ကုမ္ပဏီမှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ထပ်ဆင့်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းရွှေ(B.A,H G P,R.L)**
**တရားလွှတ်တော်ရှေ့နေ(၅၂၆၈)**



## ငှားရန်ရှိသည်

- ဝေဇယန္တာလမ်းမကြီးပေါ် အောင်ရတနာဆေးရုံအနီး သဃ်န်းကျွန်း
- အကျယ်(၁၈×၅၅)ပေ၊ မြေညီထပ်(ထပ်ခိုး၊ အိမ်သာ၊ ရေချိုးခန်း၊ ရေမီးအစုံ)
- Company ရုံးခန်း၊ Showroom ဖွင့်လှစ်ရန်အထူးကောင်းမွန်
- တစ်လကျပ် ၁၀ သိန်းနှစ်ချုပ်ဖြင့်ငှားမည်
- **ဖုန်း-၀၉-၅၁၀၁၀၂၄၊ ၀၉-၅၆၇၀၅၁၁၊ ၀၉-၅၆၇၀၇၁၁၊ ၀၉-၂၆၂၆၈၄၃၀၄**



**ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း**
## ထုချေစေရန်အကြောင်းကြားစာ

**တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၄၆၆ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ ခုနှစ် တရားဇာရီမှုအမှတ်-၆၇**

| | | |
|---|---|---|
| ဒေါ်သိန်းရီ | နှင့် | ဒေါ်စိန်ချော |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် | | အမှတ် ၁၆၊ ဦးဘဟန်လမ်း၊ |
| ဦးအောင်သူရ) | | (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

အထက်ပါအမှုမှ တရားရှုံးဒေါ်စိန်ချော(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၄၆၆ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်သိန်းရီက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၄ ရက် (၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကြည်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

# ယာဉ်ဖြတ်လမ်းများမရှိသဖြင့် ယာဉ်များ အဆင်ပြေမောင်းနှင်လာနိုင်



**ရန်ကုန် ဇူလိုင် ၁၅**

ဘုရင့်နောင်ပွဲရုံဝင်းရှေ့ ဘုရင့်နောင်လမ်းမလယ်ရှိ လမ်းတားကပ်တုံးများနေရာရွှေ့၍ ယာဉ်ဖြတ်လမ်း လေးခုလုပ်ထားသည်ကို ဇွန်လအတွင်း မြင်တွေ့ရသည်။ ယင်းလမ်းမပေါ်တွင် လမ်းတားကပ်တုံးအသစ်များ ထပ်မံချထားမှုကို ဇွန်လတတိယပတ်အတွင်း မြင်တွေ့ရသည်။ အဆိုပါနေရာတွင် လမ်းတားကပ်တုံးများကပ်လျက်စီခြင်း၊ စက်ဘီးနှင့်လူဖြတ်နိုင်ရန် အနည်းငယ်ခြားစီခြင်းများ မြင်တွေ့ရသည်။ ဘုရင့်နောင်ခုံးကျော်အောက်လွှာ၏ ဘုရင့်နောင်ပွဲရုံဝင်းဘက်ခြမ်း လမ်းလယ်ရှိ အမြင့် အုတ်ခဲတစ်ချပ်သာရှိသော လမ်းတားအုတ်ခုံတန်းပေါ်တွင်ပါ လမ်းတားကပ်တုံးများ စီထားသည်ကို မြင်တွေ့ရသည်။

ယင်းသို့ ပြုလုပ်ထားသဖြင့် လိုင်းကားယာဉ်ကြီး၊ မီနီဘတ်စ်ယာဉ်ငယ်များ အဆိုပါ အုတ်ခုံတန်းငယ်ပေါ်မှ ဂငယ်ကွေ့၍ ဘုရင့်နောင်မြစ်ကူးတံတားလမ်းသို့ ဖြတ်သန်းခြင်း၊ ဆိုက်ကား၊ ကုန်တင်ဂါလီ၊ မော်တော်ဆိုင်ကယ်များ ဖြတ်သန်းသွား၍မရဖြစ်လာသည်။ မြို့ထဲမှလာသောယာဉ်ကြောပေါ်ရှိ ဘုရင့်နောင်ဈေးပွဲရုံမှတ်တိုင်အနီးတွင် လမ်းလယ်ကပ်တုံးများကပ်လျက် စီတန်းချထားသဖြင့် ယခင်ကကဲ့သို့ တုံးများအကြား ဖြတ်သန်းသွား၍ မရကြောင်း သိရသည်။

အဆိုပါတုံးများပေါ် ကျော်လွှားဖြတ်သန်းနေမှု အမျိုးသားများသာမက အမျိုးသမီးများပါ ဇူလိုင် ၁၃ ရက်က မြင်တွေ့ခဲ့ရ သည်။ လမ်းတားကပ်တုံးများလမ်းလယ်များတွင်ချထားခြင်းကို ပါရမီလမ်းနှင့် ဘုရင့်နောင်လမ်းဆုံရာမှ မြို့ထဲသွားယာဉ်ကြော စစ်ကြောရေးမှတ်တိုင် အနီးအထိ မြင်တွေ့လာရသည်။ ယာဉ်များစည်းကမ်းမဲ့မှု လျော့ပါးရန် လမ်းတားကပ်တုံး အမြောက်အမြား ရန်ကုန်မြို့တွင်း လမ်းများပေါ် ချထားနေရသည်။ ယင်းကပ်တုံးများ နေရာအများအပြားတွင် ယာဉ်များဖြင့်တိုက်မိသည့် ဒဏ်ရာဒဏ်ချက်များ မြင်တွေ့ရသည်။ ရန်ကုန်မြို့တွင်း လမ်းမတော် မြို့နယ်၌ နံနက် ၆ နာရီဝန်းကျင်တွင် တစ်လမ်းမောင်း အနော်ရထာလမ်းပေါ်ရှိ ကားလမ်းတားကပ်တုံးများကို စည်ပင်သန့်ရှင်းရေးဝန်ထမ်းတစ်ဦးက နေ့စဉ် သံတူရွင်းတစ်ချောင်းဖြင့် လှည့်လည်ပြုပြင်နေသည်ကို မြင်တွေ့ရသည်။

ရန်ကုန်မြို့တွင်းလမ်းမကြီးများအနက် နှစ်လမ်းမောင်းကမ်းနားလမ်းဟောင်းနှင့် တစ်လမ်းမောင်း ကုန်သည်လမ်းတို့သည် လမ်းတားကပ်တုံး ကင်းစင်သည့်လမ်းဖြစ်နေဆဲဟု မြို့တွင်းနေသူများက ဆိုသည်။

ဘုရင့်နောင်ပွဲရုံဝင်းရှေ့ ဘုရင့်နောင်လမ်းမလယ်ရှိ လမ်းတားကပ်တုံးများ နေရာရွှေ့၍ ယာဉ်ဖြတ်လမ်းလေးခု ပြုလုပ်ထားခြင်းနှင့်ပတ်သက်၍ နိုင်ငံပိုင်မီဒီယာတွင် သတင်းဓာတ်ပုံနှင့်တကွ ဖော်ပြပြီး နောက်ပိုင်းရက်များတွင် လမ်းတားကပ်တုံးများ အသစ်ဖြည့်တင်းချထားမှုများ မြင်တွေ့ရသည်။ သို့သော် ယာဉ်ဖြတ်လမ်း သုံးပေါက်ဖွင့်လှစ်ထားပြီး ယင်းနေရာများ၌ တုံးထိပ်များတွင် ဖြူနီကျားပြသထားသည်။ယင်းသို့ ယာဉ်ဝင်နိုင်ရန် အပေါက် ဖွင့်ထားသော်လည်း လမ်းသားပေါ်တွင် မျဉ်းဝါကွက်မြင်တွေ့ရဆဲဖြစ်သည်။

ဇူလိုင် ၆ ရက်မှ ၈ ရက် ညပိုင်းအထိ ဘုရင့်နောင်ပွဲရုံနှင့်ဘုရင့်နောင်လမ်းမကြီး ယာဉ်ပိတ်ချိန်ကာလတွင်မူ ပွဲရုံဝင်းသို့ဝင်ရောက်ရန် လမ်းလယ်တွင် တန်းစီစောင့်ဆိုင်းနေသော ယာဉ်တန်းကြောင့် အဆိုပါဖြတ်လမ်းများမှ ဖြတ်သန်းသွားလာရာတွင် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ ယာဉ်ဖြတ်လမ်းများမရှိတော့သဖြင့် ပွဲရုံဝင်းအတွင်းမှ ယာဉ်များ ဘုရင့်နောင်လမ်းမကြီးကို ကန့်လန့်ဖြတ်မောင်းနှင်ခြင်း များမရှိနိုင်၍ လမ်းမကြီးပေါ်သွား ယာဉ်များ အဆင်ပြေလာသည်။ မကြာခဏ ယာဉ်ကြောပိတ်ဆို့မှု အချိန်ကာလ တာရှည်ဖြစ်ပွားလေ့ရှိသည့် ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ယာဉ်များ စည်းကမ်းတကျ သွားလာရေးအတွက် သက်မဲ့ပစ္စည်းဖြစ်သော လမ်းတားကပ်တုံးများ အကူအညီရယူဆောင်ရွက်နေရာတွင် ငွေကြေးကုန်ကျမှုများသည်ဟု သိရသည်။ သို့ဖြစ်ရာ လမ်းမများပေါ်ဖြတ်သန်းအသုံးပြုနေသူများအနေဖြင့် စည်းကမ်းတကျ မောင်းနှင်သွားလာရန် အထူးလိုအပ်နေသည်ဟု မရမ်းကုန်းမြို့နယ် ၈ ရပ်ကွက်နေ လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးကျော်ဆန်းက ပြောသည်။

**ခင်ဆိုင်**

# မူဆယ်၌ အကောက်ခွန်မဲ့ ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ



**မူဆယ် ဇူလိုင် ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် အေးရှားဝေါလ်တိုးဂိတ်အနီး ရှောင်ကွင်းလမ်းပေါ်၌ အကောက်ခွန်မဲ့ သယ်ဆောင်လာသည့် ကျောက်စိမ်းအတုံး၊ အခြမ်းအရွယ်စုံ ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၅၆ သိန်းခန့်ကို မူဆယ်မိုဘိုင်းအဖွဲ့ ဇူလိုင် ၁၃ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ အကောက်ခွန်မဲ့ပစ္စည်းများနှင့် ပိုင်ရှင်မဲ့ယာဉ်ကို မူဆယ်မြို့ ဌာနဆိုင်ရာပေါင်းစုံ (Mobile Team) လှုပ်ရှားအဖွဲ့တို့မှ ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီတွင် ၁၀၅ မိုင် အေးရှားဝေါလ်တိုးဂိတ်အနီး ရှောင်ကွင်းလမ်းတွင် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အကောက်ခွန်မဲ့ပစ္စည်းများမှာ ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံး၊ ခဲ၊ ခြမ်းအရွယ်စုံ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၅၆ သိန်း)နှင့် လိုင်စင်ပါ ပိုင်ရှင်မဲ့ယာဉ် ကာလတန်ဖိုးငွေကျပ် သိန်း ၁၂၀ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသော ပိုင်ရှင်မဲ့ကျောက်စိမ်းများကို မြန်မာ့ကျောက်မြက်ရတနာကုန်စည်ဒိုင်သို့လည်းကောင်း၊ ကာလ တန်ဖိုး ငွေကျပ် သိန်း ၁၂၀ ခန့်ရှိ ပိုင်ရှင်မဲ့ယာဉ်ကို အကောက်ခွန်ဦးစီးဌာနသို့လည်းကောင်း မိုဘိုင်းအဖွဲ့က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ဂန့်ဂေါ- ထီးလင်းကားလမ်းတွင် တမလန်းသစ်ခွဲသားတင်ယာဉ် တိမ်းမှောက်

**ထီးလင်း ဇူလိုင် ၁၅**

ဂန့်ဂေါ- ရေမျက်နီ- ထီးလင်းကားလမ်း မြိုင်- တောမ- ဂန့်ဂေါလမ်းဆုံအနီး မိုင်တိုင်အမှတ် ၅၂/၃ အနီးတွင် မတ္တရာမြို့နေ ယာဉ်မောင်း ဦးဝင်းမြင့်အောင် မောင်းနှင်သည့် လင်ခရူဆာ မီးခိုးရောင် YGN 4A/ ----သည် ယာဉ်ပေါ်တွင် ဦးသန်းစိုးလင်း(ပခုက္ကူ)၊ အမည်မသိသူတစ်ဦးတို့နှင့်အတူ တရားမဝင် တမလန်းသစ်ခွဲသား ခြောက်တုံး တင်ဆောင်မောင်းနှင်လာစဉ် အဆိုပါ နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက် ရှစ်ပေခန့်နက်သော ချောက်အတွင်းသို့ တိမ်းမှောက်သွားခဲ့သည်။

ဖြစ်စဉ်တွင် ယာဉ်မောင်း ဦးဝင်းမြင့်အောင်မှာ ဒဏ်ရာများရရှိပြီး ဆေးမင်းတော တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားကြောင်း၊ ဦးသန်းစိုးလင်းနှင့် အမည်မသိလိုက်ပါလာသူတို့မှာ ဒဏ်ရာများဖြင့် အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဆေးမင်းတောရဲကင်းစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(၁၀၁)**

---

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ် (စစ်တွေ)
## ပရိဘောဂများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)အတွက် အောက်ဖော်ပြ ပါစက်ပစ္စည်းများနှင့်ပရိဘောဂများဝယ်ယူရန် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | ရေသန့်စက် (RO 400GDP)Reverse Osmosis Drinking Water System)<br>1000 Lit Tank(2)<br>1st Filter 20"5M Filter<br>2nd Filter 20" Active Carbon<br>3rd Filter 20"1M Filter<br>4th Filter RO(100GPD)Membranex 4nos<br>5th filter Taste and oder removal | 1 |
| ၂။ | Crimping Tools | 5 |
| ၃။ | DC Power Supply | 2 |
| ၄။ | RAM DDR 3-2 GP | 51 |
| ၅။ | UBIQUITI Nano Station LOCO M2 Accesspoint | 6 |
| ၆။ | Unmanaged Switch 16 Ports Giga Bits | 1 |
| ၇။ | UPS(Power Tree)(650 VA) | 35 |
| ၈။ | Desktop Computer Dell (Memory 4GB,HDD 500GB) Processor Intel Coer i7 | 30 |
| ၉။ | Digital Oscilloscope(200 MHz) (20.4 Analog Channel) | 4 |
| ၁၀။ | Digital White Board | 2 |
| ၁၁။ | Computer Table (မလေးရှားကြိတ်သား) | 25 |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၃-၇-၂၀၁၅ ရက် ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကွန်ပျူတာတက္ကသိုလ် (စစ်တွေ) ဖုန်း-၀၄၃-၂၃၈၄၀၊ ၀၉-၃၆၁၂၄၁၀၆၊ ၀၉-၈၅၀၃၀၁၆၊ ၀၉-၂၅၄၀၃၃၇၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံ ပညာရေးသုတေသနဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာနအတွက် လိုအပ်သော အသံလွှင့်နှင့်ရုပ်မြင်သံကြားရိုက်ကူးရေးသုံးပစ္စည်းများ၊ ရုံးသုံး စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုသည့်အတွက် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပိတ်ရက် - ၂၄-၇-၂၀၁၅ရက်(သောကြာနေ့) ၁၅း၀၀နာရီ**

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်တွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန**
**ဖုန်း-၀၆၇-၄၃၀၁၆၂၊ ၀၉-၃၆၃၉၉၃၆၃**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မုဒိတာအိမ်ရာ (၂)၊ အင်းစိန်နေ
ဦးသက်ထွန်း (Bernhard Schulte Shipmanagement) -ဒေါ်ကေကေခိုင်တို့၏သားငယ်
**ဗိုလ်ကြီးဇေယျထွန်း M.B.,B.S(D.S.M.A) (နေပြည်တော်)**
နှင့်
ရန်ကုန်မြို့၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်နေ
(ဦးစိုး)-ဒေါ်စိန်လှကြည်(စိန်မိသားစုရေပန့်လုပ်ငန်း)တို့၏မြေး၊
ဦးဝင်းဦး(စိန်စက်မှုလက်မှုလုပ်ငန်း)-(ဒေါ်ခင်သိန်း)တို့၏ တစ်ဦးတည်းသောသမီး
**မဝင်းဝင်းမာ B.A (Psychology)**
**Diploma in Accounting (LCCI), UK**
**(Manager Sein Family Water Pump)**

တို့သည် ၁၂-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် White Rice Restaurant ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးဇေယျထွန်း-မဝင်းဝင်းမာ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၉၈၀၂၆ Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၁၄/ရကန(နိုင်)၀၈၁၈၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

**စာအုပ်စာပေ လှူ့မိတ်ဆွေ**

**Y.E.S.** Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်ဇော်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
**International English Language Centre**
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-3:00-5:00 pm 6 Jul
Mon to Thurs-1:00-3:00 pm 13,27 Jul
Sat & Sun - 12:30-3:30 pm 18 Jul
Sat & Sun - 3:45-6:45 pm 18 Jul
Mon to Thurs 7:30-9:30am 20,27Jul,10Aug
Mon to Thurs-5:30-7:00 pm 27 Jul
Sat & Sun - 9:00-12:00 am 8 Aug

**Pre-Intermediate English**
Mon to Thurs-10:30-12:30 am 13 Jul
Mon to Thurs-7:30-9:30 am 27 Jul
Mon to Thurs-10:30-12:30 pm 10 Aug

**Grammar Foundation Course**
Mon to Thurs - 10:00-12:00 am 13 Jul

**Structure & Written Expression**
Sat & Sun - 12:30-3:30-6:30pm 18 Jul
Mon to Thurs-4:00-5:30pm 27 Jul
Mon to Thurs-5:30-7:00pm 27 Jul

**Basic Writing Course**
San & Sun - 12:30 - 3:30 pm 18 Jul
San & Sun - 3:45 - 6:15 pm 25 Jul

**Vocabulary Enrichment Course**
Mon to Thurs - 3:30-5:00 pm 20 Jul
San & Sun - 10:00 - 12:00 am 25 Jul

TOEFL,SAT,IELTS,API,AWC,IE

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

# ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်) ယခုလကုန်ပိုင်းတွင် စတင်ဖြတ်သန်းသွားလာခွင့်ပြုမည်

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(လမ်းတံတား)ဌာနက တာဝန်ယူတည်ဆောက်သည့် ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)ကို ယခုလကုန်ပိုင်းတွင် စတင်ဖြတ်သန်းသွားလာခွင့်ပြုတော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (လမ်းနှင့်တံတား) ဌာနမှ သိရသည်။

ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)သည် ငမိုးရိပ်ချောင်းကိုဖြတ်ကာ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်ထားသည့် တံတားဖြစ်သည်။ ယခင်သံပေါင်တံတားဟောင်းနှင့်အပြိုင် တည်ဆောက်ထားခြင်းဖြစ်ကာ ပင်မတံတားအရှည် ၃၀၅ မီတာ၊ ချဉ်းကပ်လမ်းတစ်ဖက် ပေ ၅၀ စီရှိပြီး စုစုပေါင်းတံတားအရှည်မှာ ၄၀၅ မီတာနှင့် အကျယ်မှာ ၁၁ ဒသမ ၅ မီတာရှိသည်။ တံတား၏ ရေလမ်းကင်းလွတ်ခွင့်အမြင့်မှာ ၁၆ ပေ ၅လက်မ၊ လူသွားလမ်းအကျယ် ၃မီတာနှင့် ခွင့်ပြုတန်ချိန် ၅၀ခွင့်ပြုထားပြီး တံတားအပေါ်ထည်မှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ် ကြမ်းခင်းများဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ အဆိုပါတံတားကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလက စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် အသုံးစရိတ် လျာထားငွေကျပ် ၅ဒသမ ၉ ဘီလီယံလျာထားခဲ့သည်။

"ကျွန်တော်တို့ ဒီလကုန်ပိုင်းဆိုရင် ပြည်သူတွေကိုသွားလာဖြတ်သန်းခွင့်ပြုလို့ရပါပြီ။ ခုဆို ရာခိုင်နှုန်းပြည့်နီးပါး ပြီးနေပြီဖြစ်တယ်။ နိုင်လွန်ကတ္တရာလည်း စတင်ခင်းနေပါပြီ။ ဒါကလည်း အလွန်ဆုံးကြာ သုံး၊ လေးရက်ပါ။ နောက်အကျဆုံး ဒီလကုန်ပိုင်းဆို ပြည်သူတွေ ဖြတ်သန်းသွားလာလို့ရမှာပါ၊ ဒီထက်စောဖို့ပဲရှိပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (လမ်းနှင့်တံတား)ဌာနမှ လက်ထောက်ဌာနမှူး ဦးကျင်အုန်းက ပြောသည်။

ယခုတည်ဆောက်သည့် ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)သည် ဂျပန်ခေတ်က တည်ဆောက်ခဲ့သည့် ယခင်မူလတံတားဟောင်းနှင့် ၈ ဒသမ ၅ မီတာအကွာတွင် တည်ဆောက်ထားပြီး ယင်းတံတားဖြတ်သန်းသွားလာခွင့်ပြုပြီးပါက မူလဂျပန်ခေတ်ကတံတားဟောင်းကို ဆိုင်ကယ်၊ စက်ဘီး၊ ဆိုက်ကားနှင့် လူသွားလမ်းအနေဖြင့်သာ ပြည်သူများ သွားလာမှု အဆင်ပြေစေရန် ဆက်လက်ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

"ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်) ပြီးတော့မယ်ဆိုတော့ ဦးတော့ဝမ်းသာတယ်။ ခုဆိုရင် ဦးတို့မှာ မင်္ဂလာတောင်ညွန့်တို့၊ တာမွေတို့ဘက်ကို သွားမယ်ဆိုရင် ဟိုသုဝဏ္ဏတံတားဘက်က လှည့်သွားနေရတော့ အချိန်မကြာသင့်ဘဲ ကြာနေတယ်။ ကားတွေကလည်းကျပ်တော့ ပိုဆိုးတာပေါ့။ ဒီတံတားသွားလာခွင့်ပြုလိုက်ပြီဆိုရင် ဦးတို့အလုပ်သွားရတာ အတော်လေးကို အဆင်ပြေသွားမယ်"ဟု ဒေါပုံမှ တာမွေသို့ သွားရောက်အလုပ်ဆင်းနေသည့် ဦးတင်ဝင်းက ဆိုသည်။



ယခုလကုန်ပိုင်းတွင်ဖြတ်သန်းသွားလာခွင့်ပြုတော့မည့် ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)

ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (လမ်းနှင့်တံတား)ဌာနမှ စတင်အကောင်အထည်ဖော် တည်ဆောက်စဉ်က ခြောက်လအတွင်း အပြီးတည်ဆောက်ရန် လျာထားသော်လည်း ဘိုးပိုင်တူးရာတွင် ရေအောက်၌သင်္ဘောပျက်တစ်စီးကို မထင်မှတ်ဘဲတွေ့ရှိခဲ့၍ အချိန်ကြန့်ကြာမှုများဖြစ်ခဲ့ရပြီး တည်ဆောက်ချိန် အနည်းငယ်ကြာမြင့်ခဲ့ရခြင်းဖြစ်ကြောင်းသိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ-မင်းထက်**

# အမှိုက်ပုံးအတွင်း မွေးကင်းစကလေးအသေတစ်ဦး လာရောက်စွန့်ပစ်

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၌ မွေးစကလေးအသေကို အထုပ်ထုပ်ကာ အမှိုက်ပုံးအတွင်း လာရောက်စွန့်ပစ်ထားမှု ဇူလိုင် ၁၄ ရက်က ဖြစ်ပွားခဲ့ပြီး စွန့်ပစ်သူအား ဖော်ထုတ်အရေးယူရန် မြို့နယ်ရဲတပ်ဖွဲ့က စုံစမ်းလျက်ရှိကြောင်း သိရသည်။

ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင်လမ်းမဘေး ဘောဂရပ်ကွက် မီးရထားလမ်း လူကူးတံတားအောက်ရှိ စည်ပင်အမှိုက်ပုံးအတွင်း လာရောက်စွန့်ပစ်ခဲ့ခြင်းဖြစ်သည်။ သန့်ရှင်းရေးဝန်ထမ်းအမျိုးသမီးကြီးတစ်ဦးက အမှိုက်ပုံးမှ အမှိုက်များကို စုစည်းထားရာသို့ သယ်ဆောင်လာစဉ် တွေ့ရှိရာ အမှိုက်ကန်တာဝန်ခံမှတစ်ဆင့် မြို့နယ်သန့်ရှင်းရေးတာဝန်ခံ ဦးဇော်လှိုင်ဦးထံ အကြောင်းကြားခဲ့သည်။

မြို့နယ်သန့်ရှင်းရေးတာဝန်ခံက မြို့နယ်ရဲစခန်းသို့ ဆက်လက်သတင်းပေးပို့ခဲ့သဖြင့် မြို့နယ်ရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူးတိုးရွှေနှင့် အဖွဲ့က လာရောက်စစ်ဆေးခဲ့ရာ အမျိုးသမီးဝတ်လုံချည်နှင့် အင်္ကျီများဖြင့် ပတ်ထားသည့် ကိုယ်ဝန်ခုနစ်လအရွယ် အချင်းမဖြတ်ရသေးသော မိန်းကလေး(အသေ)ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ထို့အပြင် ကလေးအသေတွင် ပတ်ထားသည့် အဝတ်များကြားမှ စက္ကူပေါ်တွင် လက်ရေးဖြင့်ရေးဆွဲထားသည့် လမ်းညွှန်မြေပုံစာရွက်တစ်ခုကိုလည်း ပူးတွဲတွေ့ရှိရကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် ကလေးအသေကို လာရောက်စွန့်ပစ်သွားသူအား အမြန်ဆုံးဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘော်ဂါသွေး**


GOLDEN STAR Travels & Tours

☆ ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး July - 30

☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း July - 30

☆ တောင်ကြီး-အင်းလေး-ပင်းတယ July - 30

☆ ကျိုက်ထီးရိုး-ချောင်းသာ - ငွေဆောင်

Ph: 209200, 544383, 430480, 703448, 705968



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
တနင်္သာရီတိုင်းဒေသကြီး

**ဈေးပြိုင်အဆိုပြုလွှာဖိတ်ခေါ်ခြင်း**

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးသည့် ရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ထားဝယ်မြို့မှ အငှားအိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ ဈေးပြိုင်အဆိုပြုလွှာများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရှစ်ခန်းတွဲ ခြောက်ထပ်တိုက် (1 Unit ၆၅၀ စ/ပ) ၁ လုံး
(အိပ်ခန်း နှစ်ခန်းပါ) (မြေညီထပ်ကားပါကင်)

(ခ) လေးခန်းတွဲ ခြောက်ထပ်တိုက် (1 Unit ၆၅၀ စ/ပ) ၁ လုံး
(အိပ်ခန်း သုံးခန်းပါ) (မြေညီထပ်ကားပါကင်)

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ကုမ္ပဏီ/ဒေသခံလုပ်ငန်းရှင်ကိုယ်တိုင် (သို့မဟုတ်)၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံများအား တစ်စုံလျှင်ကျပ် ၁၀၀၀၀ိ/-နှုန်းဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ထားဝယ်မြို့တွင် ၁၆-၇-၂၀၁၅ ရက်မှ ၁၂-၈-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပြီး ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံသည် မူရင်းဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံ ဖြစ်ရပါမည်။

၅။ ဈေးပြိုင်အဆိုပြုလွှာများကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ထားဝယ်မြို့ထံလိပ်မူ၍ ၁၂-၈-၂၀၁၅ရက် ၁၆း၀၀ နာရီထက် နောက်မကျစေဘဲ တင်သွင်းရမည်။

၆။ ဈေးပြိုင်အဆိုပြုလွှာဖွင့်ပွဲကို ၁၄-၈-၂၀၁၅ရက် ၁၀း၀၀နာရီတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ထားဝယ်မြို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၃၅၆၀ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**



23 မဆလာ (ဟင်းခတ်အမွှေးအကြိုင်)

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆



**ကျွမ်းကျင်ဝန်ထမ်းအလိုရှိသည်**

(1) Android Developer

(2) IOS Developer

(3) .Net(C#) / SQL Server Developer

MALE / FEMALE (20)Posts

စိတ်ပါဝင်စားသူများသည် အလုပ်လျှောက်လွှာနှင့်အတူ Junction Square Complex အမှတ်(၁၅)၊ ၃၇-ဆ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

✆ Hot line: 09 259490009, 01 2306666 ▲ email- vacancy@cg-m.com



**ကြံသီးနှံတစ်ဆစ်ချင်းပျိုးထောင်စိုက်ပျိုးနည်းစနစ်သင်တန်းဖွင့်လှစ်ခြင်း**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ကြံသီးနှံပညာပေးရေးနှင့်နည်းပညာဖွံ့ဖြိုးရေးဌာနခွဲမှ နေပြည်တော်ကောင်စီနယ်မြေနှင့် ကြံစိုက်ပျိုးရာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် **တစ်ဧကလျှင် တန် ၈၀အထက်ထွက်ရှိနိုင်သည့် ကြံသီးနှံတစ်ဆစ်ချင်းပျိုးထောင်စိုက်ပျိုးနည်းစနစ်**အား တောင်သူများလေ့လာစိုက်ပျိုးနိုင်ရန်အတွက် ပညာပေးစိုက်ပျိုးပြသလျက်ရှိပါသည်။ကြံစိုက်ပျိုးနေကြသည့် တောင်သူများ၊ ကြံစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် သကြားစက်ရုံပိုင်ရှင်ကုမ္ပဏီများ အနေဖြင့် ကြံသီးနှံ တစ်ဆစ်ချင်းပျိုးထောင်စိုက်ပျိုးနည်းစနစ်အား သင်ယူစိုက်ပျိုးလိုပါက နေပြည်တော်ကောင်စီနယ်မြေ ပညာပေးကြံစိုက်ကွင်းများတွင်စာတွေ့၊ လက်တွေ့ရက်တို (၃) ရက်သင်တန်း(၂၁-၇-၂၀၁၅ ရက်မှ ၂၃-၇-၂၀၁၅ ရက်)အထိ အခမဲ့ နံနက်၊ နေ့လယ်၊ စားစရိတ်၊ တည်းခိုစရိတ်၊ သင်တန်းစရိတ် ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပါသည်။စိတ်ပါဝင်စားသူများ အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းစာရင်းပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန**
**ကြံသီးနှံပညာပေးရေးနှင့်နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ**
**ရုံးအမှတ် ၅၀၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၂၀၈၊ ၀၆၇-၄၃၁၂၀၉**



**မသက်ဆိုင်ပါကြောင်း**

ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့၊ သစ်ဆိမ့်ကုန်းကျေးရွာအုပ်စု၊ မင်းလမ်းနေ ဒေါ်ရည်ရည်လှဲ့ဟန် ၁၄/ကကန(နိုင်)၀၈၂၃၇၁ ၏ခင်ပွန်း ဦးဇာနည်မျိုး ၁၄/ကကန(နိုင်)၀၈၆၉၂၆ သည် မိသားစုအပေါ် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် ကျွန်မ၏ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်လာပါသဖြင့် သည်းမခံနိုင်တော့ပါသောကြောင့် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်ရည်ရည်လှဲ့ဟန်**

# ဘွိုင်လာဥပဒေပြဋ္ဌာန်း

*၁၅-၇-၂၀၁၅ ရက်မှအဆက်*

**အခန်း(၈)**

**ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူ၏တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ**

၂၉။ (က) ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်ရရှိလိုသူသည် သက်ဆိုင်ရာ စစ်ဆေးရေးမှူးထံသတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

(ခ) ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူသည် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူ လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

၃၀။ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူသည်-

(က) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ် ထုတ်ပေးထားသည့် ဘွိုင်လာကို ပိုင်ရှင်၏ သဘောတူညီချက်ဖြင့် ကိုင်တွယ်ထိန်းသိမ်းခွင့်ရှိသည်။

(ခ) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ် ထုတ်ပေးထားခြင်းမရှိသော ဘွိုင်လာကို မိမိဆန္ဒအလျောက်ဖြစ်စေ၊ ပိုင်ရှင်မှ တာဝန်ပေးအပ်ချက်အရဖြစ်စေ ကိုင်တွယ်ထိန်းသိမ်းခြင်း မပြုရ။

၃၁။ ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူသည် ဘွိုင်လာကို ခွင့်ပြုဖိအားထက် ကျော်လွန်၍မသုံးရ။

**အခန်း(၉)**

**စစ်ဆေးရေးမှူး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၃၂။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ မှတ်ပုံတင်ပေးရန် ပိုင်ရှင်ထံမှ လျှောက်လွှာကို လက်ခံရရှိသည့်အခါ-

(က) လျှောက်လွှာကိုလက်ခံရရှိသည့် နေ့ရက်မှစ၍ ၁၅ ရက်အတွင်း ဘွိုင်လာကို စစ်ဆေးရမည်။ စစ်ဆေးမည့်ရက်ကို အနည်းဆုံး ၅ ရက် ကြိုတင်၍ ပိုင်ရှင်ထံ အကြောင်းကြားရမည်။

(ခ) မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ဘွိုင်လာကို စစ်ဆေးပြီးနောက် မှတ်ပုံတင်ရန် ခွင့်ပြုသင့်သည်ဟု ယူဆပါက သင့်လျော်သော ခွင့်ပြုဖိအားဖြင့် ယာယီအသုံးပြုခွင့်လက်မှတ်ကိုထုတ်ပေးနိုင်သည်။ ထိုသို့ထုတ်ပေးသည့်အခါ စစ်ဆေးတွေ့ရှိချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့် အတူစစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည်။

(ဂ) ဘွိုင်လာကို စစ်ဆေးပြီးနောက် မှတ်ပုံတင်ပေးရန်သင့်သည်ဟု ယူဆလျှင်ဖြစ်စေ၊ မှတ်ပုံတင်ပေးရန်မသင့်ဟု ယူဆလျှင်ဖြစ်စေ ပိုင်ရှင်ထံ စာဖြင့်အမြန်ဆုံးအကြောင်းကြားရမည့်အပြင် စစ်ဆေးရေးမှူးချုပ်အား အစီရင်ခံရမည်။

၃၃။ စစ်ဆေးရေးမှူးသည် စစ်ဆေးရေးမှူးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ထပ်မံ၍ စစ်ဆေးခြင်းပြုလုပ်ပြီးနောက် အသုံးပြုခွင့်လက်မှတ်ကိုထုတ်ပေးရန် သင့်မသင့်နှင့်စပ်လျဉ်း၍ ယာယီအသုံးပြုခွင့်လက်မှတ် သက်တမ်းမကုန်မီ စစ်ဆေးရေးမှူးချုပ်ထံတင်ပြရမည်။ အသုံးပြုခွင့်လက်မှတ်ထုတ်ပေးသင့်သည်ဟု ယူဆပါက ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် အသုံးပြုခွင့်လက်မှတ်ကို ပူးတွဲတင်ပြရမည်။

၃၄။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က)အရ အသုံးပြုခွင့်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန်ပိုင်ရှင်ထံမှ လျှောက်လွှာကို လက်ခံရရှိသည့်အခါ-

(က) လျှောက်လွှာကို လက်ခံရရှိသည့်နေ့ရက်မှစ၍ ၁၅ ရက်အတွင်း ဘွိုင်လာကို စစ်ဆေးရမည်။ စစ်ဆေးမည့်ရက်ကို အနည်းဆုံး ၅ ရက် ကြိုတင်၍ ပိုင်ရှင်ထံအကြောင်းကြားရမည်။

(ခ) အသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးသင့်သည်ဟုယူဆပါက စစ်ဆေးတွေ့ရှိချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည်။ ကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့် အသုံးပြုခွင့်လက်မှတ်ကို ပူးတွဲတင်ပြရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ဆောင်ရွက်ထားဆဲတွင် သင့်လျော်သော ခွင့်ပြုဖိအားဖြင့် ယာယီအသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးနိုင်သည်။

၃၅။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)အရ လျှောက်လွှာကို လက်ခံရရှိပြီးနောက် ဘွိုင်လာကို စစ်ဆေးသည့်အခါ အောက်ပါအချက်တစ်ရပ်ရပ်တွေ့ရှိပါက မိမိ၏တွေ့ရှိချက်ကို ပိုင်ရှင်ထံစာဖြင့်အမြန်ဆုံးအကြောင်းကြားရမည့်အပြင် စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည်-

(က) အသုံးပြုခွင့်လက်မှတ် သက်တမ်းကို လျှော့ချရန်လိုအပ်ခြင်း၊

(ခ) ခွင့်ပြုဖိအားတိုးမြှင့်ရန် သို့မဟုတ် လျှော့ချရန်လိုအပ်ခြင်း၊

(ဂ) ဘွိုင်လာ၊ ရေနွေးငွေ့ပိုက် သို့မဟုတ် ရေသွင်းပိုက် တစ်ခုခုကိုဖြစ်စေ၊ ယင်းဘွိုင်လာ၊ ရေနွေးငွေ့ပိုက် သို့မဟုတ် ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသည့် ဖိအားခံ အစိတ်အပိုင်းတစ်ခုခုကို ဖြစ်စေ၊ ပြုပြင်ရန်၊ ပြောင်းလဲရန်၊ ဖြည့်စွက်ရန် သို့မဟုတ် အသစ်လဲရန် လိုအပ်ခြင်း၊

(ဃ) ဘွိုင်လာ၏အခြေအနေသည် ပြုပြင်သုံးစွဲ၍ မရနိုင်လောက်အောင် ယိုယွင်းနေသဖြင့် ဆက်လက်အသုံးပြုရန် မသင့်လျော်ကြောင်း တွေ့ရှိခြင်း။

၃၆။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၁၄ အရ လျှောက်လွှာကို လက်ခံရရှိသည့်အခါ မိမိ၏သဘောထားမှတ်ချက်နှင့်အတူ လျှောက်လွှာကို စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။ ယင်းနောက် စစ်ဆေးရေးမှူးချုပ်က ညွှန်ကြားသည့်အတိုင်း စစ်ဆေး၍ စစ်ဆေးတွေ့ရှိချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ်ထံ ပြန်လည်တင်ပြရမည်။

၃၇။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၃၄ အရဖြစ်စေ၊ ပုဒ်မ ၃၅၊ ပုဒ်မခွဲ(က)နှင့် (ခ) အရဖြစ်စေ စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံထားစဉ်အတွင်း သင့်လျော်သော ခွင့်ပြုဖိအားဖြင့် ယာယီအသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးနိုင်သည်။ ပုဒ်မ ၃၅၊ ပုဒ်မခွဲ(ဂ)နှင့်(ဃ)ပါ အချက်တစ်ရပ်ရပ်နှင့်သက်ဆိုင်ပါက ယာယီအသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးခြင်းမပြုရ။

၃၈။ စစ်ဆေးရေးမှူးသည် သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ-

(က) မိမိတာဝန်ခံရသည့် နယ်မြေအတွင်းရှိ ဘွိုင်လာကို စစ်ဆေးနိုင်သည်။

(ခ) စစ်ဆေးရေးမှူးချုပ်၏ တာဝန်ပေးချက်အရ မည်သည့်နယ်မြေအတွင်းရှိ ဘွိုင်လာကိုမဆို စစ်ဆေးနိုင်သည်။

၃၉။ စစ်ဆေးရေးမှူးသည် မိမိတာဝန်ခံရသည့် နယ်မြေအတွင်း၌ -

(က) ဘွိုင်လာပြုပြင်သူလက်မှတ် သို့မဟုတ် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူ လက်မှတ်ထုတ်ပေးရန်လျှောက်လွှာကို လက်ခံရရှိပါက စိစစ်ပြီး မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။

(ခ) ဘွိုင်လာပြုပြင်သူလက်မှတ်မရှိဘဲ ပြုပြင်မှုများ ဆောင်ရွက်နေကြောင်း သို့မဟုတ် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်မရှိဘဲ ဘွိုင်လာကို ကိုင်တွယ်ထိန်းသိမ်းနေကြောင်း စစ်ဆေးတွေ့ရှိပါက စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည်။

(ဂ) ပြုပြင်ရန် ညွှန်ကြားစာထုတ်ပေးထားခြင်းမရှိသော ဘွိုင်လာကို ဘွိုင်လာပြုပြင်သူတစ်ဦးဦးက ပြုပြင်မှုများ ဆောင်ရွက်နေကြောင်း စစ်ဆေးတွေ့ရှိပါက စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည်။

၄၀။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၃၈ ပါ တာဝန်ကို ထမ်းဆောင်ရာတွင် ဘွိုင်လာတည်ရှိသောမည်သည့်အဆောက်အအုံအတွင်းသို့မဆို ဝင်ရောက်၍ စစ်ဆေးနိုင်ခွင့်ရှိသည်။

**အခန်း(၁၀)**

**စစ်ဆေးရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၄၁။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၂၊ ပုဒ်မခွဲ(ခ)နှင့် (ဂ)တို့အရ ဘွိုင်လာကို မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စစ်ဆေးရေးမှူးက တင်ပြသော စစ်ဆေးတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး-

(က) ခွင့်ပြုဖိအားကို သတ်မှတ်၍ဘွိုင်လာကို မှတ်ပုံတင်ပေးနိုင်သည်။

(ခ) ဘွိုင်လာကိုမှတ်ပုံတင်ပေးရန် ငြင်းဆိုနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)သို့မဟုတ်(ခ)အရ ချမှတ်သောဆုံးဖြတ်ချက်ကို စစ်ဆေးရေးမှူးထံမှ တင်ပြချက်ရရှိသည့်နေ့မှ ၁၅ ရက်အတွင်း ပိုင်ရှင်ထံ အကြောင်းကြားရမည်။

၄၂။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၃ အရ ဖြစ်စေ၊ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ)အရ ဖြစ်စေ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကို ရရှိသည့်အခါ-

(က) အသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးသင့်သည်ဟု ယူဆပါက စစ်ဆေးရေးမှူးက တင်ပြသည့် အသုံးပြုခွင့် လက်မှတ်တွင် ထပ်ဆင့်လက်မှတ်ရေးထိုးပြီး ပိုင်ရှင်ထံပေးပို့ရမည်။

(ခ) အသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးရန်မသင့်ဟုယူဆပါက ဘွိုင်လာတွင် လိုအပ်သောပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ညွှန်ကြားပြီး ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပြီးစီးမှုနှင့် ဘွိုင်လာ၏ အခြေအနေကို ပြန်လည်တင်ပြရန် စစ်ဆေးရေးမှူးကို ညွှန်ကြားနိုင်သည်။

၄၃။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၁၅၊ ၁၆ နှင့် ၁၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပိုင်ရှင်ကလိုက်နာခြင်းမရှိကြောင်း စစ်ဆေးရေးမှူးထံမှတင်ပြချက်ကိုရရှိသည့်အခါ ဘွိုင်လာအသုံးပြုခြင်းကို ယာယီရပ်ဆိုင်းနိုင်သည်။

၄၄။ စစ်ဆေးရေးမှူးချုပ်သည်-

(က) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကို ရရှိသည့်အခါ စစ်ဆေးရေးမှူးကို လိုအပ်သလို ညွှန်ကြားရမည့်အပြင် ယင်းညွှန်ကြားချက်ကို ပိုင်ရှင်ထံ ၁၅ ရက်အတွင်း စာဖြင့် အကြောင်းကြားရမည်။

(ခ) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ဃ) အရ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကို ရရှိသည့်အခါ သင့်လျော်သောစစ်ဆေးရေးမှူးသုံးဦးပါဝင်သည့်အဖွဲ့ဖြင့် လိုအပ်သလိုစစ်ဆေးစေပြီး တွေ့ရှိချက်ကို မိမိထံ အစီရင်ခံစေရမည်။ အစီရင်ခံစာရရှိသည့်အခါ သက်ဆိုင်ရာ စစ်ဆေးရေးမှူးကို လိုအပ်သလို ညွှန်ကြားရမည့်အပြင် ယင်းညွှန်ကြားချက်ကို ပိုင်ရှင်ထံ ၁၅ ရက်အတွင်း စာဖြင့်အကြောင်းကြားရမည်။

၄၅။ စစ်ဆေးရေးမှူးချုပ်သည် အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို မသမာသောနည်းလမ်းဖြင့် ရရှိထားကြောင်း စစ်ဆေးတွေ့ရှိလျှင် ယင်းလက်မှတ်ကို ရုပ်သိမ်းရမည်။

၄၆။ စစ်ဆေးရေးမှူးချုပ်သည် မည်သည့်နယ်မြေအတွင်းရှိ ဘွိုင်လာကိုမဆို စစ်ဆေးရန် စစ်ဆေးရေးမှူးတစ်ဦးဦးအား တာဝန်ပေးအပ်နိုင်သည်။

၄၇။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၂၃ အရ ပိုင်ရှင်က လျှောက်ထားသည့်အခါ စိစစ်ပြီး အဆုံးအဖြတ်ပေးရမည်။ ထိုဆုံးဖြတ်ချက်ကို ပိုင်ရှင်ထံ ၁၅ ရက်အတွင်း စာဖြင့်အကြောင်းကြားရမည်။

၄၈။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၂၅ နှင့် ၂၆ တို့အရ ဘွိုင်လာထုတ်လုပ်ခြင်းနှင့် ပြည်ပမှတင်သွင်းခြင်းကို မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေးပြီး ညီညွတ်မှုမရှိပါက ထုတ်လုပ်ခွင့်ကို ငြင်းပယ်ရန်နှင့် တင်သွင်းလာသည့် ဘွိုင်လာ၏ မှတ်ပုံတင်ခွင့်ကို ငြင်းပယ်ရမည်။

၄၉။ စစ်ဆေးရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ ဘွိုင်လာထုတ်လုပ်ခြင်း၊ ဘွိုင်လာနှင့်ဆက်စပ်သည့် ဖိအားခံအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းတို့ကို မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့် အညီစိစစ်၍ ထုတ်လုပ်ခွင့်ပြုခြင်း သို့မဟုတ် ထုတ်လုပ်ခွင့်ပြုရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၅၀။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၉၊ ပုဒ်မခွဲ(က)အရ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကို ရရှိသည့်အခါ ဘွိုင်လာပြုပြင်သူလက်မှတ်ကိုဖြစ်စေ၊ ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူလက်မှတ်ကိုဖြစ်စေထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၅၁။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ဂ)အရစစ်ဆေးရေးမှူးထံမှ တင်ပြချက်ကိုရရှိသည့်အခါ ဘွိုင်လာပြုပြင်သူလက်မှတ်ကို ပြန်လည်ရုပ်သိမ်းရမည်။

၅၂။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ခ) နှင့် ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမရှိသော ဘွိုင်လာပြုပြင်သူနှင့် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူတို့၏ လက်မှတ်ကို ရုပ်သိမ်းနိုင်သည်။

**အခန်း(၁၁)**

**အသုံးပြုခွင့်လက်မှတ်နှင့် ယာယီအသုံးပြုခွင့်လက်မှတ်ပျက်ပြယ်ခြင်း**

၅၃။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါအသုံးပြုခွင့်လက်မှတ်သည်လည်းကောင်း၊ ယာယီအသုံးပြုခွင့်လက်မှတ်သည်လည်းကောင်း ပျက်ပြယ်သည်-

(က) လက်မှတ်သက်တမ်းကုန်ဆုံးခြင်း၊

(ခ) မတော်တဆထိခိုက်မှုဖြစ်ပွားခြင်း၊

(ဂ) ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ယိုယွင်းမှုကြောင့် ပြုပြင်ရန်လိုအပ်သဖြင့် ဘွိုင်လာကို အသုံးမပြုရန် စစ်ဆေးရေးမှူးချုပ် သို့မဟုတ် စစ်ဆေးရေးမှူးက ပိုင်ရှင်ထံအကြောင်းကြားခြင်း၊

(ဃ) မီးရှိန်ရမျက်နှာပြင် ဧရိယာ ၁၈. ၆ စတုရန်းမီတာ သို့မဟုတ် ၂၀၀ စတုရန်းပေအောက်လျော့နည်းသော အလွယ်တကူရွှေ့ပြောင်းနိုင်သည့် ဘီးတပ်ထားသော ဘွိုင်လာမှတစ်ပါး အခြားဘွိုင်လာကို တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းခြင်း၊

(င) ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အသစ်လဲခြင်း၊

(စ) ဘွိုင်လာကို လုံလောက်သောစစ်ဆေးမှုလုပ်ငန်းစဉ်များ မပြုလုပ်ဘဲ အသုံးပြုခွင့်လက်မှတ်ကိုဖြစ်စေ၊ ယာယီအသုံးပြုခွင့်လက်မှတ်ကို ဖြစ်စေ ထုတ်ပေးထားကြောင်း စစ်ဆေးတွေ့ရှိရခြင်း။

**အခန်း(၁၂)**

**အယူခံခြင်း**

၅၄။ ဝန်ကြီးဌာနသည် အယူခံမှုများကြားနာနိုင်ရေးအတွက် စက်မှုအတတ်ပညာရှင် အနည်းဆုံးနှစ်ဦးပါဝင်သည့် သင့်လျော်သောအဖွဲ့ဝင်သုံးဦးဖြင့် အယူခံအဖွဲ့ကို ဖွဲ့စည်းရမည်။

၅၅။ အောက်ပါကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ စစ်ဆေးရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အယူခံအဖွဲ့သို့ အယူခံနိုင်သည်-

(က) ဘွိုင်လာကိုမှတ်ပုံတင်ပေးရန်ငြင်းဆိုခြင်း၊

(ခ) အသုံးပြုခွင့်လက်မှတ်ထုတ်ပေးရန် ငြင်းဆိုခြင်း၊

(ဂ) အသုံးပြုခွင့်လက်မှတ်သက်တမ်းကို လျှောက်ထားသည့်ကာလအပိုင်းအခြားအောက် လျော့နည်း၍ သတ်မှတ်ခြင်း၊

(ဃ) ပိုင်ရှင်လျှောက်ထားသော ခွင့်ပြုဖိအားကို သတ်မှတ်ပေးရန် ငြင်းဆိုခြင်း၊

(င) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို ရုပ်သိမ်းခြင်း၊

(စ) အသုံးပြုခွင့်လက်မှတ်တွင်ပါရှိသည့် ခွင့်ပြုဖိအား သို့မဟုတ် သက်တမ်းကိုလျှော့ချခြင်း၊

(ဆ) ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)အရ လျှောက်ထားချက်ကို ဆောင်ရွက်ပေးရန်ငြင်းဆိုခြင်း၊

(ဇ) ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင်တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းကိုဖြစ်စေ၊ ဘွိုင်လာတွင် တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းကိုဖြစ်စေ ပြုပြင်စေခြင်း၊ ပြောင်းလဲစေခြင်း၊ ဖြည့်စွက်စေခြင်း၊ အသစ်လဲစေခြင်း၊

(ဈ) ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းကိုဖြစ်စေ၊ ဘွိုင်လာတွင် တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းကိုဖြစ်စေ ပြုပြင်ခွင့်၊ ပြောင်းလဲခွင့်၊ ဖြည့်စွက်ခွင့်၊ အသစ်လဲခွင့်ပြုရန် လျှောက်ထားချက်ကို ငြင်းပယ်ခြင်း၊

(ည) ဘွိုင်လာထုတ်လုပ်ခွင့်ကို ငြင်းပယ်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း၊

(ဋ) ဘွိုင်လာသုံးစွဲခွင့်ကို ငြင်းပယ်ခြင်း၊

(ဌ) ဘွိုင်လာပြုပြင်သူလက်မှတ်ကို ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ဍ) ဘွိုင်လာပြုပြင်သူလက်မှတ်ကို ရုပ်သိမ်းခြင်း၊

(ဎ) ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်ကို ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ဏ) ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်ကို ရုပ်သိမ်းခြင်း။

၅၆။ အယူခံအဖွဲ့သည် စစ်ဆေးရေးမှူးချုပ်၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၅၇။ အယူခံအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၅၈။ အယူခံအဖွဲ့၏ ဆုံးဖြတ်ချက်ကို သက်ဆိုင်သူများထံ ၁၅ ရက်အတွင်း စာဖြင့်အကြောင်းကြားရမည်။

*စာမျက်နှာ ၁၆ သို့*

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၀။)**
**၁၃၇၇ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်**
**( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကိုပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲငယ် (၂) ကို ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲငယ် (၁) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲငယ် (၁)တွင် ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ဖြင့် အစားထိုး၍ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၂) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ အခန်း(၄)၏ နောက်တွင် အခန်း(၅)၊ အခန်း(၆)နှင့် အခန်း(၇)တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

**"အခန်း(၅)**

**ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်း၊ ခန့်အပ်တာဝန်ပေးခြင်းနှင့် အရည်အချင်းများ**

၁၂။ ကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဂ)ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ အောက်ပါ ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ကိုဖွဲ့စည်းရမည် -

(က) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၊

(ခ) ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ဃ) ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(င) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ။

၁၃။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ သည် ကော်မရှင်ကသတ်မှတ်ထားသည့် မူဝါဒနှင့်အညီမိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများကိုဖွဲ့စည်းရမည်။

၁၄။ ကော်မရှင်သည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဂ)အရကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ကို ဖွဲ့စည်းရာတွင်အများယုံကြည်လေးစားခြင်းခံရသူပုဂ္ဂိုလ်အနည်းဆုံး၃ဦး ဖြင့် ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင်များထဲမှ တစ်ဦးကိုဥက္ကဋ္ဌအဖြစ် တာဝန် ပေးအပ်ရမည်။ သက်ဆိုင်ရာရွေးကောက်ပွဲအရာရှိကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။ လိုအပ်လျှင် နိုင်ငံ့ဝန်ထမ်းများကို အဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၁၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲသည် ပုဒ်မ၁၃အရ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းရာတွင် အများယုံကြည်လေးစားခံရသူ ပုဂ္ဂိုလ်အနည်းဆုံး ၃ ဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင်များထဲမှ တစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန် ပေးအပ်ရမည်။ သက်ဆိုင်ရာ ရပ်ကွက်သို့မဟုတ်ကျေးရွာ အုပ်စုစာရေးသည် ယင်းရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၏ အတွင်းရေးမှူး အဖြစ် ဆောင်ရွက်ရမည်။

၁၆။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ အများယုံကြည်လေးစား ခြင်းခံရသော ပုဂ္ဂိုလ်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရ မည် -

(က) အသက် ၄၀ နှစ်ပြည့်ပြီးသူ (ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေး ကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များအတွက် အသက် ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်။)၊

(ခ) နိုင်ငံသားဖြစ်သူ၊

(ဂ) သိက္ခာသမာဓိနှင့် ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူ၊

(ဃ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊

(င) သက်ဆိုင်ရာဒေသတွင် အမြဲနေထိုင်ပြီး ဒေသခံပြည်သူများက ယုံကြည် လေးစားသူ၊

(စ) နိုင်ငံရေးပါတီဝင်မဟုတ်သူ၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူဖြစ်ရမည့်အပြင် မိမိတာဝန်ကျ သည့် ဒေသ/ မြို့နယ်အတွင်းဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော် ကိုယ်စားလှယ် လောင်း၏ မိသားစုဝင်နှင့်အတူနေ ဆွေမျိုးသား ချင်းများမဖြစ်စေရ၊ ကော်မရှင် အဖွဲ့ခွဲဝင်တစ်ဦးဦးသည် ဤ အချက်နှင့်ငြိစွန်းပါက နုတ်ထွက်ရမည်။

(ဇ) နိုင်ငံရေးပြစ်မှုဖြင့်သော်လည်းကောင်း၊ အကျင့်စာရိတ္တဆိုင်ရာ ပြစ်မှုဖြင့်သော်လည်းကောင်း တရားရုံး၏ ပြစ်ဒဏ်စီရင်ချက်ကျ ခံဖူးသူမဖြစ်စေရ။

၁၇။ ပုဒ်မ ၁၆ပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိမရှိစိစစ်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၂၂အရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များထံမှအကူအညီရယူဆောင်ရွက်နိုင်သည်။

**အခန်း(၆)**

**တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၈။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊

(ခ) လွှတ်တော်ရွေးကောက်ပွဲများကိုကြီးကြပ်ခြင်း၊

(ဂ) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကိုကြီးကြပ်ခြင်း၊

(ဃ) မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ကြေညာခြင်း၊

(င) ရရှိသည့် ရန်ပုံငွေများကိုစနစ်တကျသုံးစွဲခြင်း၊ သုံးစွဲစေခြင်း၊

(စ) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီနိုင်ငံရေးပါတီ များကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊

(ဆ) ရွေးကောက်ပွဲနှင့်သက်ဆိုင်သောစာရင်းဇယားများနှင့် မှတ်တမ်း များကို တိကျစွာပြုစုထိန်းသိမ်းခြင်း၊

(ဇ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို ဖော်ဆောင်ခြင်း၊

(ဈ) ကော်မရှင်ကထုတ်ပြန်ခွင့်ပြုသော စာရင်းအချက်အလက်များမှ တစ်ပါး အခြားကိစ္စများနှင့် စပ်လျဉ်း၍ ပေါက်ကြားခြင်းမရှိစေရန် စောင့်ထိန်းခြင်း၊

(ည) ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦး အတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်း၊ မည်သည့်လွှတ်တော် ကိုယ်စားလှယ် လောင်းအတွက်မျှမဲမဆွယ်ရခြင်း၊ ဘက်မလိုက် ရခြင်း၊

(ဋ) ကော်မရှင်ကပေးအပ်သည့် တာဝန်များကိုထမ်းဆောင်ခြင်း။

၁၉။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ သည် အောက်ပါတို့ကို လိုက်နာရမည်-

(က) လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ ညွှန်ကြားချက်များကိုတိကျမှန်ကန်စွာလိုက်နာ ဆောင်ရွက်ခြင်း၊

(ခ) မိမိတာဝန်ကိုဘက်မလိုက်ဘဲ ဖြောင့်မတ်တည်ကြည်စွာ ထမ်းဆောင်ခြင်း၊

(ဂ) မိမိ၏တာဝန်၊ သိက္ခာနှင့်အညီပြောဆိုနေထိုင်ကျင့်ကြံခြင်း၊

(ဃ) ကော်မရှင်က ညွှန်ကြား၍ ဆောင်ရွက်ရသည်မှအပ ပါတီ တွင်း ကိစ္စများတွင် ဝင်ရောက်စွက်ဖက်မှုမပြုရခြင်း။

**အခန်း(၇)**

**ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ သက်တမ်း**

၂၀။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ သက်တမ်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ သို့ရာတွင် သက်တမ်းကုန်ဆုံးပြီးဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ နိုင်ငံတော်သမ္မတက ကော်မရှင်အသစ်တစ်ရပ်ဖွဲ့စည်းပြီး နောက် ယင်းကော်မရှင်ကကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းပြီးသည့် အချိန်အထိ မိမိ၏ လုပ်ငန်းတာဝန်များကိုဆက်လက်ထမ်းဆောင်ရမည်။"

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၏ အခန်း(၅)ကိုအခန်း(၈) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၂ ကို ပုဒ်မ ၂၁ အဖြစ် အောက်ပါအတိုင်းအစားထိုးရမည် -

"၂၁။ (က) ယခင် ဖွဲ့စည်းထားပြီးဖြစ်သော ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်တို့သည် ဤပြင်ဆင်သည့်ဥပဒေအရဖွဲ့စည်း ထားသောရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖြစ် သည်ဟူ၍ မှတ်ယူရမည်။

(ခ) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ကုန်ကျစရိတ် များ၊ ရွေးကောက်ပွဲကျင်းပခြင်းနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ် များကို မိမိ၏ဘဏ္ဍာငွေမှ ကျခံသုံးစွဲရန်နှစ်စဉ်ဘဏ္ဍာငွေအရ အသုံးဥပဒေတွင် ထည့်သွင်းရေးဆွဲရမည်။

(ဂ) ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့် လစဉ် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ရရှိခံစားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။"

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉နှင့်ပုဒ်မ ၂၀ တို့ကို ပုဒ်မ ၂၂၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇၊ ပုဒ်မ၂၈ နှင့်ပုဒ်မ ၂၉ တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

*စာမျက်နှာ ၁၅ မှ*

**အခန်း(၁၃)**

**တားမြစ်ချက်**

၅၉။ မည်သူမျှ ပုဒ်မ ၂၁ အရ ထွင်းထားသည့်မှတ်ပုံတင်အမှတ်ကို မရိုးမဖြောင့် သော သဘောဖြင့်ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်ခြင်း၊ ပုံသဏ္ဌာန်ပျက်စီး အောင် ပြုလုပ်ခြင်း သို့မဟုတ် မမြင်နိုင်စေရန်ပြုလုပ်ခြင်းမပြုရ။

၆၀။ မည်သူမျှ ဘွိုင်လာပြုပြင်သူလက်မှတ်မရှိဘဲ ဘွိုင်လာကိုမပြုပြင်ရ။

၆၁။ မည်သူမျှ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်မရှိဘဲ ဘွိုင်လာကို ကိုင်တွယ်ထိန်းသိမ်းခြင်း မပြုရ။

၆၂။ မည်သူမျှ ခွင့်ပြုဖိအားထက်ကျော်လွန်စေရန် အန္တရာယ်ကင်းဖိအားထိန်း အဆို့ရှင်ကို မိမိဆန္ဒအလျောက်ဖြစ်စေ၊ ပိုင်ရှင်မှ တာဝန်ပေးအပ်ချက်အရဖြစ်စေ ပြုပြင်ပြောင်းလဲခြင်းမပြုလုပ်ရ။

၆၃။ မည်သူမျှ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ ဘွိုင်လာ ထုတ်လုပ်ခြင်း မပြုရ။

**အခန်း(၁၄)**

**ပြစ်မှုနှင့်ပြစ်ဒဏ်**

၆၄။ ပိုင်ရှင်သည် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ် တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၆၅။ ပိုင်ရှင်သည် ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၆၆။ ပိုင်ရှင်သည် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ချမှတ်ရမည်။

၆၇။ မည်သူမဆိုပုဒ်မ ၅၉ပါ တားမြစ်ချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် ကျူးလွန်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုထောင်ဒဏ်အနည်းဆုံးတစ်နှစ်မှ အများဆုံးနှစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ချမှတ်နိုင် သည်။

၆၈။ မည်သူမဆို ပုဒ်မ ၆၀ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ် တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၆၉။ ဘွိုင်လာပြုပြင်သူသည် ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၇၀။ မည်သူမဆို ပုဒ်မ ၆၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ချမှတ်ရမည်။

၇၁။ မည်သူမဆို ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ပုဒ်မ ၆၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ၊ ဖောက်ဖျက် ကျူးလွန်ရန်အားထုတ်ကြောင်း သို့မဟုတ် ကျူးလွန်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ကျခံစေရမည်။

၇၂။ မည်သူမဆို ပုဒ်မ ၆၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံးနှစ်နှစ်မှ အများဆုံးသုံးနှစ် အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ် သိန်းတစ်ရာအထိ ချမှတ်နိုင်သည်။

၇၃။ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူသည် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ချမှတ်ရမည်။

**အခန်း(၁၅)**

**ကင်းလွတ်ခွင့်**

၇၄။ ဝန်ကြီးဌာနသည် သတ်မှတ်ချက်များနှင့်ညီညွတ်သော အောက်ပါတို့ကို ဤဥပဒေအရ ဆောင်ရွက်ခြင်းမှကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) အဆောက်အအုံတွင်အပူငွေ့ပေးရန်၊ ရေနွေးပေးရန်အသုံးပြုသော ဘွိုင်လာ၊

(ခ) အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုသောဘွိုင်လာ၊ ရေနွေး ငွေ့ပိုက်၊ ရေသွင်းပိုက်။

၇၅။ အောက်ပါတို့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်မသက်ဆိုင်စေရ-

(က) မည်သည့်သဘော်တွင်မဆို တပ်ဆင်အသုံးပြုသည့် ဘွိုင်လာ၊ ရေနွေး ငွေ့ပိုက်၊ ရေသွင်းပိုက်၊

(ခ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့်သက်ဆိုင်သောစက်ရုံ၊ အလုပ်ရုံ၊ ဌာနများရှိ ဘွိုင်လာ၊ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်၊

(ဂ) မီးရထားဘွိုင်လာ၊ရေနွေးငွေ့ပိုက်၊ရေသွင်းပိုက်။

**အခန်း(၁၆)**

**အထွေထွေ**

၇၆။ ဘွိုင်လာဥပဒေ (၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃) အရ ထုတ်ပြန်ခဲ့သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

၇၇။ ဤဥပဒေအတည်မဖြစ်မီက ထုတ်ပေးခဲ့သောလက်မှတ်များနှင့်ထောက်ခံ ချက်များသည် သက်တမ်းကုန်ဆုံးသည့်အခါ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၇၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၉။ ဘွိုင်လာဥပဒေ (၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၃) ကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ကောင်းဆိုးနှစ်ဖြာ အဏုမြူနည်းပညာ အပိုင်း(၂)

သိပ္ပံစာရေးဆရာကိုကိုအောင်



### အဏုမြူစွမ်းအင်နှင့် လူသားအကျိုးပြုလုပ်ငန်းများ

အဏုမြူနည်းပညာ၏ သဘောသဘာဝအရ အဆင့်နိမ့်သန့်စင်ထားသော ယူရေနီယံများကို အသုံးပြုကာ လျှပ်စစ်ဓာတ်အား ပမာဏကြီးမားစွာ ထုတ်လုပ်ရရှိနိုင်သလို ရေဒီယိုအိုင်ဆိုတုပ်များကို အသုံးပြုခြင်းအားဖြင့်လည်း ခန္ဓာကိုယ်တွင်းရှိ အစိတ်အပိုင်းများကို ပုံရိပ်ဖမ်းရိုက်ကူးခြင်း၊ ကင်ဆာရောဂါဝေဒနာများကို ကုသခြင်းစသည့် လူသားအကျိုးပြုလုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်သည်။

အဏုမြူဓာတ်ပြုခြင်းကြောင့် ထွက်ပေါ်လာသော ရေဒီယိုသတ္တိကြွ ဖြာထွက်ရောင်ခြည်များဖြစ်ကြသည့် အယ်လ်ဖာရောင်ခြည်၊ ဘီတာရောင်ခြည်၊ ဂမ်မာရောင်ခြည်၊ အိတ်ခ်စ်ရောင်ခြည်၊ အီလက်ထရွန်ရောင်ခြည်၊ နျူထရွန်ရောင်ခြည်တို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိနေကြသည်။

လူတို့၏ ခန္ဓာကိုယ်တွင်းအစိတ်အပိုင်းများနှင့် တစ်သျှူးများ၏ ပုံရိပ်များကို ဓာတ်မှန်ရိုက်ကူးရာ၌ အိတ်ခ်စ်ရောင်ခြည်ကို အသုံးပြုခဲ့ကြသည်။ ခေတ်သစ်ရောဂါရှာဖွေရေးစက်များ၌မူ ရောဂါရှာဖွေလိုသောလူနာကို တက်နိရှီယမ်ထိုးဆေးထိုးပေးခြင်း၊ သောက်ဆေးမျိုချစေခြင်းတို့ကို ပြုလုပ်ပြီး ရောဂါရှိသည့်နေရာကို အသေးစိတ် အနုစိတ်ရှာဖွေဖော်ထုတ်ပေးနိုင်ကြပြီ ဖြစ်သည်။

ရေဒီယိုအိုင်ဆိုတုပ်ထိုးဆေးနှင့် သောက်ဆေးများသည် ဂမ်မာရောင်ခြည်များကို ဖြာထွက်လာစေသည်။ ထိုဂမ်မာရောင်ခြည်များသည် ဖောက်ထွင်းစွမ်းအားမြင့်မားသည့်အတွက် ရောဂါရှာဖွေရေးစက်ပုံရိပ်ဖော်ဖန်သားပြင်၏ အကူအညီဖြင့် ရောဂါဖြစ်ပွားနေသည့်နေရာကို တိတိကျကျ ဖော်ထုတ်နိုင်စွမ်းရှိကြသည်။

အလားတူပင် ကင်ဆာရောဂါ ဝေဒနာများကို ကုသရာ၌လည်း ဂမ်မာရောင်ခြည်ကို ဖြာထွက်စေသည့် ရေဒီယိုအိုင်ဆိုတုပ်များဖြစ်ကြသော ဆီစီယမ်၊ ကိုဘော့၊ အိုင်အိုဒင်း စသည်တို့ကို အသုံးပြုပြီး ကင်ဆာဆဲလ်များကို ဖျက်ဆီးကာ ကုသပေးလျက်ရှိသည်။ အချို့သော ကင်ဆာရောဂါ ကုထုံးများ၌မူ အီလက်ထရွန်ရောင်ခြည်နှင့် နျူထရွန်ရောင်ခြည်များကိုပါ အသုံးပြုလျက်ရှိကြသည်။

ဓာတ်ကင်ခြင်းဟုအများက ခေါ်ဝေါ်သုံးနှုန်းနေကြသော ရေဒီယိုသတ္တိကြွ ဖြာထွက်ရောင်ခြည်များဖြင့် ကင်ဆာဆဲလ်များကို ဖျက်ဆီးပစ်သည့်ကုထုံးတွင် အသုံးပြုမည့် စက်ကိရိယာ အားလုံးတို့သည် သတ်မှတ်ခွင့်ပြုထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီနေရန် လိုအပ်နေသလို အသုံးပြုခွင့် သက်တမ်းအတွင်း၌ ရှိနေရန်လည်း အရေးကြီးသည်။

ထို့ကြောင့်ပင်လျှင် ကမ္ဘာ့နိုင်ငံအသီးသီးတို့၌ ရေဒီယိုသတ္တိကြွရောင်ခြည်သုံး စက်ကိရိယာများအား ထုတ်လုပ်ခြင်း၊ တင်ပို့ခြင်း၊ တင်သွင်းခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း ၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်းစသော လုပ်ငန်းစဉ် အဆင့်ဆင့်တို့တွင် တိတိကျကျ လိုက်နာဆောင်ရွက်ကြရမည့် စည်းကမ်းချက်နှင့် ညွှန်ကြားချက်များကို သတ်မှတ်ထုတ်ပြန်ထားရှိကြရသည်။

သို့ဖြစ်၍ ရေဒီယိုသတ္တိကြွရောင်ခြည်သုံး စက်ကိရိယာများကို ထုတ်လုပ်သူ ၊ တင်ပို့သူ၊ တင်သွင်းသူ၊ သယ်ယူပို့ဆောင်သူ၊ သိုလှောင်ထားရှိသူနှင့် ကိုင်တွယ်အသုံးပြုမည့်သူများအားလုံးတို့သည် မိမိတို့နိုင်ငံရှိ အဏုမြူနည်းပညာဆိုင်ရာ အဖွဲ့အစည်းများတွင် စနစ်တကျမှတ်ပုံတင်ခြင်း၊ အခါအားလျော်စွာ စစ်ဆေးမှုခံယူခြင်း၊ ကျွမ်းကျင်မှုသင်တန်းများ တက်ရောက်ခြင်း၊ ပညာပေးလေ့ကျင့်မှုကို ခံယူခြင်း၊ ကြိုတင်ကာကွယ်မှုများပြုလုပ်ခြင်း၊ ရေဒီယိုသတ္တိကြွရောင်ခြည် ယိုစိမ့်ခြင်းကဲ့သို့သော အရေးပေါ်အခြေအနေအတွက် စီမံချက်များကို စနစ်တကျ ရေးဆွဲထားခြင်း စသည်တို့ကို လေးလေးစားစားလိုက်နာလုပ်ဆောင်ကြရန် အလွန်အရေးကြီးသည်။

အများပြည်သူတို့အနေဖြင့်လည်း ရေဒီယိုသတ္တိကြွ အဏုမြူရောင်ခြည်၏ အန္တရာယ်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် မလိုအပ်ဘဲ အဏုမြူရောင်ခြည်သုံး ရောဂါရှာဖွေစက်များဖြင့် အစစ်ဆေးခံခြင်းကို မပြုလုပ်သင့်ကြပေ။ ဆီစီယမ်ကလိုရိုက်ကဲ့သို့သော ရေဒီယိုသတ္တိကြွနှုန်းမြင့်မားသည့် ပစ္စည်းများကို ထည့်သွင်းတည်ဆောက်ထားသည့် ရောဂါရှာဖွေရေးစက်ကိရိယာများသည် အဏုမြူရောင်ခြည်များကိုဖြာထွက်စေနိုင်သော အာနိသင်ရှိနေသည်ကို သတိပြုကြရမည်ဖြစ်သည်။

အများက CT စက်ဟုခေါ်ဆိုနေကြသော Computed Tomography စက်များသည် လည်းကောင်း၊ MRI ဟုခေါ်ဆိုနေကြသော Magnetic Resonance Imaging စက်များသည် လည်းကောင်း၊ PET Scan ဟုခေါ်ဆိုနေကြသော Positron Emission Tomography စက်များသည် လည်းကောင်း၊ ရေဒီယို အိုင်ဆိုတုပ်များကို အသုံးပြုတည်ဆောက်ထားသည့် ရောဂါရှာဖွေရေးနှင့် ကုသရေးစက်များဖြစ်ကြသည်။

### အဏုမြူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ

ကမ္ဘာပေါ်တွင် လက်ရှိအားဖြင့် အဏုမြူဓာတ်ပေါင်းဖို ၄၃၄ လုံးကို အသုံးပြုကာ တစ်ကမ္ဘာလုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှု၏ ၁၆ ရာခိုင်နှုန်းကို ဖြည့်ဆည်းထုတ်လုပ်ပေးလျက်ရှိနေကြသည်။ အမေရိကန်ပြည်ထောင်စုတွင် အဏုမြူဓာတ်အားပေးစက်ရုံ ၁၀၄ ရုံ ရှိနေပြီးပြင်သစ်တွင် အဏုမြူဓာတ်အားပေးစက်ရုံ ၅၈ ရုံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ၃၂ ရုံ၊ တောင်ကိုရီးယားနိုင်ငံတွင် ၂၁ ရုံ၊ ကနေဒါနိုင်ငံတွင် ၁၇ ရုံ၊ ယူကရိန်းနိုင်ငံတွင် ၁၅ ရုံ စသည်ဖြင့် အသီးသီး လည်ပတ်လျက်ရှိနေကြသည်။

ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံများဖြစ်ကြသည့် တရုတ်နှင့်အိန္ဒိယတို့ကလည်း ယင်းတို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရန်အတွက် အဏုမြူဓာတ်အားပေး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြသည်။

တရုတ်နိုင်ငံတွင် လက်ရှိအားဖြင့် အဏုမြူဓာတ်အားပေးစက်ရုံ ၁၄ ရုံရှိနေပြီး နောက်ထပ်စက်ရုံများ ထပ်မံတိုးချဲ့တည်ဆောက်ရန် လျာထားချက်များလည်းရှိနေသည်။ လက်ရှိအခြေအနေတွင် တရုတ်နိုင်ငံသည် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၆၀ခန့်ထုတ်လုပ်ပေးလျက်ရှိနေပြီး ၂၀၂၀ ပြည့်နှစ် အရောက်တွင် အဏုမြူစွမ်းအင်ကို အသုံးပြုထုတ်လုပ်သော လျှပ်စစ်ဓာတ်အားပမာဏ စုစုပေါင်း မဂ္ဂါဝပ် ၇၀အထိ ရောက်ရှိအောင် ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။

တရုတ်နိုင်ငံ၏ အကြီးဆုံးသော လျှပ်စစ်ဓာတ်အားကုမ္ပဏီကြီးဖြစ်သည့် ဂွမ်းဒေါင်းအဏုမြူဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းစုက နိုင်ငံတောင်ပိုင်းရှိ ဒါယာပင်လယ်အော်တွင် အဏုမြူဓာတ်အားပေးစက်ရုံများကို တည်ဆောက်ပြီး တရုတ်နိုင်ငံ တောင်ပိုင်းဒေသများကို သာမက ဟောင်ကောင်ကျွန်းအထိပင် လျှပ်စစ်ဓာတ်အားများကို ဖြန့်ဖြူးပေးနိုင်ပြီဖြစ်သည်။ ဂွမ်းဒေါင်းအဏုမြူဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းစုကြီးသည် လက်ရှိအချိန်တွင် ယူရေနီယံသတ္တု ကုန်ကြမ်းအမြောက်အမြားကို တင်သွင်းကာ အဏုမြူဓာတ်အားပေးစက်ရုံများကို လည်ပတ်စေလျက်ရှိသည်။

တစ်ချိန်ကအမေရိကန်၊ ရုရှားနှင့်ပြင်သစ်တို့ထံမှ အဏုမြူနည်းပညာများကို တင်သွင်းရယူခဲ့သောတရုတ်နိုင်ငံသည် ယခုအခါ ကိုယ်ပိုင်နည်းပညာဖြင့် အဏုမြူဓာတ်အားပေးစက်ရုံများကို တည်ဆောက်လည်ပတ်နိုင်ပြီဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးရှိ လျှပ်စစ်ဓာတ်အားသုံးစွဲမှု၏ ၂ ရာခိုင်နှုန်းကို အဏုမြူစွမ်းအင်ဖြင့် ထုတ်လုပ်ပေးလျက်ရှိသော တရုတ်နိုင်ငံသည်နောက်ထပ်တစ်ဆင့်တက်ကာ ၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန်ရည်ရွယ်လုပ်ဆောင်လျက်ရှိနေသည်။

အလားတူပင် ကမ္ဘာ့လူဦးရေ ဒုတိယအများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် လက်ရှိအားဖြင့် အဏုမြူဓာတ်အားပေးစက်ရုံများ ထပ်မံတိုးချဲ့တည်ဆောက်သွားရန်နှင့် သက္ကရာဇ် ၂၀၃၀ ပြည့်နှစ်အရောက်တွင် အဏုမြူ စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ အထိ ထုတ်လုပ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်။

အိန္ဒိယအဏုမြူဓာတ်အား ထုတ်လုပ်ရေးကော်ပိုရေးရှင်းသည် ပြင်သစ်နိုင်ငံမှ Areva အဏုမြူနည်းပညာကုမ္ပဏီ၏ တာဝန်ယူတည်ဆောက်မှုဖြင့် မာရပ်ရှ်ထရာပြည်နယ်တွင် လျှပ်စစ်ဓာတ်အား ပမာဏ ၁၆၅၀ မီဂါဝပ် ထုတ်လုပ်ပေးမည့် အဏုမြူဓာတ်အားပေးစက်ရုံကို ၂၀၁၈ ခုနှစ်တွင် စတင်လည်ပတ်နိုင်ရန် လုပ်ဆောင်လျက်ရှိနေသည်။

ယင်းစက်ရုံတည်ဆောက်ပြီးစီး၍ စတင်လည်ပတ်သည်နှင့် နောက်ထပ် အဏုမြူဓာတ်အားပေးစက်ရုံလေးရုံကိုပါ ထပ်မံတည်ဆောက်ရန် လျာထားစီစဉ်ပြီးဖြစ်သည့်အတွက် ထိုစက်ရုံများအားလုံးပြီးစီးပါက ယင်းပြည်နယ်တစ်ခုတည်းမှာပင် လျှပ်စစ်ဓာတ်အားပမာဏ ၁၀ မဂ္ဂါဝပ်ခန့်အထိ ထုတ်လုပ်လာနိုင်လိမ့်မည်ဖြစ်သည်။

အလားတူပင် လျှပ်စစ်ဓာတ်အားပမာဏ မဂ္ဂါဝပ် ၁၀၀၀ ထုတ်လုပ်ပေးနိုင်သော အဏုမြူဓာတ်အားပေးစက်ရုံတစ်ခုကို ရုရှားနိုင်ငံ Atom Stroyexpord နည်းပညာကုမ္ပဏီ၏ တာဝန်ယူမှုဖြင့် တမီလ်နာဒူးပြည်နယ်၌ တည်ဆောက်လျက်ရှိသည်။ တည်ဆောက်ပြီးစီးပါက ယင်းပြည်နယ်၌ပင် လျှပ်စစ်ဓာတ်အားပမာဏ မဂ္ဂါဝပ် ၁၀၀၀ ထုတ်လုပ်ပေးနိုင်သော အဏုမြူဓာတ်အားပေးစက်ရုံနှစ်ရုံကို ထပ်မံတည်ဆောက်ရန် စီစဉ်ထားပြီးဖြစ်သည်။

အရှေ့တောင်အာရှဒေသတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းလာနေသော ဗီယက်နမ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်အရောက်တွင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို စိန်ခေါ်လာနိုင်သည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက် ကိန်းဂဏန်းအများအပြားကို ဖြည့်ဆည်းပေးနိုင်ရန် အဏုမြူဓာတ်အားပေးစက်ရုံငါးရုံကို မကြာမီနှစ်များအတွင်း စတင်တည်ဆောက်တော့မည်ဖြစ်သည်။ ရုရှားနိုင်ငံ၏ ချေးငွေ အမေရိကန်ဒေါ်လာ သန်းငါးရာဖြင့် ပထမဦးဆုံးသော အဏုမြူဓာတ်အားပေးစက်ရုံနှစ်ရုံ တည်ဆောက်ရေးစီမံကိန်းများကို အကောင်အထည်ဖော်နေပြီဖြစ်သည်။

ရုရှားနိုင်ငံက ချေးငွေအပြင် နည်းပညာဆိုင်ရာပံ့ပိုးမှုများကိုပါ ဖြည့်ဆည်းပေးမည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၂၀၀၀ အထိ ထုတ်လုပ်ရရှိအောင် စွမ်းဆောင်ပံ့ပိုးပေးရန် သဘောတူညီထားကြသည်။ ထို့အတူ ဂျပန်နိုင်ငံကလည်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ အထိ ထုတ်လုပ်ရရှိအောင် အဏုမြူနည်းပညာများကို ပံ့ပိုးပေးမည်ဟု ကတိပြုထားပြီးဖြစ်သည်။

*စာမျက်နှာ ၁၈ သို့*

# ချောင်းဦးမြို့ တံတားများအောက်ရှိ ချောင်းများအတွင်းမှ အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်း




**ချောင်းဦး ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်တွင် တံတားများတည်ဆောက်ထားသည့် ချောင်း၊ မြောင်းများ၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင် ၁၃ ရက်က ဘက်ဟိုးစက်ကြီးဖြင့်လိုက်လံ ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

၂၀၁၃ ခုနှစ် မိုးရွာသွန်းမှုများပြားခဲ့ခြင်းကြောင့် ချောင်းဦးမြို့ မြို့သစ်ရပ်ကွက်ရွှေသိမ်တော်ချောင်း ချောင်းရေမြင့်တက်လာခဲ့သည့်အတွက် မြို့သစ်ရပ်ကွက်အတွင်းမှ နေအိမ်အချို့ ရေနစ်မြုပ်ခဲ့ရပြီး ဇရိပ်မွန် (၂) မိဘမဲ့မိန်းကလေးကျောင်းအပါအဝင် အစိုးရဌာနဆိုင်ရာအချို့၏ အုတ်တံတိုင်းများ ပြိုလဲကျခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးရွာသွန်းမှုများပြားလာပါက ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအနေဖြင့် လည်းကောင်း၊ တံတားများအောက်ရှိ ချောင်း၊ မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် လည်းကောင်း၊ ချောင်းဦးမြို့၊ ရွှေသိမ်တံတားအောက်၊ ရွှေသိမ်တော်ချောင်းအတွင်းမှ အမှိုက်များနှင့် ဒိုက်များကို ဘက်ဟိုးစက်ကြီးဖြင့် မြို့နယ်အစီအစဉ်အရ သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းလျက်ရှိ ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အသေးစားချေးငွေဖြင့် အရစ်ကျရောင်းချသောစက်ပစ္စည်းများပေးအပ်

**မြောင်းမြ ဇူလိုင် ၁၅**



သမဝါယမ ဝန်ကြီးဌာနသည် နိုင်ငံတော်၏စီးပွားရေးကို သမဝါယမလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုဘဝမြင့်မားရေး၊ ဆင်းရဲမှုလျှော့ချရေးများကို ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေနှင့် အရစ်ကျစနစ်ဖြင့် ရောင်းချပေးသည့် စက်ပစ္စည်းများပေးအပ်ပွဲကို ဇူလိုင် ဒုတိယပတ်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ ပေးအပ်ပွဲတွင် ကျေးရွာသမဝါယမအသင်းများသို့ ပံ့ပိုးချေးငွေများကို တာဝန်ရှိသူများက ပေးအပ်ကြရာ တိုက်နယ်အလိုက် ကျေးရွာသမဝါယမအသင်းစု ဥက္ကဋ္ဌများက လက်ခံယူပြီး အရစ်ကျရောင်းချပေးသော စက်ကိရိယာပစ္စည်းများကို မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက လက်ခံယူခဲ့သည်။ ပေးအပ်ပွဲတွင် ချေးငွေ လုံးဝခံစားခြင်းမရှိသေးသော စိုက်ပျိုးထုတ်လုပ်ရေးအသင်း ၁၂၃ သင်း၊ မွေးမြူရေးအသင်း ၁၃၈ သင်း ၊အသင်းဟောင်း ၂၀ အပါအဝင် စုစုပေါင်း ၂၈၁ သင်းရှိ အသင်းသားပေါင်း ၂၄၆၉၅ ဦးအတွက် ထုတ်ချေးငွေကျပ် သိန်းပေါင်း ၁၈၂၅၅ ဒသမ ၅ သိန်းထုတ်ချေးပေးကာ အခြေခံအသင်း ၁၁ သင်းအတွက် ငွေကျပ် ၆၈၁ ဒသမ ၉၅၅ သိန်းတန်ဖိုးရှိသော လယ်ယာသုံးနှင့် ရေလုပ်ငန်းသုံးပစ္စည်းများကို ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြောင်းမြမြို့နယ်တွင် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပေါင်း ၂၃၇ သင်း ၊ မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်း ၁၄၁ သင်းအပါအဝင် အသင်းပေါင်း ၄၀၄ သင်း ဖွဲ့စည်းဆောင်ရွက်ထားရှိကြောင်း သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမြင့်၏ ပြောကြားချက်အရသိရသည်။

တောင်သူများ စိုက်ပျိုးစရိတ်ကြောင့် လယ်ယာစိုက်ပျိုးမှုတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် ရည်ရွယ်၍ သမဝါယမဝန်ကြီးဌာနမှ အတိုးနှုန်းသက်သာစွာဖြင့် ပံ့ပိုးချေးငွေများ ထုတ်ချေးခြင်း၊ စက်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းကြောင့် ကျေးလက်နေ တောင်သူလယ်သမားများ လူမှုစီးပွားဘဝတိုးတက်ကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**အောင်မင်း**

## သတင်းတိုများ

### စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

ချင်းပြည်နယ်တရားလွှတ်တော်၏ကြီးကြပ်မှုဖြင့် မင်းတပ်ခရိုင်တရားရုံးက ဖွင့်လှစ်သည့် တရားရုံးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက်က မင်းတပ်ခရိုင်တရားရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မင်းတပ်ခရိုင်တရားသူကြီး ဦးတင်ထူးက ဝန်ထမ်းများအနေဖြင့် နေ့စဉ်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရာတွင် ကျွမ်းကျင်တတ်မြောက်မှု၊ စွမ်းဆောင်ရည်တိုးတက်မြင့်မားစေရန်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သုံးနှစ်တာမဟာဗျူဟာစီမံကိန်းကို သိရှိနားလည်သဘောပေါက်လျက် ထိရောက်စွာ အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ကြောင်းပြောကြားသည်။ သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

### ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေအဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မွန်ပြည်နယ် ပေါင်မြို့နယ် အလှပ်သပြေကုန်းကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းရန်အတွက် ပစ္စည်းစုဆောင်းနေမှုကို မြို့နယ်ဦးစီးမှူး ဦးမင်းဝေဖြိုး လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ)နှင့် အင်ဂျင်နီယာဝန်ထမ်းများ ဇူလိုင်ပထမပတ်တွင် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

### အသက်၁၉နှစ်အောက်မိုးရာသီအားကစားပြိုင်ပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၌ အသက် ၁၉ နှစ်အောက် မိုးရာသီဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းနှင့် ဘော်လီဘောအားကစားပြိုင်ပွဲများကို ဇူလိုင် ၁၀ ရက်ကစတင်၍ မင်းကင်းမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပလျက်ရှိကြောင်း သိရသည်။ အားကစားပြိုင်ပွဲတွင် ဘောလုံးအသင်း ရှစ်သင်းပါဝင်ယှဉ်ပြိုင်ကစားကြပြီး ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ၊ ပိုက်ကျော်ခြင်းနှင့် ဘော်လီဘောပြိုင်ပွဲများကို ဇူလိုင် ၁၈ ရက်တွင်ကျင်းပကာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မြင့်က ဦးဆောင်၍ ဆုဖလားပေးအပ်ပွဲနှင့် ဆုချီးမြှင့်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား(iprd)**

### အမျိုးသားအားကစားပြိုင်ပွဲများ ကျင်းပ

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား (၂၃) နှစ်အောက် ကျေးလက်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ပြေးခုန်ပစ်ပြိုင်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် ညနေ ၃ နာရီခွဲက မြို့နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အားကစားဦးစီးအရာရှိ ဦးခန့်မျိုးအောင်က အားကစားပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြင့် မြို့နယ်အတွင်းရှိ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာနိုင်ပြီး ခရိုင်/ ပြည်နယ်အဆင့်ပြိုင်ပွဲများတွင် အဆင့်အတန်းမီဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းဖြင့် ပြည်နယ်လက်ရွေးစင်များ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအားကစားပြိုင်ပွဲကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပင်လုံဈေးအမှိုက်ပုံ ပုံမှန်သိမ်းဆည်းပေးရန် ရပ်ကွက်ပြည်သူတို့ လိုလား

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အမှတ်(၁၃)ရပ်ကွက်ရှိ ပင်လုံဈေးသည် စည်ကားသောဈေးဖြစ်ပြီး ဈေးရှေ့အမှိုက်ကန်မှာ လမ်းပေါ်သို့လျှံကျနေ၍ ဈေးသွားဈေးပြန်ရပ်ကွက် ပြည်သူတို့နှင့် ဈေးသည်များ၊ အမှိုက်ကန်အနီးရှိ နေအိမ်များ၊ ဈေးဆိုင်များမှာ အမှိုက်များမှထွက်ပေါ်လာသော အနံ့အသက်တို့ကို ရှူရှိုက်နေရသည့်အတွက် ကျန်းမာရေးစိုးရိမ်နေရသောကြောင့် အမှိုက်များကို ရှင်းလင်းပေးရန် ရပ်ကွက်နေပြည်သူများထံမှ သိရသည်။

“အမှိုက်မကျုံးတာ တစ်ပတ်လောက်ရှိပြီ။ ဘာလို့အကုန်မသိမ်းတာလဲလို့မေးတော့ ပိတောက်မြိုင်ဈေးမှာ လမ်းကြောင်းရှိလို့ ဦးစားပေးလုပ်နေရတယ်လို့ အလုပ်သမားတစ်ယောက်က ပြောတယ်။ မိုးရွာရင် အမှိုက်ပုံက ကွန်ကရစ်လမ်းပေါ်ကို စွန့်ပစ်ရည်တွေစီးကျတယ်။ နေပူရင်မခံနိုင်အောင် နံတယ်။ ဈေးရောင်းဖို့ နေရာတစ်နေရာရဖို့ မလွယ်ဘူးဆိုတော့ သည်းခံပြီးရောင်းရတာ။ အရင်က နှစ်ရက်တစ်ခါ ပုံမှန်သယ်တော့ အခုလိုမဖြစ်ပါဘူး။ ခုတော့ တစ်နေကုန်ရှူနေရတော့ ကျန်းမာရေးထိခိုက်တာတော့ အမှန်ပါပဲ”ဟု နံနက် ၅ နာရီမှ ည ၉ နာရီအထိ အမှိုက်ကန်အနီးတွင်ဈေးရောင်းနေသော ဈေးသည်တစ်ဦးက ပြောသည်။

ကျူးကျော်နေထိုင်မှုနှင့် အဆောင်နေထိုင်မှုများလာသော လှိုင်သာယာတွင်နေ့စဉ်စွန့်ပစ်ပစ္စည်းထွက်နှုန်းနှင့် သိမ်းဆည်းနှုန်းမညီမျှသောကြောင့် အမှိုက်ကန်များတွင် ပြည့်လျှံလျက်ရှိကြောင်း၊ လူအများစုဝေးရာဈေးများရှိ အမှိုက်ကန်များသန့်ရှင်းရေးသည် ကျန်းမာရေးအတွက် အရေးကြီးသောကြောင့် စားသောက်ကုန်များမှ ရောဂါပြန့်ပွားမှုကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ပင်လုံဈေးအမှိုက်ကန်ရှိ အမှိုက်များကိုလည်း ပုံမှန်သိမ်းဆည်းပေးရန် ရပ်ကွက်ပြည်သူတို့လိုလားလျက်ရှိကြောင်းသိရသည်။

**မြင့်မြတ်သစ္စာ**



## ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုး

**မိုးမိတ် ဇူလိုင် ၁၅**

မိုးမိတ်ခရိုင် မိုးမိတ်မြို့ တောင်ကိုင်းကျေးရွာအုပ်စု ကွင်းအမှတ်(၉)တွင် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း သရုပ်ပြပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးတင်ဦးက ကောက်စိုက်စက်နှင့် စိုက်ပျိုးရာတွင် လိုအပ်သောပျိုးထောင်ပုံ၊ မြေပြင်ပုံများကို ရှင်းလင်းပြောကြားခဲ့ပြီး စက်မှုလယ်ယာဦးစီးမှူးက ကောက်စိုက်စက်အသုံးပြုပုံနှင့် ရရှိလာသောအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကာ ဒေသခံတောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

*စာမျက်နှာ ၁၇ မှ အဆက်*

မဲခေါင်မြစ်အောက်ပိုင်းရှိ နိုင်ငံတစ်နိုင်ငံဖြစ်သော ဗီယက်နမ်နိုင်ငံသည် ၂၀၀၉ ခုနှစ် အတွင်းက တစ်နိုင်ငံလုံး၌ သုံးစွဲခဲ့သော လျှပ်စစ်ဓာတ်အား၏ ၃၃ ရာခိုင်နှုန်းကို ရေအားသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ လည်းကောင်း၊ ၁၇ ရာခိုင်နှုန်းကို သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ လည်းကောင်း၊ ခြောက်ရာခိုင်နှုန်းကို ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ လည်းကောင်း၊ နောက်ထပ် ၆ ရာခိုင်နှုန်းကို ဒီဇယ်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ လည်းကောင်း ရယူသုံးစွဲခဲ့သည်။

သို့ရာတွင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်အလွန်မြင့်မားလာနေသည့်အလျောက် ပြည်တွင်းမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားနှင့် လုံလောက်မှုမရှိတော့သည့်အတွက် ၂၀၁၂ ခုနှစ်အတွင်းက တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားလိုအပ်ချက်၏ ၄ ဒသမ ၆၅ ရာခိုင်နှုန်းကို တရုတ်နိုင်ငံမှ ဝယ်ယူသုံးစွဲခဲ့ရသည်။

အမေရိကန်ပြည်ထောင်စုတွင်မူ ပြည်နယ်ပေါင်း ၃၀ ကျော်၌ အဏုမြူစွမ်းအင်မှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို ရယူသုံးစွဲလျက်ရှိနေကြသည်။ ယင်းတို့အနက် ပြည်နယ်ခုနစ်ခု၌ သုံးစွဲနေသော လျှပ်စစ်ဓာတ်အား စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းသည် အဏုမြူဓာတ်အားပေးစက်ရုံများမှ ပို့လွှတ်သော လျှပ်စစ်ဓာတ်အားများ ဖြစ်ကြသည်။ အမေရိကန်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်မှစ၍ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၈၀၀ ကျော်ကို အဏုမြူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်ပေးလျက်ရှိသည်။

အလားတူပင် ပြင်သစ်နိုင်ငံသည်လည်း အဏုမြူစွမ်းအင်ကိုသုံး၍ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀၀ ကျော်ကို ထုတ်လုပ်သုံးစွဲလျက်ရှိသည်။ အဏုမြူ နည်းပညာအင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်သော ပြင်သစ်နိုင်ငံသည် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားလိုအပ်ချက်၏ ၇၅ ရာခိုင်နှုန်းကို အဏုမြူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများဖြင့် ထုတ်လုပ်ဖြန့်ဖြူး ပေးနေရသည်။ ရေနံလည်းမထွက်၊ ကျောက်မီးသွေးလည်း တူး၍မရသော ပြင်သစ်နိုင်ငံသည် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များအနက် ရာခိုင်နှုန်းအများစုကို အဏုမြူနည်းပညာသုံး၍ ထုတ်လုပ်ရန်မှတစ်ပါး ရွေးချယ်ရန် လမ်းမရှိနိုင်ပေ။

# မက်ဆီ၊ နေမာတို့နဲ့ ဂျရတ်၊ ရော်ဘီကိန်းတို့ ဆုံတွေ့မယ့် နိုင်ငံတကာ ကလပ်ချန်ပီယံများဖလား ပြိုင်ပွဲ

မိုးမြင့်လင်းလက်





နိုင်ငံတကာကလပ်ချန်ပီယံများဖလားပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်မှ ဩဂုတ် ၅ ရက်အထိ ပြိုင်ပွဲဝင်အသင်း ၁၅ သင်း ပါဝင်ဆင်နွှဲလျက်ရှိပါတယ်။ ဇူလိုင် ၁၈ ရက်မှာ ဘင်ဖီကာနဲ့ ပီအက်စ်ဂျီ၊ ဇူလိုင် ၂၁ ရက်မှာ ဘာစီလိုနာနဲ့ အယ်လ်အေဂလက်စီ၊ ပီအက်စ်ဂျီနဲ့ ဖီအိုရင်တီးနားတို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ထိပ်တန်းအသင်းတွေရဲ့ ပွဲစဉ်တွေဖြစ်တာမို့ အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုတွေနဲ့အတူ ပွဲကောင်းတွေကို အားပေးကြရဦးမှာ ဖြစ်ပါတယ်။

**ဘင်ဖီကာနှင့် ပီအက်စ်ဂျီ**

ပေါ်တူဂီလိဂ်မှာ ထိပ်တန်းအဆင့်ခြေစွမ်းပြနေတဲ့ ဘင်ဖီကာတို့က လက်ရှိအချိန်မှာလည်း အကောင်းဆုံးပုံစံ ရရှိနေပါတယ်။ ဘင်ဖီကာဟာ တိုက်စစ်ဖွင့် ကစားရင် ပြိုင်ဘက်အသင်းတွေ ဟန်ချက်ပျက်အောင် တစ်ဟုန်ထိုး တိုက်စစ်ဆင်နိုင်တာမို့ ပီအက်စ်ဂျီတို့ သတိထားရပါလိမ့်မယ်။ တိုက်စစ်မှာ ဂျိုနက်စ်က ဂိုးသွင်းစွမ်းရည်ထက်မြက်ပြီး ပြီးခဲ့တဲ့ ပေါ်တူဂီလိဂ်မှာ ဂိုးပေါင်း ၂၀ သွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။ ဒ့်ါအပြင် အိုလီဗီယာ၊ လီမာ၊ ဆန်တို့စ် စတဲ့ တိုက်စစ်မှူးတွေကလည်း အတွဲညီညီထိုးဖောက်နိုင်ကြသူတွေ ဖြစ်တာမို့ ဘင်ဖီကာဟာ ဒီပွဲမှာ အနိုင်ရအောင် ခြေကုန်ထုတ်ပါလိမ့်မယ်။ နည်းပြ ရှိုင်ဗစ်တိုးရီးယားရဲ့ ဗျူဟာကို ပီအက်စ်ဂျီတို့ ဘယ်လိုရင်ဆိုင်မလဲကြည့်ရမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီက ပြင်သစ်လီဂူး-၁မှာ ဗိုလ်စွဲခဲ့တဲ့ ပီအက်စ်ဂျီတို့ကလည်း လီဂူး-၁ သုံးနှစ်ဆက် တိုက်ချန်ပီယံဆိုတဲ့ စွမ်းဆောင်မှုတွေနဲ့အတူ အောင်ပွဲဝင်စိတ်ဓာတ်တွေ ဆူဝေနေတဲ့အသင်းဖြစ်ပါတယ်။ တိုက်စစ်မှူးတွေဖြစ်တဲ့ ကာဗာနီ၊ လာဗက်ဇီ၊ ဟာဗင်အိုဂန်ဒါတို့ကလည်း ပြိုင်ဘက်နောက်တန်းကို ရဲရဲဝံ့ဝံ့ ထိုးဖောက်ဂိုးသွင်းနိုင်သူတွေဖြစ်ပြီး မိုကာ၊ ပက်စတိုရီနဲ့ ဗာရက်တီတို့ကလည်း ကွင်းလယ်ကစားအားကို ထိန်းချုပ်နိုင်သူတွေဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာ ကစားအားမျှနေပြီး တိုက်စစ်အားသာချက်ရှိနေတဲ့ ပီအက်စ်ဂျီတို့ နိုင်ပွဲရသွားနိုင်ပါတယ်။

**ဘာစီလိုနာနှင့် အယ်လ်အေဂလက်စီ**

လာလီဂါဖလားကို ငါးနှစ်ဆက်တိုက် ဗိုလ်စွဲထားတဲ့ ဘာစီလိုနာဟာ ကမ္ဘာကျော်တိုက်စစ်မှူးတွေနဲ့ စုဖွဲ့ထားတဲ့အတွက် အကောင်းဆုံးစွမ်းဆောင်ရည်ကို ပိုင်ဆိုင်ထားပါတယ်။ မက်ဆီ၊ နေမာ၊ အင်နီယေစတာ၊ ရိုဒရီဂွက်စ်၊ အလက်ဆောင်း၊ ဗီဒယ် စတဲ့ကစားသမားတွေက ပြိုင်ဘက်အသင်းတွေနဲ့ ရင်ဆိုင်တိုင်း ပွဲရလဒ်ကောင်းအောင် စွမ်းဆောင်နိုင်ကြသူတွေဖြစ်ပါတယ်။ အသင်းလိုက်ရော တစ်ဦးချင်းပါ စွမ်းဆောင်ရည်မြင့်မားသူတွေဖြစ်တဲ့အပြင် ငယ်ရွယ်သူတွေနဲ့ ဖွဲ့စည်းထားတာမို့ ပွဲချိန်ပြည့်ကစား အားမချဘဲ အယ်လ်အေဂလက်စီကို ဖိအားပေးကစားပါလိမ့်မယ်။ အယ်လ်အေဂလက်စီမှာတော့ ဂျရတ်၊ ရော်ဘီကိန်းတို့ကို အဓိကထားပြီး အတွေ့အကြုံနဲ့ သမ္မာကိုအားပြုကစားဖို့ရှိတာမို့ ရသမြောက်ပွဲတစ်ပွဲအသွင် ဖြစ်လာမှာပါ။ ဘာစီလိုနာရဲ့ လက်ရှိတိုက်စစ်ပိုင်းနဲ့ အသင်းလိုက် ကစားအားကို ပွဲချိန်ပြည့်တံ့ပြန်ဖို့ဆိုတာ အယ်လ်အေဂလက်စီတို့ ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် အခွင့်အရေးရရင် အဆုံးသတ်သေချာတဲ့ အယ်လ်အေဂလက်စီတိုက်စစ်မှူးတွေကလည်း ဘာစီလိုနာ ခံစစ်မှူးတွေကို ကျော်ဖြတ်ပြီး ဂိုးသွင်းနိုင်ရေးပုံဖော်နိုင်တာမို့ ဘာစီလိုနာတို့ နိုင်ပွဲရရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

**ပီအက်စ်ဂျီနှင့် ဖီအိုရင်တီးနား**

စီးရီးအေကလပ် ဖီအိုရင်တီးနားတို့က အသင်းလိုက်ကစားအားကောင်းပေမယ့် အဆုံးသတ်ပိုင်းအားနည်းချက်ရှိနေပါတယ်။ ဖီအိုရင်တီးနားရဲ့ ကွင်းလယ်ကစားအားက တိုက်စစ်ကိုပံ့ပိုးနိုင်တဲ့အပြင် ခံစစ်ပိုင်းလည်း အကူအညီပေးနိုင်တာမို့ ပီအက်စ်ဂျီတို့ လျှော့တွက်လို့တော့ မရပါဘူး။ ပီအက်စ်ဂျီတို့က ဘင်ဖီကာနဲ့ပွဲကြောင့် ပွဲပမ်းနေပေမယ့် ဒီပွဲရလဒ်က အရေးကြီးတာမို့ အနိုင်ကစားပါလိမ့်မယ်။ ပီအက်စ်ဂျီဟာ တိုက်စစ်မှူးကောင်းတွေရှိတဲ့အပြင် အနိုင်ရလိုစိတ် ပြင်းထန်တဲ့အတွက် ဒီပွဲဟာ ပီအက်စ်ဂျီရဲ့ပွဲပါပဲ။ ။

**ထိပ်တန်းအသင်းတွေရဲ့ ပွဲစဉ်တွေဖြစ်တာမို့ အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုတွေနဲ့ အတူ ပွဲကောင်းတွေကို အားပေးကြရဦးမှာ ဖြစ်ပါတယ်။**



ကောင်းမြတ်သူ စုစည်းသည်။

## ပီတာဆက်ချ်အစားရောက်လာမယ့် ဘီဂိုဗစ်

ချယ်လ်ဆီးအသင်းရဲ့ ဝါရင့်ဂိုးသမားကြီး ပီတာဆက်ချ်ဟာ ပြီးခဲ့တဲ့ရာသီက ပုံမှန်ပွဲထွက်ကစားခွင့်တွေ ဆုံးရှုံးခဲ့ပြီးတဲ့နောက် အာဆင်နယ်ကို ပြောင်းသွားခဲ့ပါပြီ။ အခုသူ့နေရာမှာ ရောက်လာမယ့် ဂိုးသမားကတော့ စတုတ်ဂိုးသမား အက်ရှ်မီယာဘီဂိုဗစ်ဖြစ်ပါတယ်။ သူ့ရဲ့ ပြောင်းရွှေ့ကြေးကို ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပါဘူး။ သို့ပေမယ့် ပေါင်ရှစ်သန်းနဲ့ ချုပ်ဆိုခဲ့တယ်လို့တော့ မီဒီယာတွေက ဆိုပါတယ်။ ဘော့စနီးယားနဲ့ ဟာဇီဂိုးဗီးနား လက်ရွေးစင်ဂိုးသမားကို ချယ်လ်ဆီးက လေးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်တယ်လို့ ဆိုပါတယ်။ စတုတ်အသင်းအနေနဲ့ အသက် ၂၈ နှစ်အရွယ် ဘီဂိုဗစ်ကို လက်ရှိစာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေတာကြောင့် ဆက်လက်ခေါ်ယူထားနိုင်ဖို့ မျှော်လင့်ထားတာပါ။ ကျွန်တော့်အနေနဲ့ စတုတ်ကို ချစ်ပါတယ်။ စတုတ်မှာ ကစားရတာပျော်ပါတယ်။ ဒါပေမယ့်လည်း စိန်ခေါ်မှုတွေနဲ့ ဘဝကိုတိုးတက်အောင်လုပ်ဖို့ လိုပါတယ်လို့ ဘီဂိုဗစ်က ဆိုပါတယ်။ ဘီဂိုဗစ်ဟာ ၂၀၁၀ ပြည့်နှစ်က ပို့စ်မောက်မှ စတုတ်ကို ပြောင်းလာခဲ့တာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းက ဖယ်ကာအိုကို ခေါ်ယူပြီးတဲ့နောက် ဘီဂိုဗစ်ကို ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဘီဂိုဗစ်အနေနဲ့ နံပါတ်တစ်ဂိုးသမားဖြစ်ဖို့ ချယ်လ်ဆီးအသင်းရဲ့ လက်ရှိဂိုးသမားဖြစ်တဲ့ တီယာဘောက်ကော်တွိုင်ကို စိန်ခေါ်ရတော့မှာ ဖြစ်ပါတယ်။

## လက်စတာနည်းပြဖြစ်လာတဲ့ ယာနီရေနီ

ချယ်လ်ဆီးနည်းပြဟောင်း ကလောဒီယိုယာနီရေနီကို လက်စတာစီးတီးက သုံးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်ပါတယ်။ အသက် ၆၃ နှစ် အရွယ်ရှိပြီဖြစ်တဲ့ အီတလီနိုင်ငံသား ယာနီရေနီကို ဇွန် ၃၀ ရက်က အလုပ်ဖြုတ်ခံလိုက်ရတဲ့ နီဂေးလ်ပီယာဆင်ရဲ့နေရာမှာ အစားထိုးခန့်အပ်ဖို့ ခေါ်ယူလိုက်တာဖြစ်ပါတယ်။ ယာနီရေနီဟာ ၂၀၀၄ ခုနှစ်က ချယ်လ်ဆီးမှ ထွက်ခွာသွားပြီးနောက် အင်္ဂလန်မှာ နည်းပြလုပ်ခဲ့ခြင်းမရှိပါဘူး။ သို့ပေမယ့် ပြီးခဲ့တဲ့နှစ်က ဂရိအသင်းရဲ့ နည်းပြအဖြစ်မှ အလုပ်ဖြုတ်ခံခဲ့ရပါတယ်။ ချယ်လ်ဆီးအသင်းက ထွက်ခွာပြီးကတည်းက ပရီမီယာလိဂ်ကို ပြန်လာနိုင်ခြင်းဟာ အကောင်းဆုံး အခွင့်အရေးတစ်ခုပါပဲလို့ ယာနီရေနီက ဆိုပါတယ်။ သူဟာ ၂၀၀၀ ပြည့်နှစ်က အက်သလက်တီကိုအသင်းကနေ ချယ်လ်ဆီးသို့ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းနဲ့ လေးနှစ်တာကာလအတွင်း ချယ်လ်ဆီးအသင်းကို ပရီမီယာလိဂ် ဒုတိယနေရာနဲ့ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အထိသာ ပို့ပေးနိုင်ခဲ့ပါတယ်။ ယာနီရေနီပြီးနောက် ချယ်လ်ဆီးအသင်းမှာ မော်ရင်ဟိုရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ယာနီရေနီဟာ ဗလင်စီယာ၊ ပါးမား၊ ဂျူဗင်တပ်စ်၊ ရိုးမား၊ အင်တာမီလန်နဲ့ မိုနာကို အသင်းတွေကိုလည်း ကိုင်တွယ်ခဲ့တယ်လို့ ဆိုပါတယ်။

## ရော်နယ်ဒင်ဟို ဖလာမင်နီသို့ရောက်ပြီ



ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုနှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးနိုင်ခဲ့တဲ့ ကမ္ဘာကျော်ဘောလုံးသမား ရော်နယ်ဒင်ဟိုကို ဖလာမင်နီအသင်းက ခေါ်ယူလိုက်ပါတယ်။ ဘာစီလိုနာ တိုက်စစ်မှူးဟောင်း ရော်နယ်ဒင်ဟိုကို ဖလာမင်နီက တစ်ပတ် ဒေါ်လာ ၂၀၀၀၀ နဲ့ ၂၀၁၆ ခုနှစ်အထိ စာချုပ်လိုက်တာဖြစ်ပါတယ်။ အသက် ၃၅ နှစ်အရွယ် ရှိပြီဖြစ်တဲ့ ရော်နယ်ဒင်ဟိုကို ရီယိုဒီဂျနေးရိုးကလပ် ဖလာမင်နီကို လာမယ့်ရက်များအတွင်းမှာ ကြိုဆိုမယ်လို့ ဆိုပါတယ်။ ရော်နယ်ဒင်ဟိုဟာ အသက်အရွယ်ရလာပေမယ့် ကောင်းစွာကစားနိုင်သေးတယ်လို့ ဖလာမင်နီတာဝန်ရှိသူတွေက ဆိုပါတယ်။ လာမယ့် ဇူလိုင် ၂၇ ရက်မှာ အသင်းနဲ့အတူ စတင်လေ့ကျင့်မှုတွေပြုလုပ်လိမ့်မယ်လို့ ဆိုပါတယ်။

# ထူးမြတ်သော ဝိသေသများနှင့် ပြည့်စုံသော ဝါဆိုလ

ဝိဿဇ္ဇက(ပဲခူး)

လွန်လေပြီးသော နှစ်ပေါင်း ၂၆၀၀ ခန့်က မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့တွင် မြတ်ဘုရားရှင်သည် ဓမ္မစကြာတရားတော်ကို ဟောတော်မူသည်။ ဓမ္မစကြာတရားတော်ကို ဟောကြားခြင်းဖြင့် သံဃာရတနာ၊ တရားရတနာများ စတင်ပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့တွင် ဓမ္မစကြာတရားတော်ကြောင့် ဓမ္မနေ့နှင့် သံဃာနေ့များအဖြစ် တွဲလျက်ပူဇော်ဖွယ်ရာဖြစ်၏။

မြတ်ဘုရားရှင်သည် ဓမ္မစကြာတရားတော်ကို အိန္ဒိယနိုင်ငံ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ဝါဆိုလပြည့်နေ့ ညနေချမ်းအချိန်တွင် ပဉ္စဝဂ္ဂီငါးဦးတို့အား ဘုရားအဖြစ်ကို ဝန်ခံခဲ့ပြီး ဓမ္မစကြာတရားတော်ကို ဟောကြားလေသည်။

ဓမ္မစကြာတရားတော်သည် သစ္စာလေးပါးတရားကို ညွှန်းဆိုဟောကြားတော်မူသော တရားဒေသနာဖြစ်၍ ပိဋကတ်သုံးပုံအနှစ်ချုပ်တရားဟု ဆိုထိုက်ပါသည်။ ဓမ္မစကြာတရားတော်၏ အနှစ်ကို သုံးသပ်ကြည့်ပါက လမ်းစဉ်နှစ်ခုကို တွေ့ရမည်ဖြစ်၏။ ကာမသုခလိကနုယောဂ၊ အတ္တကိလ မထာနုယောဂကို ရှောင်ကြဉ်ရေးနှင့် မဇ္ဈိမပဋိပဒါလမ်းစဉ်မှန်၊ သီလမဂ္ဂင်သုံးပါး၊ သမာဓိမဂ္ဂင်သုံးပါး၊ ပညာမဂ္ဂင်နှစ်ပါးကို ကျင့်ဆောင်ရန်တို့ဖြစ်၏။ သစ္စာလေးပါးတရားတော်ကို သိမြင်စေရန် ဟောကြားသောကြောင့် ဗုဒ္ဓဝါဒ၏ တိကျခိုင်မာသော တရားသဘောတို့ကို တွေ့မြင်နိုင်၏။

ဝါဆိုလပြည့်နေ့၏ ထူးမြတ်သော လက္ခဏာတို့ကား-

**ပဋိသန္ဓေတည်သောနေ့**

တုသိတာနတ်ပြည်၌ "သေတကေတု" ဟုအမည်ရှိသော အလောင်းတော်နတ်မင်းအား နတ်ဗြဟ္မာအပေါင်းတို့က ညီညာစွာစုရုံးလျက် အမိဝမ်းကြာတိုက်၌ ပဋိသန္ဓေနေတော်မူရန် တောင်းပန်သောနေ့ထူးနေ့မြတ်ဖြစ်ခြင်း။

**တောထွက်တော်မူသောနေ့**

မဟာသက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့တွင် နိမိတ်ကြီးလေးပါးမြင်တော်မူပြီး ဘုရားဖြစ်ရန်အလို့ငှာ သက်တော် ၂၉ နှစ်တွင် တောထွက်တော်မူသော နေ့ထူးနေ့မြတ်ဖြစ်ခြင်း။

**ဓမ္မစကြာဟောကြားသည့်နေ့**

မဟာသက္ကရာဇ် ၁၀၃ခုနှစ် ကဆုန်လပြည့်နေ့တွင် သမ္မာသမ္ဗောဓိဉာဏ်ရရှိတော်မူခဲ့၍ သမ္မာသမ္ဗုဒ္ဓဘုရားစင်စစ် ဧကန်ဖြစ်တော်မူခဲ့ခြင်း၊ ဘုရားဖြစ်တော်မူပြီး မဟာဗောဓိပင်အနီးတွင် သတ္တဌာနဖလသမာပတ်ဖြင့် ချမ်းသာစွာ သီတင်းသုံးတော်မူခဲ့သည်။

ဝါဆိုလဆန်း ၁၁ ရက်နေ့တွင် သဟမ္ပတိဗြဟ္မာမင်း၏ တောင်းပန်မှုကြောင့် တရားစတင်ဟောကြားရန်ဆုံးဖြတ်ခဲ့ရာ ရှေးဦးစွာ ဥရုဝေလမှ တရားကျင့်ဖက် ဆရာလည်းဖြစ်ခဲ့သော အာဠာရရသေ့နှင့် ဥဒကရသေ့ နှစ်ဦးကို စတင်ဟောကြားရန် ဆုံးဖြတ်ခဲ့ပါသည်။ သို့ရာတွင် ဆရာရသေ့နှစ်ဦးမှာ တစ်ဦးက ၇ ရက်၊ တစ်ဦးက ၁ ရက်စော၍ ကွယ်လွန်ပြီး အရူပဗြဟ္မာဘုံသို့ရောက်နေကြပြီး မြတ်ဘုရား၏တရားနာကြားခွင့်မရတော့ပေ။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလဆန်း ၁၂ ရက်နေ့တွင် ဗုဒ္ဓဂယာမဟာဗောဓိမှ ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ တပည့်ဟောင်းဖြစ်သော ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဟောကြားရန် ခရီးထွက်ခဲ့ပါ၏။ ဝါဆိုလပြည့်နေ့၊ စနေနေ့တွင် မိဂဒါဝုန်တောသို့ ရောက်ရှိခဲ့ပြီး ထိုနေ့ညနေချမ်းအချိန်အခါသမယတွင် ပဉ္စဝဂ္ဂီငါးဦးတို့အား"ဒွေမေဘိက္ခဝေ" အစချီလျက် တရားဦးဓမ္မစကြာကို စတင်မိန့်မြွက်ဟောကြားတော်မူခဲ့သော နေ့ဖြစ်၍ ထူးမြတ်သောနေ့ဖြစ်ခြင်း။

**ဘုရားအဖြစ်ကိုဝန်ခံခြင်း**

ဓမ္မစကြာတရားတွင် သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ တကဉာဏ်ဟု ဆိုအပ်သော ဉာဏ်တော်သုံးပါးစီဖြစ်ပြီး သစ္စာလေးပါးတရားတော်ဖြစ်သည်။ မြတ်ဘုရားရှင်သည် ထိုသို့ ဉာဏ်တော်တစ်ဆယ့်နှစ်ပါးဖြစ်ပေါ်မလာခင်က လူနတ်ဗြဟ္မာသတ္တဝါတို့ကို ဘုရားဖြစ်ပြီဟု ဝန်မခံသေးပေ။ ထိုဉာဏ်တော်တစ်ဆယ့်နှစ်ပါးထင်ရှားဖြစ်ပေါ်လာသော အခါမှသာ လူနတ်ဗြဟ္မာသတ္တဝါတို့ကို ငါဘုရားဖြစ်ပြီဟု ဝန်ခံတော်မူလေသည်။ ထိုဓမ္မစကြာတရားဟောကြားသောနေ့မှာပင် ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့ဖြစ်၍ ထူးမြတ်သောဝိသေသလက္ခဏာဖြစ်ခြင်း။

**တရားရတနာပေါ်ပေါက်သောနေ့**

မြတ်ဘုရားရှင်က ဟောကြားသော ဓမ္မစကြာတရားတော်တွင်ကား သိအပ်သောတရား ဒုက္ခသစ္စာ၊ ပယ်အပ်သောတရား သမုဒယသစ္စာ၊ မျက်မှောက်ပြုအပ်သောတရား နိရောဓသစ္စာ၊ ကြိမ်ဖန်များစွာ ပွားများအပ်သောတရား မဂ္ဂသစ္စာ စသောတရားရတနာ စတင်ပေါ်ပေါက်သောနေ့ဖြင့် ထူးမြတ်သော ဝိသေသကို ဆောင်သောနေ့ဖြစ်ခြင်း။

**သံဃာရတနာစတင်ပေါ်ပေါက်သောနေ့**

ဘုရားရှင်ဟောကြားတော်မူသော ဓမ္မစကြာတရားတော်အဆုံးတွင် အရှင်ကောဏ္ဍညသည် သစ္စာလေးပါးသိမြင်တော်မူပြီး မြတ်ဘုရားရှင်၏နှုတ်တော်မှ "ဧဟိဘိက္ခု"ဟု မိန့်တော်မူလိုက်ရာ အရှင်ကောဏ္ဍညသည် သပိတ်၊ သင်္ကန်းပြည့်စုံစွာဖြင့် ရဟန်းဖြစ်ကာ ဗုဒ္ဓသာသနာတော်ဝယ် ရှေးဦးဆုံးသံဃာရတနာ စတင်ပေါ်ပေါက်သောနေ့ထူးနေ့မြတ်ဖြစ်ခြင်း။

**ဧဟိဘိက္ခုစကားကြားရသောနေ့**

အရှင်ကောဏ္ဍညသည် ရှေးရှေးဘဝက သပိတ်၊ သင်္ကန်း၊ ပရိက္ခရာ စသည်တို့ လှူဒါန်းခဲ့သောကျေးဇူးကြောင့် ဓမ္မစကြာတရားတော်အဆုံးတွင် မြတ်ဘုရားရှင်၏ နှုတ်တော်မှ "ဧဟိဘိက္ခု"ဟူသော စကားတော်ကို မြတ်စွာဘုရား၏ သာသနာတော်၌ အဦးဆုံးစတင်ကြားရသော နေ့ထူးနေ့မြတ်ဖြစ်ခြင်း။

**ပုထုဇဉ်ဘဝမှ အရိယာသူတော်စင်အဖြစ် ကူးပြောင်းသောနေ့**

မြတ်ဘုရားရှင်ဟောကြားတော်မူအပ်သော ဓမ္မစကြာတရားတော်ကို ပဉ္စဝဂ္ဂီငါးဦးနှင့်တကွ နတ်ဗြဟ္မာအပေါင်းတို့ လွန်စွာနှစ်သက်ကြပေရာ ဓမ္မစကြာတရားတော်အဆုံးတွင် အရှင်ကောဏ္ဍညအပါအဝင် တစ်ဆယ့်ရှစ်ကုဋေအတိုင်း အရှည်ရှိသော နတ်ဗြဟ္မာအပေါင်းတို့ သစ္စာလေးပါးသိမြင်၍ ပုထုဇဉ်ဘဝမှ အရိယာသူတော်စင်များအဖြစ်သို့ ကူးပြောင်းခွင့်ကြုံသောနေ့ဖြစ်ခြင်း။

**တန်ခိုးပြာဋိဟာပြသောနေ့**

မြတ်ဘုရားရှင်သည် မယ်တော်ဖြစ်ခဲ့ဖူးသော မိနတ်သားအား ကျေးဇူးဆပ်အဘိဓမ္မာတရားဟောကြားပြီး တာဝတိံသာနတ်ပြည်၌ ခုနစ်ဝါမြောက် ဝါဆိုတော်မူခြင်းဖြစ်သည်။

မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့တွင် တာဝတိံသာနတ်ပြည်သို့ ကြွတော်မမူမီ မြတ်ဘုရားရှင်သည် ဆန့်ကျင်ဘက် တိတ္ထိခေါင်းဆောင် ပုရာဏကဿပနှင့် တန်ခိုးပြိုင်၏။ မြတ်ဘုရားရှင်သည် ကဏ္ဍဥယျာဉ်မှူး လှူဒါန်းသော သရက်သီးကိုဘုဉ်းပေး၍ တန်ခိုးတော်ဖြင့် အပင်ပေါက်စေသည်။ ထိုသရက်ဖြူပင်ရင်း၌ ဘုရားရှင်သည် ရေမီးအစုံစုံတို့ဖြင့် တန်ခိုးပြာဋိဟာပြတော်မူပြီး မယ်တော်နတ်သားအား အဘိဓမ္မာတရား ဟောကြားရန် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူသောနေ့ဖြစ်ခြင်းဟူသော ထူးမြတ်သော ဝိသေသလက္ခဏာများဖြင့် ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။

ဤကား ဝါဆိုလ၏ ထူးမြတ်သည့် အကြောင်းများဖြစ်ပေသည်။

ဓမ္မစကြာတရားတော်သည်ကား သစ္စာတရားလေးပါးကို အခြေခံပြီး ပကတိအတိုင်း မှန်ကန်သော တရားဖြစ်၍ သစ္စာလေးပါးတရားဟုခေါ်အပ်၏။

(၁) ဒုက္ခသစ္စာ (၂) သမုဒယသစ္စာ
(၃) နိရောဓသစ္စာ (၄) မဂ္ဂသစ္စာ

ဤသစ္စာတရားလေးပါးကား လွတ်လပ်စွာ တွေးခေါ်ဆုံးဖြတ်ခွင့်နှင့် သိပ္ပံဆိုင်ရာ မြော်မြင်မှုကို လမ်းဖွင့်ပေးသကဲ့သို့ ဖြစ်သည်။ တိတိကျကျပြုလုပ်ရန် ခက်ခဲသည့် အယူအဆများကို လုံးဝမရှိစေဘဲ လွတ်လပ်စွာတွေးခေါ်နိုင်မှုကို အဓိကထားသည့် တရားတော်မြတ်ဖြစ်သည်။ ပရမတ်သစ္စာတရားအပေါ် မြတ်ဘုရားရှင်ချဉ်းကပ်ရှုမြင်ပုံသည် သိပ္ပံနည်းကျခြင်းဖြစ်သည်။ မိမိကိုယ်တိုင် ကောင်းစွာလေ့လာသိမြင်ရခြင်းမရှိသေးသမျှ မည်သည့် အယူအဆကိုမျှ လက်မခံသေးရန် တပည့်သာဝကများအား သွန်သင်တော်မူခဲ့သည်။

ပုထုဇဉ်ဟူသမျှသည် လူ့ဘောင်လောက၌ မိမိတို့ နေ့စဉ်ကြုံတွေ့နေရသော ကိစ္စအဝဝကို ဆောင်ရွက်ရာတွင် အစွန်းကျခြင်းများကို တတ်နိုင်သမျှ ရှောင်ရှားကြရမည်။ အလယ်အလတ်နှလုံးသွင်းကာ ရှစ်ပါးသောကျင့်စဉ်များအတိုင်း ကောင်းမြတ်စွာပြုကျင့်ခြင်းကို တန်ဖိုးထားကြရမည်။ သို့မှသာလျှင် လောကုတ္တရာကောင်းကျိုးကို မရသေးမီကာလအတွင်း လောကီကောင်းကျိုးကို ခံစားရရှိနိုင်ကြပါလိမ့်မည်။

သာယာဝပြောသော လောကီကောင်းကျိုးကိုရရန် လူတိုင်းသည် စားဝတ်နေရေး၊ လူမှုရေးအရပ်ရပ်တို့တွင် ကြောင့်ကြစိုးရိမ်မှုမရှိ၊ ပင်ပန်းမှုမရှိ၊ လိုချင်တပ်မက်လွန်းခြင်းမရှိ၊ နှိပ်စက်ညှင်းပမ်းအနိုင်ကျင့်ခြင်းမရှိ၊ မနာလိုဝန်တိုခြင်းမရှိ၊ ဝင့်ဝါမော်ကြွားခြင်းမရှိ၊ လူတိုင်းသည် မည်သည့်လူမှုကိစ္စမျိုး၌ဖြစ်စေ သင့်တင့်လျောက်ပတ်မှုရှိကြ၏။ မျှတညီညွတ်မှုရှိကြ၏။ ကျေနပ်ရောင့်ရဲမှုရှိကြ၏။ ဤသည်ကား ဝါဆိုလပြည့်နေ့က ဟောကြားတော်မူသော ဓမ္မစကြာတရားတော်၏ အခြေခံအင်္ဂါရပ်များ ဖြစ်ပေသတည်း။

မိမိစေတနာသည် မိမိကိုအကျိုးပေးသည်

မြတ်စေတနာသင်္ကန်းပရိက္ခရာတိုက် (စစ်တွေမြို့)

ဝါဆိုမည်ဆန်း၊ မြတ်သင်္ကန်း၊ လှူဒါန်းမြဲလျှင်၊
သောတာပန်နှယ်၊ ဂုဏ်ရည်ကြွယ်၊ အပါယ်လွတ်ကင်းစင်။

ပင်ရင်း - အမှတ် ၃၅၊ မဏိပူရလမ်း၊ ရဲနွယ်စုရပ်ကွက်၊ လောကာနန္ဒာစေတီမြောက်ဖက်၊ စစ်တွေမြို့၊ ဖုန်း - ၀၄၃ ၂၂၄၈၃၊ ၀၉၃၆၁၇၃၄၆၈

စစ်ကိုင်းတိုင်းဒေသကြီး
လမ်းဦးစီးဌာန
ကလေးခရိုင်၊ ကလေးမြို့

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ကလေးခရိုင်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုတိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လမ်းခင်းကျောက်မျိုးစုံ၊ ဘိလပ်မြေ၊ သံချောင်းရှယ်စုံတို့အား မြို့နယ်အလိုက်၊ လမ်းအလိုက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၇-၇-၂၀၁၅ရက်

၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁-၈-၂၀၁၅ရက်

၄။ **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး(မြို့ပြ)

၅။ တင်ဒါလျှောက်လွှာနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်လိပ်စာ**
**လက်ထောက်ညွှန်ကြားရေးမှူးရုံး(မြို့ပြ)**
**လမ်းဦးစီးဌာန**
**ကလေးခရိုင်၊ ကလေးမြို့**
**ဖုန်း-၀၇၃-၂၁၀၅၄**

**အိမ်/ခြံ ရောင်းရန်ရှိသည်**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ဟော်နန်လမ်း(လော်စစ်ဟန်လမ်း) အထက်တန်းကျောင်းအနီးတွင် ဘိုးဘပိုင်အမည်ပေါက် အဝီစိတွင်းပါ။ အိမ်/ခြံ ရောင်းရန်ရှိသည်။ **ပွဲစားမလို၊ ညှိနှိုင်းဈေး**

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၂၁၆၃၅၆၊ ၀၉-၉၇၆၂၇၇၃၃၁၊**
**၀၉-၄၂၅၃၀၀၃၀၉၊ ၀၉-၉၇၃၀၁၁၂၉၉၊ ၀၉-၄၉၃၄၁၇၅၁**

**Opportunity!**

HOLLY HOTEL

Are you ready to explore new challenges?

Our Holly Hotel has the following opportunities available;

**Management Position**
Operation Manager # 1
Executive Chef (Thai) # 1

**Sales & Marketing**
Sales Executive # 3

**Accounting**
Accounting Officer # 3

**Engineering:**
Engineering Officer # 3

**Front Office**
Guest Service Supervisor # 3
Guest Service Agent # 8
Concierge/ Bellman # 4

**Housekeeping**
Housekeeping Supervisor # 2
Room Attendant # 8
Public Areas – Cleaner # 4

**F&B Service**
F&B Supervisor # 2
F&B Agent # 8
Bartender # 1

**F&B Service**
Sous Chef # 1
Chef de Partie # 1
Commis I, II – Preparation # 4
Steward – Dish Washer # 3

**We offer:**
- Service Charge
- Bonus
- Staff Incentive Program
- Staff Discounted Program
- Career Training
- Career Development Plan
- Duty Meal
- Uniform
- Staff Recognition Program
- Birthday Present

* * * * * *



**To begin your journey – simply go to;**

Pre-Opening Office;
**GMP Co., Ltd (Ga Mone Pwint Co., Ltd)**
245, Bargayar Road Sanchaung Township, Yangon, Myanmar
Tel: 95-1-516533-6
Fax: 95-1-526926
Website: www.gmp-myanmar.com
Or send your resume to email: info@hollyhotelmyanmar.com

**အမည်ပြောင်း**

သန်လျင်မြို့၊ အမှတ်(၃)ရပ်ကွက်၊ သစ်တောလမ်းနေ ဦးကျော်ဝင်းဦး၏သား မောင်သူရဇော် ၁၂/လကန(နိုင်)၂၀၃၀၆၉ အား မောင်ဟိန်းထက်အောင်ဟုအမည်ပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းထက်အောင်**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6D/7436, Mazda Familia VAY12/ S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာဝင်း ၁၄/ပဆန(နိုင်)၀၃၁၁၉၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**




| ရွှေဆောင်(၁) | မင်္ဂလာ စံပြ | မင်္ဂလာဒိုင်းမွန်း | မင်္ဂလာထွန်းသီရိ |
|---|---|---|---|
| ၀၁-၂၅၂၁၁၃<br>၀၁-၃၈၈၀၃၄ | ဖုန်း - ၀၉၂၆၀၀၇၇၀၃၅<br>၀၁ ၂၃၀၃၁၆၅<br>၀၉ ၇၃၁၇၆၀၀၀ | နိုင်းမွန်းပလာဇာ(၅)ထွာ၊ မန္တလေး<br>ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊<br>၀၉၄၀၂၇၆၅၆၄၂ | (ပြည်)<br>၀၉၇၉၁၁၀၇၇၅၁<br>၀၉၇၉၁၁၀၇၇၅၂ |

ပွဲချိန်သတ်ပြု ၁၀း၀၀နာရီ ၁၂း၃၀နာရီ ၃း၀၀နာရီ ၅း၀၀နာရီ ၁၀း၀၀နာရီ

| နေပြည်တော်(၁) | မင်္ဂလာ (၂) | မင်္ဂလာ စံပြ | မင်္ဂလာဒိုင်းမွန်း | မင်္ဂလာထွန်းသီရိ |
|---|---|---|---|---|
| ဖုန်း - 251277<br>251288 | ဒဂုံစင်တာ(၂) မြေနီကုန်း<br>ဖုန်း - ၀၉၇၃၂၅၄၀၉၁<br>၀၉၇၃၂၅၄၀၉၂ | ဖုန်း - ၀၉၂၆၀၀၇၇၀၃၅<br>၀၁ ၂၃၀၃၁၆၅<br>၀၉ ၇၃၁၇၆၀၀၀ | နိုင်းမွန်းပလာဇာ(၅)ထွာ၊ မန္တလေး<br>ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊<br>၀၉၄၀၂၇၆၅၆၄၂ | (ပြည်)<br>၀၉၇၉၁၁၀၇၇၅၁<br>၀၉၇၉၁၁၀၇၇၅၂ |












## သတ္တုတွင်းဝန်ကြီးဌာန
## ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက် တန်ဖိုး (DDP နေပြည်တော်/ရန်ကုန်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Digital Camera | ၃ လုံး |
| (ခ) | Pocket Scriber with Magnet | ၁၀၀ ခု |
| (ဂ) | C-Thru Scale | ၅၀ ခု |
| (ဃ) | သေလဗေဒလုပ်ငန်းသုံးပစ္စည်း | ၂ မျိုး |
| (င) | ကွင်းဆင်းဝတ်စုံနှင့်လုပ်ငန်းသုံးပစ္စည်း | ၇ မျိုး |
| (စ) | စိမ်းလန်းစိုပြည်ရေးလုပ်ငန်းသုံးပစ္စည်း | ၂၁ မျိုး |
| (ဆ) | ဆေးဝါးပစ္စည်း | ၂၁ မျိုး |

၂။ တင်ဒါတင်သွင်းခြင်းကို ၁၀-၇-၂၀၁၅ရက်မှ ၇-၈-၂၀၁၅ရက် ၁၆း၀၀နာရီအတွင်း မည်သူမဆို လွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်-

**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
**ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနခွဲ**
**မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၄၀၇၉**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
## သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
## အမှတ်(၅၂၊ ၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊
## ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်
# အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ်(၀၃/၂၀၁၅-၂၀၁၆)

၁။ ပြည်တွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကုန်ကြမ်းသစ်မာသစ်လုံးများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောဖက်စပ်မှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါအစီအစဉ်**

| | |
|---|---|
| **ရောင်းချမည့်ရက်** | - ၂၈-၇-၂၀၁၅ ရက် (အင်္ဂါနေ့) |
| **ရောင်းချမည့်အချိန်** | - မွန်းလွဲ ၁၃း၀၀ နာရီ |
| **သစ်အမျိုးအစားနှင့်တန်** | - သစ်မာသစ်လုံး(၂၇၃၇)လုံး၊ (၂၁၅၄·၂၂၀)တန် |
| **ရောင်းချမည့်နေရာ** | - မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်းတော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန် |

၂။ သစ်လုံးများ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အချက်အလက်များ အသေးစိတ်သိရှိလိုပါက သစ်တောဖက်စပ် website ဖြစ်သော www.fpjvc.com တွင်လည်းကောင်း၊မြန်မာ့သစ်လုပ်ငန်း website ဖြစ်သော www.myanmatimber.com တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှု၍ ဖုန်း ၀၁-၉၀၁၀၇၄၁၊ ၀၉-၈၆၈၀၂၅၀ တို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**

---

# ပညာသင်ဆု (Scholarship)
# လျှောက်လွှာခေါ်ယူခြင်း

Management & Science University (MSU), Malaysia နှင့် YCTC Business Institute တို့ပူးပေါင်း ဖွင့်လှစ်မည့် Master of Business Administration (MBA) သင်တန်းအတွက် ထူးချွန်ကျောင်းသား/သူ(၅)ဦးအား Scholarship ပေးအပ်ချီးမြှင့်မည်ဖြစ်ပါသည်။ MBA သင်တန်းတက်ရောက်လိုသူများ အောက်ဖော်ပြပါအရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်။

၁။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
၂။ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
၃။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။

**(စာရွက်စာတမ်းများတင်ပြရန်)**

၁။ပညာအရည်အချင်းအတွက် (ဘွဲ့လက်မှတ်+အမှတ်စာရင်း) မိတ္တူ
၂။ မှတ်ပုံတင်+သန်းခေါင်စာရင်း မိတ္တူ
၃။ အလုပ်ထောက်ခံစာ

**(Scholarship အတွက်အထွေထွေဗဟုသုတစာမေးပွဲဖြေဆိုရန်)**

| | | |
|---|---|---|
| Exam Date | : | 2 Aug 2015 (Sunday) |
| Time | : | 10 am to 12 pm |
| Venue | : | YCTC Business Institute |
| လျှောက်လွှာပိတ်ရက် | : | 28 July 2015 |

အသေးစိတ်သိရှိလိုပါက **YCTC Business Institute**၊ အမှတ်(၂၄)၊ ယောမင်းကြီးလမ်း၊ (Park Royal Hotel အနီး)၊ ဒဂုံမြို့နယ်။

**Tel (09) 420 163 316, (09) 254 269 644**

သို့ ဆက်သွယ်နိုင်ပါသည်။

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## သစ်တောတက္ကသိုလ်၊ ရေဆင်း
## နေပြည်တော်
# ကြေညာချက်

၁။ သစ်တောတက္ကသိုလ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် သိပ္ပံ(သစ်တောပညာ)ဘွဲ့၊ (၆)နှစ်သင်တန်းသို့ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။
၂။ အမျိုးသားနှင့် အမျိုးသမီး ၈၀ အချိုး ၂၀ ဖြင့် စုစုပေါင်းဦးရေ ၁၀၀ လက်ခံမည်။
၃။ လျှောက်ထားသူသည်-
(က) ဝင်ခွင့်လျှောက်ထားချိန်တွင် တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။
(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင် စုစုပေါင်းရမှတ် ၃၆၀ နှင့်အထက် ရရှိရမည်။
(ဃ) ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုရမည်။ ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲတွင် အင်္ဂလိပ်စာဘာသာရပ်နှင့် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာ အခြေခံဗဟုသုတဘာသာရပ်များကို ၂ နာရီ မေးခွန်းဖြေဆိုကြရမည်။
(င) လူတွေ့စစ်ဆေးခြင်းခံယူရမည်။
(စ) မိုင် ၂၀ လမ်းလျှောက်စွမ်းရည်စစ်ဆေးမှုအောင်မြင်ရမည်။
၄။ ဝင်ခွင့်လျှောက်လွှာကို အောက်ဖော်ပြပါ သတ်မှတ်ပုံစံအတိုင်း(A-4 Size)အရွယ် စာရွက်တွင် မိမိအစီအစဉ်ဖြင့် ကွန်ပျူတာစာစီရိုက်နှိပ်ပြီး လိုင်စင်အရွယ်ဓာတ်ပုံကပ်၍ လျှောက်ထားရန်ဖြစ်သည်။
၅။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်-
(က) သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်(မိတ္တူ)
(ခ) မြန်မာနိုင်ငံစာစစ်အဖွဲ့က ထုတ်ပေးသော ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် အမှတ်စာရင်း(မိတ္တူ)
(ဂ) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)
(ဃ) သက်ဆိုင်ရာမြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီး ပြည်သူ့ဆေးရုံတို့မှ ကျန်းမာကြောင်း ဆေးစစ်ချက်(မူရင်း)နှင့် မျက်စိအရောင်ခွဲခြားနိုင်ခြင်း ဆေးစစ်ချက် (Colour Blind) (မူရင်း)
(င) ပြစ်မှုပြစ်ဒဏ်ကင်းရှင်းကြောင်းနှင့်အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်း၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)
(စ) လိုင်စင်အရွယ်ဓာတ်ပုံ (၃)ပုံ (ပူးတွဲ)
၆။ လျှောက်လွှာများကို သစ်တောတက္ကသိုလ် ရေဆင်း၊ နေပြည်တော်သို့ ၁၄-၈-၂၀၁၅ရက် (သောကြာနေ့)ရုံးချိန်အတွင်း နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော အထောက်အထားမပြည့်စုံသောလျှောက်လွှာများကို ဖြေဆိုခွင့်ပြုရန် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၇။ ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပစစ်ဆေးမည်-
(က) အင်္ဂလိပ်စာဘာသာရပ် ၂ နာရီမေးခွန်း
၁၂-၉-၂၀၁၅ ရက် (စနေနေ့) နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ
(ခ) သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာ အခြေခံဗဟုသုတဘာသာရပ် ၂ နာရီမေးခွန်း၊
၁၃-၉-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ
၈။ ဖြေဆိုခွင့်ရရှိသူများ၏ အမည်နှင့် ခုံအမှတ်စာရင်းကို သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ အချိန်မီထုတ်ပြန်ကြေညာမည်ဖြစ်ပြီး တစ်ဦးချင်းထံ အကြောင်းကြားမည်မဟုတ်ပါ။
၉။ ဖြေဆိုခွင့်ကတ်များကို ၁၀-၉-၂၀၁၅ရက် (ကြာသပတေးနေ့)မှစတင်၍ သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ ထုတ်ပေးမည်။ ဖြေဆိုခွင့်ကတ်ထုတ်ယူသည့် အချိန်တွင် မြန်မာနိုင်ငံစာစစ်အဖွဲ့ကထုတ်ပေးသော အမှတ်စာရင်းမူရင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း ထောက်ခံချက်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းတို့ကိုတင်ပြ၍ လိုအပ်သောမိတ္တူများ ပေးအပ်ရမည်။
၁၀။ ရေးဖြေစာမေးပွဲ ရမှတ်နှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင် စုစုပေါင်းရမှတ် အများအနည်းအပေါ်မူတည်၍ ရေးဖြေစာမေးပွဲအောင်မြင်သူများကို ရွေးချယ်မည်ဖြစ်သည်။
၁၁။ ရေးဖြေစာမေးပွဲအောင်စာရင်းကို သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။
၁၂။ ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်းနှင့် မိုင်(၂၀) လမ်းလျှောက်စွမ်းရည် စစ်ဆေးခြင်းများကို သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ ဆက်လက်ပြုလုပ်မည်ဖြစ်၍ စစ်ဆေးမည့်ရက်ကို ထပ်မံကြေညာမည်။ အစစ်ဆေးခံရန်လာရောက်သည့်အခါ ဖြေဆိုခွင့်ကတ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်မူရင်း၊ အမှတ်စာရင်းမူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာရမည်။
၁၃။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကို သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။
၁၄။ အသေးစိတ်သိလိုပါက သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၅၁၉၊ ၄၁၆၅၄၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

**အမိန့်အရ-**
**မောင်မောင်လွင်**
**မော်ကွန်းထိန်း**

**လျှောက်လွှာနမူနာပုံစံ**

**သစ်တောတက္ကသိုလ်၊ ရေဆင်း**
**နေပြည်တော်**

ဓာတ်ပုံ

**ဘွဲ့ကြိုပထမနှစ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာ**
**၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ**

၁။ အမည်(အပြည့်အစုံ) ------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ်-------------
၂။ မွေးသက္ကရာဇ် (ရက်၊ လ၊ ခုနှစ်) ----------------------------------------
၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ခုံအမှတ် --------- ခုနှစ် ------------
စာစစ်ဌာန ------------------
၄။ လူမျိုး----------- ကိုးကွယ်သည့်ဘာသာ --------------------------------
၅။ အမြဲနေထိုင်သောလိပ်စာ -----------------------------------------------
--------------------------------------------------------------------
၆။ ဆက်သွယ်ရန်လိပ်စာ --------------------------------------------------
--------------------------------------------------------------------
၇။ ဖခင်အမည်------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ် -----------------
အလုပ်အကိုင် ---------------------------------------------------
မိခင်အမည်------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ်-------------------
အလုပ်အကိုင် ---------------------------------------------------
၈။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ-------------- ---------------
လျှောက်ထားသူ၏လက်မှတ်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ-------------- ---------------
မိဘ/အုပ်ထိန်းသူလက်မှတ်

---

## နည်းပညာတက္ကသိုလ်များအတွက်
# Lab Equipments များအား Open Tender ခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်များတွင် အသုံးပြုမည့် Communication Lab Equipments ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် Open Tender များ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။
၂။ Open Tender ပုံစံများကို ၁၅-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ် ၂၁တွင် တစ်စုံလျှင် ကျပ် ၁၀၀၀၀နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၄-၈-၂၀၁၅ရက် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၁၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးနှင့် ရွေးချယ်ရေးအဖွဲ့**

---

## ကရင်ပြည်နယ်အစိုးရအဖွဲ့
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဘားအံမြို့နှင့် မြဝတီမြို့များတွင် ပြည်သူ့အိမ်ရာ(အငှားချ)အဆောက်အအုံများဆောက်လုပ်ခြင်းအား ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၇-၂၀၁၅ ရက်
၃။ **တင်ဒါဖွင့်မည့်ရက်** - ၁-၈-၂၀၁၅ ရက်
၄။ တင်ဒါပုံစံများကို ကရင်ပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ၁၅-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့**
**စုံစမ်းရန် ဖုန်း-၀၅၈-၂၃၃၀၆၊ ၀၅၈-၂၃၄၂၈**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးတွင် အသုံးပြုရန် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာ(၃၃)မျိုးကို ဝယ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀-၇-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း
၃။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၇-၇-၂၀၁၅ရက် ညနေ ၄း၃၀ အထိ
၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မကွေးမြို့
၅။ **တင်ဒါဖွင့်မည့်နေ့ရက်၊အချိန်** - ၂၈-၇-၂၀၁၅၊ နံနက် ၁၀း၀၀ နာရီ
၆။ **တင်ဒါဖွင့်မည့်နေရာ** - တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မကွေးမြို့
၇။ အိတ်ဖွင့်တင်ဒါနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါဖုန်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-
ဖုန်း-၀၆၃-၂၈၆၅၇၊ ၀၆၃-၂၅၁၁၇၊ ၀၉-၂၅၂၃၂၃၂၆၂

**အိတ်ဖွင့်တင်ဒါဖြင့် ဝယ်ယူရေးကော်မတီ**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)ရှိ အသုံးမလိုပိုလျှံ Chemical (၃၂)မျိုးအား ရောင်းချလိုပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုပါက အရည်အသွေးထိန်းသိမ်းရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း(ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်နှင့် အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)၊ ဖုန်း-၀၆၇-၄၀၈၃၉၃၊ ၀၄၂-၄၃၀၇၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ ၂၂-၇-၂၀၁၅ရက် ၁၆း၀၀ နာရီ ဖြစ်ပါသည်။

**အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း**

---

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အမှတ်(၁၂) အကြီးစားစက်ရုံ(ထုံးဘို)
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)မှ အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချလိုပါသည်-

Group-3 X-2000 (မာဇဒါဂျစ်)၊ E-2000, T-2000, B-600 တို့၏ Component Parts နှင့်အခြားပစ္စည်းများ

| | | | |
|---|---|---|---|
| (က) | Lot No.(3-1)Copper (Serviceable)ပစ္စည်းများ | ၅၃မျိုး | HI-12/028 |
| (ခ) | Lot No.(3-2)Iron (Serviceable)ပစ္စည်းများ | ၁၃၄၅ မျိုး | HI-12/029 |
| (ဂ) | Lot No.(3-3)Electrical Parts (Serviceable)ပစ္စည်းများ | ၁၅၈ မျိုး | HI-12/030 |
| (ဃ) | Lot No.(3-4)Glass (Serviceable)ပစ္စည်းများ | ၃ မျိုး | HI-12/031 |
| (င) | Lot No.(3-5)Copper (Unserviceable)ပစ္စည်းများ | ၆ မျိုး | HI-12/032 |
| (စ) | Lot No.(3-6)Irons (Unserviceable)ပစ္စည်းများ | ၁၇၂ မျိုး | HI-12/033 |
| (ဆ) | Lot No.(3-7)Electrical Parts (Unserviceable)ပစ္စည်းများ | ၁၆ မျိုး | HI-12/034 |

၂။ အထက်ဖော်ပြပါပစ္စည်းများအား Lot No. အလိုက်သာ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။
၃။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၁၃-၇-၂၀၁၅ရက်မှ ၂၄-၇-၂၀၁၅ရက်
၄။ **တင်ဒါပုံစံထုတ်ပေးမည့်နေရာ** - ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း နေပြည်တော်
အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို) စီမံကိန်းဌာန
၅။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့် အချိန်** - ၂၄-၇-၂၀၁၅ ရက်၊ ၁၀း၀၀ နာရီ
၆။ **တင်ဒါတင်သွင်းရမည့်နေရာ** - အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို) စီမံကိန်းဌာန
၇။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၄-၇-၂၀၁၅ ရက်၊ ၁၂း၀၀ နာရီ
၈။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၃၉၄၄၇၅၈၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇၊ ၀၆၇-၄၀၅၀၅၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)**
**ဖုန်း-၀၉-၂၅၃၉၄၄၇၅၈၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇၊**
**စက်မှုဝန်ကြီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်နေသည့် လမ်းမကြီးများ၏ လမ်းနယ်နိမိတ်သတ်မှတ်ချက်အား အသိပေးကြေညာခြင်း

မြန်မာနိုင်ငံသည် World Road Association အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အာဆီယံနိုင်ငံများနည်းတူ လမ်းအဆင့်အတန်းများ ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် လမ်းနယ်နိမိတ်များအား ASIAN , ASEAN & GMS Road Standard and Class များနှင့်အညီ အောက်ပါအတိုင်း သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

| စဉ် | လမ်းအဆင့်အတန်း | လမ်းနယ်နိမိတ် အကျယ် | မှတ်ချက် |
|---|---|---|---|
| 1 | အမြန်လမ်းမကြီး(Expressway) | 122 m (400') | 4 or more Lanes |
| 2 | အထူးသတ်မှတ်လမ်းများဥပမာ-Special Ring Roads | 91.44 m (300') | 4 or more Lanes |
| 3 | နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီး(International Highway) (i.e. ASIAN Highway, ASEAN Highway,GMS Highway) | 70 m (230') | 4 or more Lanes |
| 4 | ပြည်ထောင်စုလမ်းမကြီး(National Highway) | 45.75 m (150') | Up To 4 Lanes |
| 5 | တိုင်းဒေသကြီး/ပြည်နယ်များ ဆက်သွယ်သည့်လမ်း (Regions/States Collector Road) | 45.75 m (150') | From 2 Lanes To 4Lanes |
| 6 | ခရိုင်/မြို့နယ်များဆက်သွယ်သည့်လမ်း (Districts/Townships Collector Road) | 45.75 m (150') | 2 Lanes |
| 7 | မြို့နယ်-ကျေးရွာများ ဆက်သွယ်သည့်လမ်း (Townships-Villages Collector Road) | 30.5 m (100') | 1 Lane |

အထက်ပါသတ်မှတ်ထားသော လမ်းနယ်နိမိတ်များအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ခွင့်ပြုချက်မရရှိဘဲ ကျူးကျော် ဆောင်ရွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပါက အမြန်လမ်းမကြီးဥပဒေနှင့်လမ်းမကြီးများဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေး ကြေငြာအပ်ပါသည်။

**လမ်းဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

မှတ်ချက်။ အဆိုပါ သတ်မှတ်ချက်သည် မူလ(၁၀၀)ပေအကျယ်ရှိသည့် မြို့တွင်း၊ ရွာတွင်းလမ်းများအတွက် ယခင်ရှိပြီးဖြစ်သော မြို့/ရွာ လမ်းမဘေး နေအိမ်ဝန်းခြံများနှင့် သက်ဆိုင်ခြင်းမရှိပါ။ လမ်းမကြီးများ ဥပဒေအသစ် ပြင်ဆင်ထုတ်ပြန်ခဲ့သည့် ( ၂၄. ၇. ၂၀၁၄ ) ရက်နေ့နောက်ပိုင်း ကျူးကျော်ဆောက်လုပ်မှုများနှင့်သာသက်ဆိုင်ပါသည်။

## လူပျောက်



ဦးကျော်သူရ ၁၂/လသယ(နိုင်)၀၆၃၃၆၆ ၏သား မောင်ဝေလင်းထွန်း အသက်(၁၀)နှစ်သည် ၉-၇-၂၀၁၅ ရက် ညနေ ၅း၃၀ နာရီတွင် အမှတ်(၅)၊ မြဗေဒါလမ်းသွယ်နေအိမ်မှ ထွက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် သွေးဆောင်ဖြားယောင်း လက်ခံထားသူအား ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖုန်း-၀၉-၄၂၀၁၀၆၂၄၄၊
၀၉-၂၅၄၅၁၂၇၃၊ ၀၉-၇၉၂၂၃၃၉၇၂

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၅**

ဦးသိန်းထွန်း နှင့် ဦးကျော်စိန်
(၎င်း၏ကိုယ်စားလှယ်စာရသူ ဦးသူရအောင်)
**တရားလို** **တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဦးကျော်စိန် အမှတ်(၃၁၈)၊ ဂျိုးဖြူလမ်း၊ ပေါက်ကုန်းအပိုင်(၁၀)၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသိန်းထွန်းက မြေကွက်နှင့် နေအိမ်အရောင်းအဝယ်စာချုပ်ချုပ်ဆို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၂၈ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၂ရက်) နံနက် ၁၀ နာရီတွင် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်တကွ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဇင်မာအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၃)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၆**

ဦးသိန်းထွန်း နှင့် ဒေါ်ခင်အုံး
(၎င်း၏ကိုယ်စားလှယ်စာရသူ ဦးသူရအောင်)
**တရားလို** **တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဒေါ်ခင်အုံး၊ အမှတ် ၃၁၈၊ ဂျိုးဖြူလမ်း၊ ပေါက်ကုန်းအပိုင်(၁၀)၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသိန်းထွန်းက မြေကွက်နှင့် နေအိမ်အရောင်းအဝယ်စာချုပ်ချုပ်ဆို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားချက်စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၂၈ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၂ရက်) နံနက် ၁၀နာရီတွင် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်တကွ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဇင်မာအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၃)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၇**

ဦးသိန်းထွန်း နှင့် ဗိုလ်မှူးကြီးသန်းမောင်(ငြိမ်း)
(၎င်း၏ကိုယ်စားလှယ်စာရသူ ဦးသူရအောင်)
**တရားလို** **တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဗိုလ်မှူးကြီးသန်းမောင်(ငြိမ်း)၊ အမှတ်(၄/က)၊ ကာယ ၄လမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသိန်းထွန်းက မြေကွက်နှင့် နေအိမ်အရောင်းအဝယ်စာချုပ်ချုပ်ဆို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၂၈ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၂ရက်) နံနက် ၁၀ နာရီတွင် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်တကွ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဇင်မာအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၃)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ဥပဒေပုဒ်မ-၅၊ နည်းဥပဒေ-၂၀**
**နတ်မောက်မြို့နယ်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၈**

မောင်နိုင်လင်းဦး နှင့် မဝါဝါခိုင်(ခ)မဝတ်ရည်သိမ့်
**တရားလို** **တရားပြိုင်**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ တမာပင်ရပ်ကွက်တွင် နေထိုင်သော မဝါဝါခိုင်(ခ)မဝတ်ရည်သိမ့် (ဘ) ဦးမြင့်ကျော် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၂၇ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးမြတ်မွန်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**နတ်မောက်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြည်မြို့နယ်တရားရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၅**

ဒေါက်တာဦးကျော်စိုးမိုး နှင့် ဦးမြင့်နိုင်(ခ)ကိုငယ်လေး
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမောင်မောင်လွင်)
**တရားလို** **တရားပြိုင်**

တရားပြိုင် ဦးမြင့်နိုင်(ခ)ကိုငယ်လေး၊ ပေါက်ရဲကြားလမ်း၊ ပေါက်ရဲကြားရပ်၊ ချမ်းမြေ့သာယာရပ်ကွက်၊ ပုတီးကုန်းမြို့၊ သဲကုန်းမြို့နယ်(ယခုနေရပ်လိပ်စာမသိ) နေသူသိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါက်တာ ဦးကျော်စိုးမိုး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမောင်မောင်လွင်)က ကြက်စာနှင့် ကြက်ဆေးဖိုးကြွေးကျန်ငွေ ၄၃၄၇၆၀၀၀/-(ကျပ်လေးဆယ့်သုံးသိန်းလေးသောင်းခုနစ်ထောင့်ခြောက်ရာကျပ်တိတိ)ရလိုမှု လျှောက်ထားချက်စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၁၀ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)တင်ပြလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရွှေသင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပြည်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**စစ်ကိုင်းမြို့နယ်တရားမရုံး၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၇**

ဒေါ်ခင်မာ နှင့် ၁။ ဒေါ်အေးအေးနွယ်(ခ)ဒေါ်အေးအေး
၂။ ဒေါ်ခင်ခင်နွယ်(ခ)ဒေါ်ခင်ခင်
**တရားလို** **တရားပြိုင်များ**

မိုးကုတ်မြို့၊ ၄-၈၃ လူးထရပ်နေ ဒေါ်အေးအေးနွယ်(ခ)ဒေါ်အေးအေး (ဘ) ဦးဖေခင်၊ ဒေါ်ခင်ခင်နွယ်(ခ)ဒေါ်ခင်ခင် (ဘ) ဦးဖေခင် မိတ္ထီလာမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကျူးကျော်ကာရံထားသော ဝင်းထရံများဖယ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၂၀ရက်(၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၄ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စံဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**စစ်ကိုင်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ် ၂၇၂ မြေညီထပ်၊ (၁၂ပေခွဲ×ပေ၆၀) အကျယ်အဝန်းရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ယင်းတိုက်ခန်းအား တရားဝင်လက်ရောက်ပိုင်ဆိုင်ထားရှိသည့် ဦးအောင်ဝင်းထွန်း ၁၂/ကတတ (နိုင်)၀၀၈၉၅၀ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတိုးအောင် ၉/မထလ(နိုင်) ၁၁၁၀၁၅မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးတိုးအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလှဦး(စဉ်-၄၄၄၉၄)**
**အထက်တန်းရှေ့နေ**
**အမှတ် ၂၄၊ ဗိုလ်ချုပ်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ဖုန်း-၀၉-၄၉၇၂၄၃၇၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/5501 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၃၈၀၆၆ Honda Click 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာအေး ၉/မတရ(နိုင်)၁၅၉၆၅၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၂၈၉၄၀ Yamaha FZ, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းဦး ၉/ညဥန(နိုင်)၁၁၂၃၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အမှားပြင်ကြော်ငြာ

၁၆-၅-၂၀၁၅ ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(ဃ) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၄) ဒေါ်စောမြတ်မာလာ၏ ဂရန်ခွဲတွင် မြေကွက်အမှတ်အား (၇၃၈) အစား (၇၃၈/က) ဟု ဖတ်ရှုပါရန်။

## ဝမ်းနည်းကြေကွဲခြင်း
### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သန်း (သထုံ) အသက်(၉၁)နှစ်

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့် ဇနီးဒေါ်မြင့်မြင့်စိုးတို့၏မိခင်ကြီး ဒေါ်သန်း(သထုံ)သည် ၁၁-၇-၂၀၁၅ရက် နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်**
**ဒေါက်တာခင်ဇော်နှင့်ဇနီး ဒေါ်အေးအေးမြင့်**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ကြွယ်ဦး

အငြိမ်းစားပါမောက္ခ၊မြန်မာစာဌာန
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
အသက်(၇၁)နှစ်

ဆရာမကြီး ဒေါ်ခင်ကြွယ်ဦးသည် ၁၃-၇-၂၀၁၅ (တနင်္လာနေ့) နံနက် ၃ နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၃)မှ တပည့်များ**

## ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးတင်မောင်မောင်(ငြိမ်း)၏မိခင် ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၁)၊ အခန်း ၁၄နေ ဒေါ်သန်းသန်း(ပုသိမ်) အသက်(၆၈)နှစ်သည် ၁၃-၇-၂၀၁၅ရက် ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၇)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးသန့်ဇင်ကြိုင် (ငြိမ်း)
### အသက်(၅၂)နှစ်

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဗိုလ်ကြီးသန့်ဇင်ကြိုင်(ငြိမ်း)သည် ၈-၇-၂၀၁၅ရက် ည ၇း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**
**ညွှန်ကြားရေးမှူးချုပ်နှင့်**
**ဝန်ထမ်းများ**

## ဒေါ်ခင်မြတ်သူ အိမ်အမှတ် (၂၅-ခ)၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြား၊ ၈၇ လမ်း၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေသူ၏ မြန်မာ့အလင်းသတင်းစာ၏ ၈-၇-၂၀၁၅ ရက် စာမျက်နှာ ၂၇ ပါ ဒေါ်ရီရီဌေး၊ ဦးမျိုးဇော်ဝင်း (ခ) မိုးထက်မြင့်နှင့် အများသိစေရန် ကြေညာချက်နှင့်ပတ်သက်၍

## ဒေါ်ရီရီဌေးမှ ပြန်လည်ရှင်းလင်းတင်ပြခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ စည်သာဆည်လမ်း၊ ဖောင်းတော၊ ရပ်ကွက်ကြီး ၁၅ နေ ဒေါ်ရီရီဌေး ၉/မကတ(နိုင်)၀၁၇၉၁၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အမှတ်(၂)နယ်မြေ၊ ဖောင်းတော၊ ရပ်ကွက်ကြီး (၁၅)၊ ကွင်းအမှတ် (၆၆၅/က)၊ ဦးပိုင် (N-၄၆)၊ ဦးပိုင် (N-၄၇)၊ ဧရိယာ ၇ ဧကရှိ မြေကွက်များပိုင်ဆိုင်သူ ဒေါ်ခမ်းစံထံမှ ဒေါ်ရီရီဌေးက ၂၀-၁-၂၀၁၁ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် အမှန်တကယ်ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။ ဒေါ်ရီရီဌေးဝယ်ယူစဉ်ကလည်း အထက်ပါမြေကွက်များမှာ ရောင်းချသူ ဒေါ်ခမ်းစံမှ အမှန်တကယ် တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး အပေါင်အနှံ အရှုပ်အရှင်း လုံးဝကင်းရှင်းကြောင်းတာဝန်ယူကြောင်း ဝန်ခံကတိပြုသဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ ကွင်းအမှတ် (၆၆၅/က)၊ ဦးပိုင်အမှတ် (N-၄၆/ခ)+(N-၄၆/ဃ) မြေဧရိယာ ၁ ဒသမ ၃၂ ဧကအား ၂၁-၃-၂၀၁၄ ရက်နှင့် ၁၀-၄-၂၀၁၄ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်များဖြင့် ဒေါ်ခင်မြတ်သူအား ဒေါ်ရီရီဌေးမှ လွှဲပြောင်းရောင်းချခဲ့ပါသည်။

ထိုသို့ရောင်းချစဉ်ကလည်း ရောင်းချသည့်မြေကွက်ကို နယ်နိမိတ်အုတ်တိုင်များ သတ်မှတ်ပေးပြီး ဒေါ်ခင်မြတ်သူသို့ လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ဖော်ပြပါကွင်းအမှတ် (၆၆၅/က)၊ ဦးပိုင်အမှတ် (N-၄၆) မြေကွက်ထဲမှ ၂ ဒသမ ၂၅ ဧကအား ပိုင်ရှင်ဒေါ်ခမ်းစံကို အသိမပေးဘဲ သက်ဆိုင်ရာမြေယာကော်မတီသို့ လူပုဂ္ဂိုလ်တစ်ဦးက မြေယာပုံစံ (၇)ကို ရရှိအောင် ဆောင်ရွက်ပြီး အခြားသူတစ်ဦးထံသို့ ပေါင်နှံထားခြင်းကို လက်ခံသူက ပေါင်နှံသူလူပုဂ္ဂိုလ်သည် အဆိုပါမြေ ၂ ဒသမ ၂၅ဧကကို ပြန်လည်မရွေးနိုင်သဖြင့် ဒေါ်ရီရီဌေးထံမှ ဝယ်ယူထားသော ဒေါ်ခင်မြတ်သူ ကာရံထားသော မြေကွက်ပေါ်၌ ပေါင်နှံခြင်းကို လက်ခံသူက ထပ်မံကာရံထားကြောင်း သိရှိရပါသည်။

ဒေါ်ရီရီဌေးမှ ပိုင်ဆိုင်မှုမရှိဘဲ လက်ညှိုးထိုးပြီး ဒေါ်ခင်မြတ်သူအား ရောင်းချခဲ့ခြင်းမဟုတ်ပါ။ အမှန်တကယ် အထောက်အထားများပေးအပ်ပြီး ရောင်းချသောမြေကွက်ကို လက်ရောက်ပေးအပ်ပြီး ဒေါ်ခင်မြတ်သူကိုယ်တိုင် အုတ်တိုင်ကာရံ လက်ရောက်ရယူထားခြင်းသာဖြစ်ပြီး လိမ်လည်ရောင်းချခြင်းမျိုးမဟုတ်ပါကြောင်းနှင့် ၈-၇-၂၀၁၅ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၇ တွင် ဖော်ပြချက်များ မှန်ကန်ခြင်းမရှိကြောင်းကို ပြန်လည်ရှင်းလင်းအပ်ပါသည်။ အထက်ပါမြေကွက်များမှာ ဒေါ်ရီရီဌေး ပိုင်ဆိုင်သည်ကို သက်ဆိုင်ရာ ရပ်ကွက်ဥက္ကဋ္ဌလည်းသိရှိပြီး လက်ညှိုးထိုးရောင်းချခြင်းမျိုးမဟုတ်ကြောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာ့အလင်းသတင်းစာ၏ ၈-၇-၂၀၁၅ ရက်စွဲပါ စာမျက်နှာ ၂၇ ဒေါ်ခင်မြတ်သူ ကြော်ငြာထားသည့် အကြောင်းအရာများမှာ မှန်ကန်မှုမရှိကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီရီဌေး၏ ဂုဏ်သိက္ခာကို ကျဆင်းစေသည့်အတွက် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ဝန်ချတောင်းပန်ရန်နှင့် အကယ်၍ ဝန်ချတောင်းပန်ခြင်းမရှိပါက တည်ဆဲပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အိအိဖြိုး** | **ဒေါ်အေးသီတာထွန်း** | **ဦးတိုး** |
| **LL.B, D.I.R** | **LL.B, D.B.L** | **(LL.B, Dip in Business Law) C.A.B.L** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၄၂၇၂၈)** | **(စဉ်-၃၂၂၅၇)** | **(စဉ်-၃၅၄၂/၈၆)** |
| | | **အကွက် (ဏ-၁/၄၆)၊ စွယ်တော်လမ်းနှင့် သရဖီလမ်းကြား၊ ၆၄×၆၅ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၀၂၉၀၀၄၊ ၀၉-၅၁၂၇၀၄၈** |

## ဝမ်းနည်းကြေကွဲခြင်း
### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်သန်း
### အသက် (၉၁)နှစ်

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း-ဒေါ်မြင့်မြင့်စိုးတို့၏မိခင်ကြီး ဒေါ်သန်း အသက် (၉၁)နှစ်သည် ၁၁-၇-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နန်းသီလာမြိုင်သီတဂူ-မြိုင်ကြီးငူ အာရောဂျဒါနဆေးရုံမိသားစု**

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ စောဌေးမြင့်ကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း
### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်သန်း (သထုံ)
### အသက် (၉၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ နှင်းဆီမြိုင်လမ်း၊ Rose Park-1 ပင်လုံအိမ်ရာ၊ အမှတ် ၅၄ နေ (ဦးလူဖေ-ဒေါ်အေးမေ)တို့၏သမီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့၏မိခင် ဒေါ်သန်း(သထုံ) အသက် (၉၁)နှစ်သည် ၁၁-၇-၂၀၁၅ ရက် (စနေနေ့) နံနက် ၉း၄၀ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ကျော်စိုး-ဇနီးဒေါ်ခိုင်ဝါလွင် မိသားစု**
**ကြယ်တံခွန်သစ် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**
**အောင်နေဝန်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

## အထူးကျေးဇူးတင်ရှိခြင်း

၁၀-၇-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြသိန်း (ယူနီဗာဆယ်လက်ဖက်ခြောက်၊ မန္တလေး) နာမကျန်းဖြစ်စဉ်တစ်လျှောက်လုံးနှင့် ခန္ဓာချုပ်ငြိမ်းသည်အထိ အထူးဂရုစိုက် တရားဟောကြားချီးမြှင့်ပေးတော်မူသော ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ၊ ဘဏ္ဍာအခွန်ဝန်ကြီးဌာန အကြီးအကဲနှင့်ဇနီး၊ ယာဉ်ထိန်းမန္တလေးအကြီးအကဲနှင့်ဇနီး၊ မီးရထားဌာနအကြီးအကဲများ၊ တစ်လျှောက်လုံးအထူးဂရုစိုက်ပြုစုပေးသော (Myanmar, England, Australia နိုင်ငံများ)မှ ဆရာဝန်ကြီးများ၊ သူနာပြုဆရာမများ၊ နာရေးသို့ နိုင်ငံခြားနှင့် မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ မအားလပ်သည့်ကြားမှ အချိန်ပေး၍ လူကိုယ်တိုင်ကြွရောက်ကြပါသော ဆွေမျိုးညီအစ်ကိုမောင်နှမများ၊ သူငယ်ချင်းများ၊ မိတ်ဆွေများ၊ လွမ်းသူ့ပန်းခွေပန်းခြင်းများ၊ လှူဖွယ်များပေးပို့ခြင်း၊ Golden Key Co.,Ltd, Mega Co.,Ltd., Mikko Co., Ltd., MJr Co.,Ltd., JJ Express၊ ပလောင်သာရေးနာရေးအသင်း၊ ရှမ်းသာရေးနာရေးအသင်း၊ နမ့်ဆန်သာရေးနာရေးအသင်း၊ သီပေါသာရေး နာရေးအသင်း၊ တရုတ်သာရေးနာရေးအသင်းနှင့် နာရေးပြီးဆုံးသည်အထိ အစစအရာရာကူညီဆောင်ရွက်ပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးများ၊ သူငယ်ချင်းများ၊ မိတ်ဆွေများ၊ နိုင်ငံခြားနှင့် အနယ်နယ်အရပ်ရပ်မှ တယ်လီဖုန်း၊ Message ဖြင့် ဝမ်းနည်းကြောင်းသတင်းမေးကြသူများ၊ ချမ်းသာသုခနာရေးကူညီမှုအသင်း (မန္တလေး)အောင်မြေသာစံရပ်ကွက်လူကြီးများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိ ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ မြတ်ပြည့်စုံထရေးဒင်း အမည်ဖြင့် ထုတ်/သွင်းကုန် ID အညိုမူရင်းစာရွက် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ဖုန်း-၀၉-၄၂၀၁၀၆၅၉၃ သို့ ဆက်သွယ်ပါရန်။ ID (No)900236 (၁၁-၂-၂၀၁၅)

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ် (၈၇၁)၊ ဦးပိုင်အမှတ် ၂၂-ခ (ခဲစင်း)၊ ရန်/မန်းလမ်းနှင့် ဦးပွားလမ်းထောင့်ရှိ မောင်ပိုးဖြူအမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးပိုးဖြူ၊ မိခင်ဒေါ်ပု သား ဦးပွား၊ သမီး ဒေါ်အေးခင်၊ သမက် ဦးမြင့်တို့အသီးသီးကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၀၀၉/၂၀၁၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်မမကြီး၊ ဒေါ်တင်ဌေး၊ ဒေါ်ခွေး၊ ဦးကျော်အေးတို့(၄)ဦးအနက် ဒေါ်မမကြီး ပါ(၃)ဦးထံမှ ဦးပိုင် ၂၂-ခ(ခဲစင်း) မြောက်ဘက်ခြမ်းအား မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၄၁၄/၂၀၁၅)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဒေါ်ခွေး ၉/မရတ(နိုင်)၀၇၇၆၀၂ မှ အမှုတွဲအမှတ် ၀၁၃၀/ဘ (ခွဲ/ပြောင်း)၂၀၁၅-၂၀၁၆ ဖြင့် (ဘ/ခွဲ၊ပြောင်း) လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါ်သန်း (သထုံ)
### အသက်(၉၁)နှစ်

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့်ဇနီးဒေါ်မြင့်မြင့်စိုးတို့၏မိခင်ကြီး ဒေါ်သန်း(သထုံ) အသက်(၉၁)နှစ်သည် ၁၁-၇-၂၀၁၅ရက် (စနေနေ့) နံနက် ၉း၄၀ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးထွန်း (ဦးစိုးမြင့်နှင့်သားများ)**
**မောင်ကိုကိုဦး (Mg Oo & Brothers Co.,Ltd.)**
**ဦးခင်မောင်လွင်(မောင်းတောခရိုင်အုပ်ချုပ်ရေးမှူး)**
**ဦးမြတ်သူ (ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်ကြီးတံခွန်မြို့နယ်)**
**ဦးနိုင်ကြီး (ကောင်းသစ်လွင်စားသောက်ဆိုင်၊ ကျိုက်ထီးရိုး)**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သိန်းအုံ
### အသက်(၈၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်တင်-ဒေါ်ခင်နှင်းဖြူတို့၏မိခင် ဒေါ်သိန်းအုံသည် ၅-၇-၂၀၁၅ ရက် (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**-ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**
**-ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
**-ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(အရှေ့ပိုင်းခရိုင်)**
**-ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(အနောက်ပိုင်းခရိုင်)**
**-ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(တောင်ပိုင်းခရိုင်)**
**-ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြောက်ပိုင်းခရိုင်)**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

မွှာနုဓမ္မ မဟာဒွါရနိကာယ ဗဟိုအနုရက္ခိတ ဂဏရက္ခိတ၊

## အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥေယျဓမ္မ

**သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ရွှေကူရပ်ကွက်၊ သပြေပင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဥေယျဓမ္မသည် (၁၃၇၇ ခုနှစ်၊ ပထမ ဝါဆိုလပြည့်ကျော် ၁၁ရက်) ၁၂-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၃း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်)၂၀-၇-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာ ပနသာဓုကီဠနပူဇာသဘင်ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**စျာပနကျင်းပရေးကော်မတီ**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဆရာမကြီး ဒေါ်ခင်ကြွယ်ဦး (၇၁)နှစ်

### မြန်မာစာ ပါမောက္ခ(ငြိမ်း)

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ FMI City အိမ်ရာနေ ဆရာမကြီး ဒေါ်ခင်ကြွယ်ဦးသည် ၁၃-၇-၂၀၁၅(တနင်္လာနေ့) နံနက် ၃း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၁၆)မှ တပည့်များ**

---

### ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း၊ ရေတွင်း၊ ဇရပ် ဒါယကာကြီး

## ဦးဘိုနီ (ပြည်) အသက်(၈၆)နှစ်

### နာယက၊ခေတ္တရာမြို့နယ်အသင်း (ရန်ကုန်)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၃၁လမ်း(အောက်)၊အမှတ်၇၁၊ ပထမထပ်နေ (ဦးဟုတ်ကံ-ဒေါ်ကြင်အိမ်)တို့၏သား ၊(ဦးမောင်သော့-ဒေါ်မြိုင်)တို့၏ သားသမက်၊ (ဦးဘာဘာ-ဒေါ်မြညွန့်)တို့၏ညီမောင်၊(ဒေါ်ခင်ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ဒေါ်သင်းသင်းဦး၊(ဦးအောင်ကျော်ဦး)၊ ဦးထွန်းဇော်၊ ဒေါ်သီဂီ၊ ဦးအောင်ဇော်မိုး(CNT ကုမ္ပဏီ)-ဒေါ်သင်းသင်းမြတ် (ကထိက၊ သချာင်္ဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏ ချစ်လှစွာသောဖခင်၊ မရှင်းသန့်မိုးမြတ် (အထက-၂၊လသာ၊ G-7, A )၊ မလင်းလက်မိုးဦး(အလက-ဆင်တဲ)တို့၏အဘိုး၊ တူ၊တူမ ၂၇ယောက်တို့၏ဦးလေးသည် ၁၄-၇-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၄နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၁၅ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးဦးမောင်ကြီး (စစ်တွေ)

### နာယက ရခိုင်သဟာယအသင်း(ရန်ကုန်)

### University Old Blue

### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်၉၅(မြေညီထပ်)နေ (ဦးအောင်ထွန်းဖြူ-ဒေါ်နှင်းသာဖြူ)တို့၏သား၊ (ဦးမောင်သိန်းအောင်)-ဒေါ်ကြာသိန်းတို့၏အစ်ကိုကြီး၊ ဦးသိန်းဇော်-ဒေါ်တင်မျိုးသက်၊ ဦးအောင်မျိုးဆွေ-ဒေါ်နွယ်နွယ်အောင်၊ ဦးဝင်းဇော်-ဒေါ်သွယ်သွယ်အောင်၊ ဦးရဲဇံမောင်-ဒေါ်နှင်းနှင်းခိုင်၊ ဦးအောင်အောင်-ဒေါ်ခင်မြတ်မြတ်တို့၏ဘကြီး၊ မြေးရှစ်ယောက်တို့၏အဘိုးရှင်သည် ၁၄-၇-၂၀၁၅ရက် (အင်္ဂါနေ့)မွန်းလွဲ ၁၂း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်သန်းဟန်

### အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလလမ်း၊ စ/သုမင်္ဂလာရပ်ကွက်၊ အမှတ် ၁၂နေ (ဦးကျော်ညွန့်-ဒေါ်ဒေါ်လှိုင်)တို့၏သမီး၊ မျက်စိအထူးကုဆရာဝန်ကြီး ( ဒေါက်တာမြဟန်)၏ဇနီး၊ (ဒေါက်တာတင်ဦး- ဒေါ်အေးကြူ)၊ (ဦးကျော်လှိုင်)-ဒေါ်သန်းခင်၊ (ဒေါ်ရင်မြိုင်)တို့၏ညီမ၊ ဦးကျော်တင်၊ ဦးကျော်သောင်း၊ ဒေါ်ချိုချိုကျော်တို့၏အစ်မ၊ ကပ္ပတိန် ဦးဇော်ဝင်း (မြန်မာ့ကြယ်ငါးပွင့်)- ဒေါ်ခိုင်မာဟန်၊ ဦးရန်နိုင်မိုးလွင် (Total E & P Myanmar)- ဒေါ်မိုးသီဟန် (UNDP)တို့၏မိခင်၊ မောင်ဥက္ကာဇော်၊ မရွှေရည်ဇော်ဝင်း၊ မောင်ခန့်ဘုန်းမြတ်တို့၏အဘွားသည် ၁၄-၇-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၃း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

### နတ်တလင်းအသင်း

## ဦးဇော်မင်း အသက်(၈၁)နှစ်

### (အငြိမ်းစားကျောင်းအုပ်ဆရာကြီး) နတ်တလင်းအသင်းနာယကကြီး

### သက်ကြီးပူဇော်ကန်တော့ခံပုဂ္ဂိုလ်

နတ်တလင်းမြို့နေ (ဦးအန့်-ဒေါ်မြရီ)တို့၏သား၊ (ဒေါ်ခင်ညွန့်၊ဒေါ်ခင်ကြည်၊ ဒေါ်ခင်ရီ)တို့၏မောင်၊ (ဦးသန်းမောင်-ဒေါ်တင်စိန်)၊ (ဒုတိယဗိုလ်မှူးကြီးလှမောင်)-ဒေါ်ဥဥခင်၊ (ဦးကျော်သင်း- ဗိုလ်မှူးဒေါ်တင်တင်လှ)တို့၏ညီ၊ဦးမျိုးဝင်း-ဒေါ်အေးနုတို့၏အစ်ကို၊ တူ၊တူမ ၁၉ယောက်တို့၏ဦးလေးသည် ၁၀-၇-၂၀၁၅ရက်(သောကြာနေ့)ညနေ ၄း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးအထူးကုဌာန၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**အမှုဆောင်အဖွဲ့**

---

## ကိုထွန်းဦး (စစ်တွေ)

### အသက်(၅၂)နှစ်

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ရေတွင်းလမ်း၊ အမှတ် ၃၅နေ ဦးကျော်ဝင်း-(ဒေါ်ကြည်ကြည်)တို့၏သား၊ မခင်ဌေး၊ မရီရီ၊ မသန်းသန်းဌေး၊ ကိုမင်းမင်း-မကျင်ဌေးတို့၏ အစ်ကိုကြီး၊ Jackson ၏ ဘကြီးသည် ၁၄-၇-၂၀၁၅ ရက် (အင်္ဂါနေ့) နံနက်၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် (ခုတင်-၅၀၀) ဆေးရုံ (မင်းရဲကျော်စွာလမ်း)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(အမှတ် ၂၉၊ ခုနစ်လွှာ၊ ၁၀၉လမ်းနေ အိမ်မှကားများ နံနက် ၁၀း၄၅နာရီနှင့် ခုတင်-၅၀၀ ဆေးရုံတို့မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဦးနေမင်းထွန်း

### သဘော်သား၊ ဓညဝတီ (၁)

### စက်ရုံလမ်း၊ ဆင်ကူးလမ်းရပ်ကွက်၊ နာရေးကူညီမှုအသင်းဝင်(စစ်တွေ)

### အသက်(၃၆)နှစ်

စစ်တွေမြို့၊ စက်ရုံလမ်း၊ ဆင်ကူးလမ်းရပ်ကွက်နေ ပြည်တွင်းရေကြောင်းသယ်ယူ ပို့ဆောင်ရေးအဖွဲ့ ဓညဝတီ(၁)မှ သဘော်သား ဦးနေမင်းထွန်းသည် ၁၁-၇-၂၀၁၅ရက် နံနက် ၄နာရီတွင် စစ်တွေဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/သားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**နာရေးကူညီမှုအသင်း (စစ်တွေ)**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးတင်မောင်ဝင်း

### အင်ဂျင်နီယာချုပ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

### အသက်(၅၇)နှစ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးတင်မောင်ဝင်းသည် ၈-၇-၂၀၁၅ရက် ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ**
**စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့**

---

## ဒေါ်စောမြင့်(ခ)ဒေါ်ပုံ အသက်(၇၈)နှစ်

### စွန်းလွန်းယောဂီ(၇-မိုင်)

ဦးသန်း(ခ)သခင်သန်း(ကျီးသဲ)-ဒေါ်ကျော့ရင်တို့၏သမီး၊ ဦးကျော်မြ(ပန်းတနော်)-ဒေါ်မော်ကျင်တို့၏ချွေးမ၊ ဒေါ်ခင်စန်းဦး(မွေး/ကု)၊ ဦးကျော်လွင်(ခ)ဖိုးချို-ဒေါ်ကြူကြူခိုင်၊ ဦးတင့်ဝေ(ခ)ဘန်းဇံ -ဒေါ်ဝင်းဝင်းနွယ်၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်နွယ်နီဝင်း(ရေ/သန့်၊ မြို့တော်စည်ပင်)၊ ဦးလင်းဇော်ဝင်း-မသူဇာငြိမ်း(စော်ဘွားကြီးကုန်းပွဲရုံ)၊ ဦးအောင်သူရ-ဒေါ်အိခင်တို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၄-၇-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၈း၃၀ နာရီတွင် အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ ကျောက်စိမ်း(၇)လမ်း၊ ပွဲရုံအမှတ် ၁၁၁၊ အခန်း ၁၀တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၅ ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။(စော်ဘွားကြီးကုန်းဆိုင်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးဝေလွင်

### အသက်(၈၂)နှစ်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ဌာနမှူးဗိုလ်မှူးသန်းလွင်ဦး(ငြိမ်း)-ဒေါ်ချိုဇင်စိုး(အထက-၂၊လသာ)၊ ဒုရဲမှူးမြင့်ဝင်း(ငြိမ်း)-ဒေါ်တင်မာလွင်(မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)တို့၏ဖခင် ဦးဝေလွင် အသက်(၈၂)နှစ်သည် ၁၁-၇-၂၀၁၅ ရက် (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**FARMER PHOYARZAR Co., Ltd.**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မြသိန်း

### အသက်(၈၀)

ရန်ကုန်မြို့နေ ဦးမြတ်ကောင်း-ဒေါ်နွယ်နီအေးတို့၏ မိခင်ကြီး ဒေါ်မြသိန်း အသက်(၈၀)သည် ၁၀-၇-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၀၅း၅၀ နာရီတွင် မန္တလေးမြို့ လမ်း(၈၀)၊ ၂၄ လမ်းနှင့် ၂၅ လမ်းကြားနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သူငယ်ချင်းဒေါ်ခင်ခင်မော် မိသားစုနှင့်**
**ဒေါက်တာနီနီသန်း၊ ဒေါက်တာနှင်းနှင်းသန်း မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း)

### ကြည်း-၁၀၂၀၂ ဗသက(၃၀)

### ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း

### အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ ၂၉ ရပ်ကွက်၊ မြသီတာလမ်း၊ အမှတ် (၁၉၆) နေ ဦးတင်မောင်မောင်ဝင်း၊ ဒေါ်ပန်းနှင်းခက်တို့၏ဖခင် ဗိုလ်မှူးကြီး တင်ဝင်း(ငြိမ်း)သည် ၁၀-၇-၂၀၁၅ရက် (သောကြာနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ် (၃၀)၊ ဗိုလ်လောင်းသင်တန်း၊**
**ကျောင်းဆင်းအရာရှိ၊ ဇနီး၊ မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### မစုမြင့်(ခ)ဒေါ်ချိုချိုမြင့်

### အသက် (၅၀)

မန္တလေးမြို့၊ အမှတ် (၁၁၉)၊ ၇၈ လမ်းနေ ဦးချိန်ရှောက်တီ(ခ) ကိုအားတီ (Jade Flower ကျောက်မျက်ကုမ္ပဏီလီမိတက်)၏ဇနီး မစုမြင့်(ခ) ဒေါ်ချိုချိုမြင့်သည် ၁၁-၇-၂၀၁၅ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုဇော်(ခ)ကိုဇော်လွင်ဦး-ဒေါ်စန္ဒာလင်း၊ ရန်ကုန်**
**Jade Flower ကျောက်မျက်ကုမ္ပဏီလီမိတက်**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄စ/၂၀၅၄ Toyota Corolla CE 121 Saloon (4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းရွှေ ၅/မရန(နိုင်)၂၂၂၁၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)**

---

## ဝမ်းနည်းကြေကွဲခြင်း

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်သန်း (သထုံ)

### အသက် (၉၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ နှင်းဆီမြိုင်လမ်း၊Rose Park-1၊ ပင်လုံအိမ်ရာ၊ အမှတ်၅၄နေ (ဦးလူဖေ-ဒေါ်အေးမေ)တို့၏သမီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့်ဇနီး၊ ဒေါ်မြင့်မြင့်စိုးတို့၏မိခင် ဒေါ်သန်း(သထုံ)သည် ၁၁-၇-၂၀၁၅ ရက် (စနေနေ့) နံနက် ၉း၄၀ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးများ**
**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်စန်း

### အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းရပ်ကွက်နေ ဗိုလ်ကြီးအောင်နိုင်မွန်(ငြိမ်း)-ဒေါ်ခင်မိမိလေးတို့၏ ချစ်လှစွာသော မိခင်ကြီး၊ ဖူးဝေသီ၊ ယွန်းဝေဝေအောင်၊ မောင်စစ်နိုင်(ခ) ဆော်လမွန်တို့၏ ချစ်လှစွာသော ဘွားဘွားကြီး၊ ဦးကျော်နိုင်(ခ)PV ဆော်လမွန် (ကွယ်လွန်)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်စန်း အသက်(၈၃)နှစ်သည် ၇-၇-၂၀၁၅ ရက် (အင်္ဂါနေ့) နံနက် ၅း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သူငယ်ချင်းများ-**
**ဆရာမဒေါ်ခေါန်ဂျာ၊ ဒေါ်Lခေါန်ဘူ၊**
**ဒေါ်N.Hခေါ်ရမ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးဝေလွင်

### အသက် (၈၂)နှစ်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာန၊ ဌာနမှူး ဗိုလ်မှူးသန်းလွင်ဦး(ငြိမ်း)-ဒေါ်ချိုဇင်စိုး (အထက-၂၊ လသာ)၊ ဒုရဲမှူးမြင့်ဝင်း(ငြိမ်း)-ဒေါ်တင်မာလွင် (မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ)တို့၏ဖခင် ဦးဝေလွင်သည် ၁၁-၇-၂၀၁၅ ရက် (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Cairo Tailor & Great Cairo Construction Co.,Ltd.**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း)

### ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)

### အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ ၂၉ရပ်ကွက်၊ မြသီတာလမ်း၊ အမှတ် ၁၉၆နေ ဒေါ်ပိုက်ပိုက်စိန်၏ ချစ်လှစွာသော ခင်ပွန်းဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း)၊ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသည် ၁၀-၇-၂၀၁၅ ရက် ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အရာထမ်း၊ အမှုထမ်း မိသားစုများ**
**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း)

### ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း(ငြိမ်း)

### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ ၂၉ရပ်ကွက်၊ မြသီတာလမ်း၊ အမှတ် ၁၉၆နေ ဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း)၊ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသည် ၁၀-၇-၂၀၁၅ ရက်(သောကြာနေ့)ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်း နည်းကြေကွဲရပါသည်။ ဦးတင်ဝင်း ကောင်းရာသုဂတိလားပါစေ။

**လုပ်ဖော်ကိုင်ဖက်**
**အရာထမ်း၊အမှုထမ်းများ၊ အရာထမ်း(ငြိမ်း)များ**
**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ကြီးသန့်စင်ကြိုင် (ညွှန်ကြားရေးမှူး)

### ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

### အသက်(၅၂)နှစ်

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးသန့်စင်ကြိုင်သည် ၈-၇-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**B.Q Section မှ Engineer တပည့်ဟောင်းများ**
**အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးမောင်ညို(ခ)ဦးအောင်ဝင်း

### အသက်(၅၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ တိုက်(၅၈)ဒုတိယအလွှာနေ ဒေါ်တင်တင်ဝင်း၏ခင်ပွန်း ဦးမောင်ညိုသည် ၁၂-၇-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မင်္ဂလာရွှေမောင်းသံကုမ္ပဏီလိမိတက်**
**ရန်ကုန်၊ မြဝတီ၊ ကော့သောင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်စံသာအေး (B.A, B.Ed, M.Ed)

### အထက်တန်းပြ၊ အထက(၂)စစ်တွေ

### အသက်(၅၉)နှစ်

ဦးအောင်တင်၏ ချစ်လှစွာသောဇနီး၊ တင်ဖြိုးအောင်၏ ချစ်လှစွာသောမိခင်သည် ၁၀-၇-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာကြီး ဆရာ/ဆရာမများနှင့်**
**ကျောင်းသား/သူများ အထက(၂)စစ်တွေမြို့**

# ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းကို ဗဟိုဘဏ်တွင် နေ့စဉ်ပြုလုပ်သည့် နိုင်ငံခြားငွေလေလံများမှတစ်ဆင့် ပွင့်လင်းမြင်သာစွာ သတ်မှတ်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၅**

ဗဟိုဘဏ်မှ နေ့စဉ်သတ်မှတ်သည့် ရည်ညွှန်းငွေလဲလှယ်နှုန်းကို ဗဟိုဘဏ်တွင် နေ့စဉ်ပြုလုပ်သည့် နိုင်ငံခြားငွေလေလံများမှတစ်ဆင့် ပွင့်လင်းမြင်သာစွာ သတ်မှတ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လေလံများဆောင်ရွက်ခြင်း၊ ရည်ညွှန်းငွေလဲလှယ်နှုန်း သတ်မှတ်ခြင်းနှင့် လေလံဈေးကွက်မှ ငွေပေးချေမှုပြုလုပ်ခြင်း စသည့် အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၁၂ ခုနှစ် မတ် ၂၆ ရက်တွင် နိုင်ငံခြားငွေများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းဝယ်ခြင်းဆိုင်ရာ စည်းမျဉ်းများ အမှတ် (၁/၂၀၁၂)ကို ထုတ်ပြန်၍ ယင်းထုတ်ပြန်ချက်အတိုင်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအခြေအနေတွင် နိုင်ငံခြားငွေလဲလှယ်ရာ၌ တရားဝင်နှုန်းနှင့် တရားမဝင်နှုန်းဟူ၍ ***စာမျက်နှာ ၃ ကော်လံ ၁*** ◆

# တောင်ပြို(လက်ဝဲ)စခန်းတွင် ယာယီခိုလှုံခွင့်ပေးထားသော စိစစ်ပြီးဖြစ်သည့် လှေစီးသွားလာသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၆၅ဦးအား ဇူလိုင် ၂၂ရက်တွင် ပြန်လည်လွှဲပြောင်းရန်ညှိနှိုင်းလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၅**

တပ်မတော်(ရေ)က မေ ၂၁ ရက် နှင့် ၂၉ ရက်တို့တွင် မြန်မာရေပိုင်နက်အတွင်း ကယ်ဆယ်ခဲ့သည့် လှေစီးသွားလာသူများကို မူရင်းနေရပ်သို့ ပြန်လည်ပို့ဆောင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဇွန်လအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စုစုပေါင်း ၁၈၇ ဦးကို ပြန်လည်ပို့ဆောင်ခဲ့ပြီးဖြစ်သည်။

တောင်ပြို(လက်ဝဲ)စခန်းတွင်ကျန်ရှိနေသည့် လှေစီးသွားလာသူ ၅၄၄ ဦးအနက် ဘင်္ဂလားဒေ့ရှ်ဘက်မှ စိစစ်ပြီး ပြန်လည်လက်ခံရန် အတည်ပြုပြီးဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စုစုပေါင်း ၁၆၅ ဦးကို ဇူလိုင် ၂၂ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းရန် နှစ်ဖက်ညှိနှိုင်းလျက်ရှိသည်။

မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်သည်နှင့်အညီ လွှဲပြောင်းရန် ကျန်ရှိနေသော လှေစီးသွားလာသူများအပေါ် စိစစ်သည့်လုပ်ငန်းစဉ်အရ မူရင်းနေရပ်သို့ အမြန်ပြန်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

တောင်ပြို(လက်ဝဲ)တွင် ယာယီခိုလှုံခွင့်ပေးထားသူများကို လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျော်သက်နှင့် စောဆန်းအောင်ဦးစီး ကေကေအိုအဖွဲ့ထံမှ လက်နက်ခဲယမ်းများနှင့် မော်တော်ယာဉ်များ ထပ်မံသိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၅

**ကေကေအိုအဖွဲ့မှ ကျော်သက်နှင့် စောဆန်းအောင်ဦးစီးအဖွဲ့များ ခိုအောင်းနေထိုင်မှုမရှိစေရေးအတွက် တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF) တို့က ကော့ကရိတ်မြို့နယ် ကောင်းမူကျေးရွာ၏ အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်ရှိ တောင်ကုန်းများ၌ နယ်မြေရှင်းလင်းလျက်ရှိသည်။**




ထိုသို့ရှင်းလင်းစဉ် ဇူလိုင် ၁၄ ရက်တွင် ပွိုင့်-၁၁၃၉ တောင်ကုန်း တစ်ဝိုက်၌ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ၎င်းအဖွဲ့များ အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားသဖြင့် ပတ်ဝန်းကျင်အား ရှင်းလင်းရာ အာရ်ပီဂျီဗုံးသီးသုံးလုံး၊ ရှေ့ထွက်မိုင်း ၅၄ လုံး၊ လမ်းလျှောက်စကားပြောစက် တစ်လုံးနှင့် မော်တော်ယာဉ် တစ်စီးတို့ သိမ်းဆည်းရမိသည်။

အလားတူ ပွိုင့်-၃၈၂ တောင်ကုန်းနှင့် အနီးတစ်ဝိုက်မှလည်း လက်နက်မျိုးစုံ ခြောက်လက်၊ ဗုံးသီးမျိုးစုံ ၁၃၈ လုံး၊ မိုင်းမျိုးစုံ ၄၉ လုံး၊ လက်ပစ်ဗုံးနှစ်လုံး၊ ကျည်မျိုးစုံ ၃၇၉ တောင့်၊ ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ၊ မော်တော်ယာဉ် ခုနစ်စီးတို့ကို ထပ်မံသိမ်းဆည်းရမိသည်။

ထို့အပြင် တောင်ကလေးရှိ နယ်မြေခံတပ်ရင်းသို့ ၎င်းအဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦးလာရောက်ပြီး ဥပဒေဘောင် ***စာမျက်နှာ ၈ ကော်လံ ၁*** ✻

**ယနေ့ » မာတိကာ**

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း
စာ » ၉

ဘွိုင်လာဥပဒေပြဋ္ဌာန်း
စာ » ၁၅

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း
စာ » ၁၆

မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS

